# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် (၁၄) ရက် ၊ အင်္ဂါနေ့ ၊ (1-10-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၅၄)



ဒို့တာဝန်အရေးသုံးပါး

❖ ပြည်ထောင်စုမပြိုကွဲရေး။

❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။

❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


## နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထား ဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏လူမှုစီးပွားဘဝမြင့်မားရေးဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က လျှပ်စစ်သုံးမော်တော်ယာဉ်အမျိုးမျိုး တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်းပါဝင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ရှစ်ခုကို ခွင့်ပြု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမြထွန်းဦး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၈/၂၀၂၄)ကြိမ်မြောက်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၃၀**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၈/၂၀၂၄)ကြိမ်မြောက်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဆောင်ရွက်ဆဲရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍ၊


**စာမျက်နှာ ၁၉ ကော်လံ ၄**

## တိုင်းဒေသကြီးနှင့် ပြည်နယ် ဒေသအလိုက် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်နိုင်

**နေပြည်တော် စက်တင်ဘာ ၃၀**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အပူပိုင်းတက်တိမ်များဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့်

**စာမျက်နှာ ၂၀ ကော်လံ ၁**




**စိန်ရတုမှာ စိန်ကောင်းတစ်ပွင့် ဖြစ်လာတဲ့ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ရတု အဆက်ဆက်တိုင် အောင်မြင်ပါစေ**

ဆောင်းပါး

စာမျက်နှာ- ၁၈



ရတနာပုံ
၂၀၁၄ ခုနှစ် အောက်တိုဘာ ၁ ရက်
အယ်ဒီတာ့အာဘော်

# သက်ကြီးပုဂ္ဂိုလ်များ ဂုဏ်သိက္ခာရှိစွာရပ်တည်ရေး

သက်ကြီးပုဂ္ဂိုလ်များသည် အသက်အရွယ်အားဖြင့် ကြီးရင့်သူများဖြစ်သောကြောင့် အတွေ့အကြုံများ၊ ဆုံးမမှုများမှာ ငယ်ရွယ်သူတိုင်းအတွက် တန်ဖိုးရှိလှပေသည်။ သက်ကြီး မိဘဘိုးဘွားတို့သည် မိသားစုများနှင့် လူမှုအဖွဲ့အစည်းအပေါ်အကျိုးပြုခဲ့ပြီး လက်ရှိတွင်လည်း အကျိုးရှိနေဆဲ၊ အကျိုးပြုနေဆဲ၊ အသုံးဝင်နေဆဲဖြစ်သည်။

ထိုသို့သော အသက်အရွယ်ကြီးရင့်သူ သက်ကြီးပုဂ္ဂိုလ်များ၏ ဆင်းရဲပင်ပန်းမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုရေးအထီးကျန်ဆန်မှုများကို ဖေးမကူနိုင်ရေးနှင့်ပတ်သက်ပြီး လူ့အဖွဲ့အစည်းကို သိရှိလှုံ့ဆော်ပေးရန်ဟူသောရည်ရွယ်ချက်များဖြင့် အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ အခမ်းအနားကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၌ ၁၉၉၂ ခုနှစ်မှစတင်ကျင်းပလာခဲ့သည်မှာ ယခုနှစ်တွင် ၂၃ နှစ်ရှိပြီဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့အခမ်းအနားကို နိုင်ငံတော်အဆင့်အခမ်းအနားအဖြစ်သတ်မှတ်ကာ ၁၉၉၉ ခုနှစ်ကတည်းက နှစ်စဉ်မပျက်မကွက်ကျင်းပဂုဏ်ပြုခဲ့သည်။ ယခုနှစ် အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ဆောင်ပုဒ်မှာ သက်ကြီးပုဂ္ဂိုလ်များဂုဏ်သိက္ခာရှိစွာရပ်တည်ရေး ကမ္ဘာအနှံ့ဘက်စုံပြုစုစောင့်ရှောက်ပေးဖြစ်သည်။

သက်ကြီးပုဂ္ဂိုလ်များ နိစ္စဓူဝကြုံတွေ့ရသော လူမှုဒုက္ခများနှင့် အကြမ်းဖက်ခံရခြင်းစသည်တို့မှ အကာအကွယ်ပြုနိုင်ရန် ၁၉၉၁ ခုနှစ်တွင် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဆိုင်ရာ အခြေခံမူ ၅ ရပ်ကို ကုလသမဂ္ဂအထွေထွေညီလာခံက ချမှတ်ပေးခဲ့သည်။ ၎င်းတို့မှာ သက်ကြီးပုဂ္ဂိုလ်များအနေဖြင့် အခြေခံလိုအပ်ချက်များပြည့်စုံစေ၍ အမှီအခိုကင်းစွာ မိမိကိုယ်တိုင်ရပ်တည်နိုင်ရေး၊ လူမှုရေးနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး၊ ကြီးသူငယ်သူအပြန်အလှန်ကူညီစောင့်ရှောက်မှုပြုရေး၊ ၎င်းတို့၏စွမ်းရည်နှင့်အခွင့်အလမ်းများကို ၎င်းတို့ကိုယ်တိုင်ဖြည့်ဆည်းနိုင်ရေး၊ ဂုဏ်သိက္ခာရှိရှိဖြင့် လုံခြုံမှုရှိစွာရပ်တည်ခွင့်ရရှိရေးတို့ဖြစ်သည်။ ထို့ပြင် ကျန်းမာရေးနှင့်ပတ်သက်ပြီး ထိခိုက်လွယ်အုပ်စုတွင်ပါဝင်သည့် သက်ကြီးပုဂ္ဂိုလ်များ၏ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကိုလည်း အလေးထားဆောင်ရွက်ပေးသင့်သည်။

မြန်မာနိုင်ငံတွင် သက်ကြီးပုဂ္ဂိုလ်များကို အသိအမှတ်ပြုသည့်အနေဖြင့် စေတနာ့ဝန်ထမ်းဘိုးဘွားရိပ်သာ ၈၅ ခုမှ ဘိုးဘွားများအတွက် ဆန်ဖိုး၊ စားစရိတ်၊ ဝတ်စရိတ်နှင့် ဂေဟာမှူးလစာတို့ကို နိုင်ငံတော်အစိုးရက နှစ်စဉ်ထောက်ပံ့ပေးထားပြီး ၂၀၁၄ ခုနှစ်မှစ၍ အိမ်တိုင်ရာရောက်သက်ကြီးရွယ်အိုစောင့်ရှောက်ရေးစီမံကိန်းကို အာဆီယံနိုင်ငံများနှင့်ရင်ပေါင်တန်း၍ ဆောင်ရွက်နိုင်ခဲ့သည်။

သက်ကြီးပုဂ္ဂိုလ်အခွင့်အရေးနှင့်ပတ်သက်ပြီး အစိုးရအပါအဝင် လူ့အဖွဲ့အစည်းတစ်ခုလုံးက ဆက်လက်ကြိုးပမ်းပြီး အလေးအနက်ထားဆောင်ရွက်သွားဖို့လိုအပ်သကဲ့သို့ သက်ကြီးပုဂ္ဂိုလ်များအနေဖြင့်လည်း "ငါမအိုသေး"ဟူသော အလောင်းစည်သူမင်းကြီး၏ထုံးကို နှလုံးမူ၍ မိသားစု၊ ရပ်ရွာ၊ နိုင်ငံနှင့် လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် တစ်နည်းနည်းဖြင့် အကျိုးပြုနိုင်သူများဖြစ်သည်ကို ဆက်လက်ပြသပေးရန်လိုအပ်ပေသည်။ ထို့ပြင် သက်ကြီးပုဂ္ဂိုလ်များ ဖြတ်သန်းကြုံတွေ့လာခဲ့သည့် ဘဝအတွေ့အကြုံ၊ သင်ခန်းစာကျွမ်းကျင်မှုများသည် အနာဂတ်မျိုးဆက်သစ်များအတွက် တန်ဖိုးမဖြတ်နိုင်သည့် အမွေအနှစ်များဖြစ်သောကြောင့် ၎င်းအတွေ့အကြုံ၊ ကျွမ်းကျင်မှုနှင့်သင်ခန်းစာများကို လက်လှမ်းမီသလောက် လက်ဆင့်ကမ်းမျှဝေပေးနိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများက အခွင့်အလမ်းများဖန်တီးပေးသွားရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ သက်ကြီးပုဂ္ဂိုလ်များသည် လေးစားထိုက်၊ ဂုဏ်ပြုထိုက်သူများဖြစ်သဖြင့် သက်ကြီးပုဂ္ဂိုလ်များ၏ ဘဝအမှန်တကယ်လုံခြုံမှု၊ နွေးထွေးမှုရှိစေရေးနှင့် သက်ကြီးရွယ်အိုများ၏ စွမ်းအားကို နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် ထည့်သွင်းအသုံးပြုသွားနိုင်ရေးအတွက် လူ့အဖွဲ့အစည်းတစ်ခုလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုပါကြောင်း ယနေ့ကျရောက်သော အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ကို ဂုဏ်ပြုရေးသားအပ်ပါသည်။

# မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် နှမ်းနှင့် ပဲဇီးကွက် အရောင်းအဝယ်ကောင်းမွန်လာ



**မန္တလေး စက်တင်ဘာ ၃၀**

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် နှမ်းနှင့် ပဲဇီးကွက် အရောင်းအဝယ်ကောင်းမွန်လာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲ၊ ပြောင်း၊ နှမ်း စသည့်ကုန်စည်များထဲတွင် ယခင်က နှမ်းနှင့် ပဲဇီးကွက်မှာ ပြည်တွင်းဈေးကွက်အတွင်းက ဝယ်ယူမှုနည်းခြင်းကြောင့် အရောင်းအဝယ်အေးနေခဲ့ကြောင်း၊ ယခုလက်ရှိတွင် နှမ်းနှင့် ပဲဇီးကွက်ကို ကုန်သည်များက ဝယ်ယူမှုပြန်လည်များပြားလာပြီး အရောင်းအဝယ်မှာ အကောင်းဆုံးအနေအထားတွင် ရှိနေကြောင်း သိရသည်။

"နှမ်းနဲ့ ပဲဇီးကွက်က အရင်တစ်ပတ်လောက်က မန္တလေးဈေးကွက်ထဲ အရောင်းအဝယ်အေးနေခဲ့တယ်။ အခုလက်ရှိမှာတော့ အရောင်းအဝယ် ပြန်ကောင်းမွန်လာတဲ့အပြင် ပြည်ပကပါ ဝယ်ယူမှုတွေရှိလာပါတယ်။ ဒါ့ပြင် အခြားကုန်စည်တွေလဲ ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်နေပါတယ်" ဟု အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ နှမ်း ဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ နှမ်းညိုသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀၊ နှမ်းနက်(စမုန်) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၅၈၀၀၀၀၊ နှမ်းဖြူသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၉၀၀၀၀၊ ပဲဇီးကွက် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

အလားတူ မန္တလေး ပဲ၊ နှမ်းဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ ကုလားပဲ(V2) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၁၃၀၀၀၊ ကုလားပဲ(V7) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၅၅၀၀၀၊ ကုလားပဲ(TW) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၈၆၀၀၀၊ ကုလားပဲ(929) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၉၅၀၀၀၊ မြေထောက်ပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။

(၁၈၄)

# မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၉၆၇၅ ဧက စိုက်ပျိုးမည်

**မုံရွာ စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၉၆၇၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ဧက ၁၅၉၀၊ ချောင်းဦးမြို့နယ်တွင် ဧက ၁၅၅၀၊ အရာတော်မြို့နယ်တွင် ၄၁၈၅ ဧက၊ ဘုတလင်မြို့နယ်တွင် ဧက ၂၃၅၀ စုစုပေါင်း ၉၆၇၅ ဧကဖြစ်ပြီး ပဲတီစိမ်းစိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မုံရွာခရိုင်အတွင်း ပဲတီစိမ်းဧက ၉၆၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမယ်။ ပဲတီစိမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးလာပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေရှိမယ်။ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်တွင် ပဲတီစိမ်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့အတွက် အသိပညာပေးလုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်း ချိန်လွန်နည်းပညာပေးခြင်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးခူပိဿာချိန် ၇၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးခူ ပိဿာချိန် ၇၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေဝေမြင့်က ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်းက ငါးခူပိဿာချိန် ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ် ၁ ရက်မှ ၃၁ ရက်ထိ ငါးခူပိဿာချိန် ၇၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးခူများ အရောင်းအဝယ်ကောင်းမွန်လာသည့်အတွက် ရေလုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ငါးခူတင်ပို့အားကောင်းတော့ အဓိက အဆင်ပြေနေတာက ရေလုပ်သားတွေပါ။ ပြီးခဲ့တဲ့ တစ်လအတွင်း ငါးခူပိဿာချိန် တော်တော်များများ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိအချိန်က ဒေသမှာ ငါးခူတွေထွက်ရှိနေတဲ့ အချိန်ပါ။ ဒီငါးခူက ပြည်တွင်းမှာကို စားသုံးမှုများတဲ့ငါးဖြစ်ပါတယ်။ မော်လမြိုင်ကျွန်းမြို့နယ်ဘက်က ရေထွက်ကုန်မှန်သမျှကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကိုတင်ပို့တာပါ"ဟု ဒေါ်ဝေဝေမြင့်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ထွက်ရှိသည့် ငါးခူ ၁၀ ပိဿာလျှင် ငွေကျပ် ၁၅၅၀၀၀ မှ ၁၈၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ငါးခူများကို စနစ်တကျထုပ်ပိုးပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

## အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက်နေထိုင်နေသူများနှင့် ရေဘေးသင့်ကျေးရွာ၊ ရပ်ကွက်များရှိ မိမိတို့၏နေအိမ်များတွင် နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အစားအသောက်များ လာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာတွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတုအခြေအနေအရ အလှူရှင်များက ပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များကို ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသော ရောဂါပိုးများ ပေါက်ဖွားရှင်သန်စေမှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့်အခြေအနေများသို့ ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါအစားအသောက်များကို စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းစသည့် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်နေမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကိုထိခိုက်စေကြောင်း တွေ့ရှိရသည်။

၃။ သို့ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များ လာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသော အစားအစာများဖြင့် လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင် နေထိုင်သူများအား ပူပူနွေးနွေးချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သော အသား၊ ငါး စသည်တို့ကို ပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေး ဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့်ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၈၄လမ်း၊ ၄၂ - ၄၅ လမ်းကြားနေ ဦးသကြိန်ကျော်-ဒေါ်စုဝတ်ရည် သား မောင်သုတ၊ သမီး မဆုသံစဉ် မိသားစုက ကျောက်ကပ်ဆေးနေသော သံဃာ၊ သီလရှင်များအတွက် ငွေကျပ် ၁၀၅၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုဓမ္မဇောတိကဓဇ ဦးစိုးလင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးခင်မောင်နှင့် ဆေးရုံအုပ် ဒေါက်တာ ဦးတင်ဝင်းတို့က လက်ခံရယူစဉ်။

## ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၂၀၈၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကလေး စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၂၀၈၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကလေးခရိုင်တွင် နှမ်း ၄၇၀၃၃ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၂၀၈၈ ဧက စိုက်ပျိုး ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးခရိုင်မှာ နှမ်း ၄၇၀၃၃ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၄၂၀၈၈ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားချက်ဧက ပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAPနည်းနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ယခုနှစ် ကလေးခရိုင်တွင် မြို့နယ်အလိုက် နှမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကလေးမြို့နယ်တွင် ၂၂၁၆၄ ဧက၊ ကလေးဝမြို့နယ်တွင် ၉၀၅ ဧက၊ မင်းကင်းမြို့နယ်တွင် ၁၉၀၁၉ ဧက စုစုပေါင်း ၄၂၀၈၈ ဧကတို့ဖြစ်ကြောင်း၊ နှမ်းစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ၂၄၇၇၉ ဧက၊ ကလေးဝမြို့နယ်တွင် ၉၉၇ ဧက၊ မင်းကင်းမြို့နယ်တွင် ၂၁၂၅၇ ဧက စုစုပေါင်း ၄၇၀၃၃ ဧက တို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ကလေးခရိုင်တွင် နှမ်းစိုက်ပျိုး တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြ၍ သိရသည်။ (၂၀၆)

## ရှာင်မြို့နယ် မြစ်ဆုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**ရှာင် စက်တင်ဘာ ၃၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွန်းကြီးကျေးရွာအုပ်စု မြစ်ဆုံကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရှာင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းမြတ်ထိုက်က မြစ်ဆုံကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

မြစ်ဆုံကျေးရွာရှိ စိုက်ပျိုးရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၄ ဦးကို ရန်ပုံငွေကျပ် ၆၃ ဒသမ ၆၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

## ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးခြောက်အစုံ ပိဿာချိန် ၈၁၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ စက်တင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးခြောက်အစုံ ပိဿာချိန် ၈၁၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဌေးက ပြောပြသည်။

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်ကို ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ငါးခြောက်အစုံပိဿာချိန် ၆၀၀၀၀ ထိသာ ရောင်းချနိုင်ခဲ့ပြီး ဩဂုတ် ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ငါးခြောက်အစုံပိဿာချိန် ၈၁၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ငါးခြောက်များသည် ငါးကွမ်းရှပ် (ငါးညို)ခြောက်၊ ငါးလိပ်ခြောက်၊ ပင်လယ်ငါးပြေမခြောက်၊ ငါးဖောင်ရိုးခြောက်၊ အာပုံ့ခြောက် စသည့် ငါးခြောက်အမျိုးအစားများကို အများဆုံး တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ဒေသကထွက်တဲ့ ငါးခြောက်အစုံကို စနစ်တကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ဩဂုတ်လအတွင်းငါးခြောက် အစုံ ပိဿာချိန် ၈၁၀၀၀ ထိ ရောင်းချခဲ့ရပါတယ်။ ဒေသထွက် ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေလို့တင်ပို့မှု များပြားခဲ့တာဖြစ်ပါတယ်။ ငါးခြောက်ဈေးကတော့ ပုံမှန်အခြေအနေမှာပဲရှိပါတယ်။ လက်ရှိ ငါးခြောက်တွေကို ပြည်တွင်းဈေးကွက်မှာကို အရောင်းအဝယ်ကောင်းမွန်နေပါတယ်။ အခုလို အရောင်းအဝယ်ကောင်းလာတော့ ငါးခြောက်လုပ်ငန်းနဲ့ ဆက်စပ်သူတွေအတွက် အလုပ်အကိုင်ရရှိနေပါတယ်''ဟု ဖျာပုံမြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဌေးက ပြောပြသည်။

အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ငါးခြောက် တစ်ပိဿာဈေးနှုန်းသည် ငါးဖောင်ရိုးခြောက်တစ်ပိဿာလျှင်ငွေကျပ် ၂၇၅၀၀၊ ငါးကွမ်းရှပ်(ငါးညို) တစ်ပိဿာလျှင်ငွေကျပ် ၅၅၀၀၀၊ ပင်လယ်ငါးပြေမငါးခြောက်တစ်ပိဿာလျှင်ငွေကျပ် ၅၅၀၀၀၊ ငါးလိပ်ငါးခြောက် တစ်ပိဿာလျှင် ၄၅၀၀၀၊ အာပုံ့ခြောက် တစ်ပိဿာလျှင်ငွေကျပ် ၂၈၅၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**



# မြေဆီလွှာနှင့် မြေဩဇာ ( အပိုင်း-၆ )

**ပါမောက္ခကိုကိုအောင်**



မြေဆီလွှာဖြစ်ထွန်းပေါ်ပေါက်လာစေရန်အတွက် ခွဲခြင်း၊ ကြိတ်ခြေခြင်း၊ ရောစပ်ခြင်းစသည့် အင်အားစုများက အဓိကအရေးကြီးသည် မှန်သော်လည်း ထိုကဲ့သို့သော ရုပ်ပြောင်းလဲမှုသာမကဘဲ အပင်စာများအနေဖြင့် အပင်များကအစာအဖြစ် အသုံးမပြုမီ အချိန်ကြာတင်စောကာ မြေဆီအတွင်းရှိ ရေထဲ၌ ပျော်ဝင်နေရန်လည်း လိုအပ်သည်။ ဤသည်မှာကား ရေနှင့် အောက်ဆီဂျင်တို့ကြောင့် ဖြစ်ပေါ်လာသော ဓာတ်ပြောင်းလဲမှုပင်ဖြစ်သည်။ အဆိုပါ ဓာတ်ပြောင်းလဲမှုများထဲတွင် တွင်းထွက်ပစ္စည်းများနှင့် နောက်ထပ်တိုးလာသော အော်ဂဲနစ်ဒြပ်ပစ္စည်းများ၏ ရုပ်ထွေးလှသော ကြေမွရောနှောသွားမှုများသာမကဘဲ အပင်အတွက် အစာများဖြစ်ပေါ်လာခြင်းနှင့် ဇတ်တီးရီးယားများကို အထူးထကြွစေသော ဓာတ်ပြောင်းလဲမှုများလည်း ပါဝင်နေကြသည်။

လေထဲရှိ အောက်ဆီဂျင်သည် သံ သို့တည်းမဟုတ် သံမဏိနှင့် ပေါင်းစပ်သွားလျှင် သံချေးဟုခေါ်တွင်သော ဒြပ်ပေါင်းတစ်ခုဖြစ်လာသည်။ ထိုနည်းတူစွာပင် မြေဆီလွှာ၌ရှိသော သံနှင့် အခြားပစ္စည်းများကလည်း အောက်ဆီဂျင်နှင့် ပေါင်းစပ်သွားကြသည်။ ၎င်းတို့၏ ပေါင်းစပ်ပုံက အလွန်တရာနှေးကွေးလှသော်လည်း မြေဆီလွှာသည် လေနှင့် ကာလကြာရှည်စွာ တစ်ဆက်တစ်စပ်တည်း ထိတွေ့နေခဲ့သောကြောင့် များစွာပြောင်းလဲသွားရသည်။

မြေဆီလွှာဖြစ်ပေါ်လာအောင် အောက်ဆီဂျင်ကဲ့သို့ပင် ဆောင်ရွက်ပေးနေသော အခြားဓာတ်ငွေ့တစ်မျိုးမှာအောက်ဆီဂျင်နှင့်ကာဗွန် ပေါင်းစပ်ဖြစ်ပေါ်လာသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ဖြစ်သည်။ ၎င်းဓာတ်ငွေ့က အောက်ဆီဂျင်၏ လုပ်ငန်းဆောင်တာများကို ကူညီဆောင်ရွက်ပေးခြင်းအားဖြင့် ကာဗွန်နိတ်ဟုခေါ်သော ဒြပ်ပေါင်းများကို ဖြစ်ပေါ်လာစေသည်။ လူသိများလှသည့် ကာဗွန်နိတ်တစ်မျိုးမှာ ထုံးကျောက်ပင်ဖြစ်သည်။

အောက်ဆီဂျင်နှင့် ကာဗွန်ဒိုင်အောက်ဆိုက်တို့၏ ဆောင်ရွက်မှုများကြောင့် ကျောက်များက တဖြည်းဖြည်း ကြေမွလာကြသည်။ ရုပ်ပြောင်းလဲမှုကိုဖြစ်ပေါ်စေသော အင်အားစုများကြောင့် ကျောက်များက အမှုန့်ဖြစ်သွားသောအခါ ဓာတ်ပြောင်းလဲမှု ဖြစ်ပေါ်လာရန်အတွက် ကျယ်ပြန့်စွာ နေရာရရှိလာသည်။ ထိုအခါ အဆိုပါဓာတ်ပြောင်းလဲမှုကြောင့် ကျောက်မှုန့်များက ပျော့ပျောင်းလာပြီးနောက် မူလအရောင်အဆင်းများက မှေးမှိန်ပျောက်ကွယ်သွားကာ အနီရောင်နှင့် အဝါရောင်များဖြစ်လာသည်။ ထိုအခါ ကျောက်များက ပို၍ညက်သော အမှုန့်များအဖြစ်သို့ မွသွားပြီးလျှင် မြေဆီလွှာအဖြစ်သို့ လျင်မြန်စွာ ပြောင်းလဲသွားတော့သည်။

ကမ္ဘာပေါ်၌ အောက်ဆီဂျင်သာ မရှိခဲ့လျှင် မြေဆီလွှာလည်း ဖြစ်ပေါ်လာနိုင်ဖွယ်မရှိပေ။ အောက်ဆီဂျင်သည် အခြားနည်းလမ်းတစ်သွယ်ဖြင့်လည်း ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ အပင်က စားသုံးရန်လိုအပ်သော အပင်စာများကို အရည်ပျော်ပြီး ရေတွင်ပျော်ဝင်နိုင်အောင် အောက်ဆီဂျင်က ကူညီလုပ်ဆောင်ပေးနေခြင်းဖြစ်၍ အကယ်၍ အောက်ဆီဂျင်သာမရှိခဲ့လျှင် အပင်စာများက ပျော်ဝင်နိုင်ကြလိမ့်မည်မဟုတ်သလို၊ အဆင့်အတန်းမြင့်သော အပင်များကလည်း ထိုအပင်စာများကို စုပ်ယူစားသုံးနိုင်ကြလိမ့်မည် မဟုတ်ပေ။ ဤနည်းအားဖြင့် အောက်ဆီဂျင်သည် မြေဆီလွှာ၌ မြေဩဇာ ထက်သန်ကောင်းမွန်အောင် ထာဝရဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိနေပေသည်။

ကမ္ဘာမြေပြင်ပေါ်၌ ဖြစ်တည်နေကြသော မြစ်၊ ချောင်းနှင့် ရေတံခွန်များအတွင်းရှိ ရေတို့ကလည်း မြေဆီလွှာဖြစ်ထွန်းလာအောင် နည်းအမျိုးမျိုးဖြင့် ကူညီပံ့ပိုးလျက်ရှိနေကြသည်။ ရေသည် တစ်နေရာမှ အခြားတစ်နေရာသို့ စီးဆင်းသွားသည့်အခါ ကျောက်များကို တိုက်စားသယ်ဆောင် ယူငင်သွားပြီး တစ်နေရာရာ၌ သွားရောက်စုပုံပေးကြသည်။ အခြားတစ်ဖက်တွင်လည်း ရေခဲပြင်နှင့် ရေခဲမြစ်များရှိ ရေခဲများက ကျောက်များကို ကြိတ်ခြေပေးသည့်အပြင် ခဲသွားသည့်အခါ ပတ်ဝန်းကျင်ရှိပစ္စည်းများကို ကြေမွသွားစေသည်။ သို့ရာတွင် ဖော်ပြပါ ရုပ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများထက် ဓာတ်ပြောင်းလဲမှုများက မြေဆီလွှာဖြစ်ထွန်းလာရေးအတွက် ပို၍အရေးပါအရာရောက်သည်။

ရေသည် လေနှင့် ကာဗွန်ဒိုင်အောက်ဆိုက်တို့ကို ကျောက်များနှင့် မြေဆီလွှာအတွင်းသို့ သယ်ယူပို့ဆောင်ပေးခြင်းအားဖြင့် ထိုဓာတ်ငွေ့များ၏ ဆောင်ရွက်ချက်များကို ပို၍တွင်ကျယ်လာစေသည်။ ကျောက်များက ရေကိုစုပ်ယူလိုက်သည့်အခါ ရေက ကျောက်သားအတွင်းရှိ တွင်းထွက်ပစ္စည်းများနှင့် ဓာတ်သဘာဝအရ ပေါင်းစပ်သွားသည့်အတွက် ကျောက်များက ပွလာတော့သည်။ ရေ၏ စွမ်းဆောင်ရည်များအနက် ဓာတ်ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသောပစ္စည်းများကို ပျော်ဝင်သွားစေခြင်းက အရေးအပါဆုံးအချက်ပင်ဖြစ်သည်။

ကျောက်များကကြေမွ၍ ဖြစ်ပေါ်လာသော ဓာတ်ပြောင်းလဲမှုကြောင့် ရှုပ်ထွေးများပြားလာသော ပစ္စည်းများကပြိုကွဲကာ သာမန်ဒြပ်ပေါင်းများဖြစ်လာကြသည်။ ၎င်းဒြပ်ပေါင်းများက ရေတွင်ပျော်ဝင်သွားမှသာလျှင် အပင်များက စုပ်ယူစားသုံးနိုင်မည်ဖြစ်သည်။ ထိုကဲ့သို့ အရည်ပျော်သွားအောင် ပြုလုပ်ပေးရာတွင် အော်ဂဲနစ်ဒြပ်များ ပြိုကွဲပျက်စီးသွားရာမှ ထွက်ပေါ်လာသော ကာဗွန်ဒိုင်အောက်ဆိုက်နှင့် မိုး၊ ဆီးနှင်းများနှင့်အတူ မြေဆီလွှာအတွင်းသို့ ရောက်ရှိလာသော ကာဗွန်ဒိုင်အောက်ဆိုက်တို့က များစွာကူညီပေးကြသည်။ ၎င်းတို့က မြေဆီလွှာမှရေကို အနည်းငယ် အချဉ်ပေါက်စေခြင်းဖြင့် အရည်ပျော်ဝင်နိုင်သည့်အစွမ်းသတ္တိကို ကြီးမားလာစေသည်။ ဤသို့အားဖြင့် ကျောက်များကြေမွသွားခြင်းကြောင့် ပျော်ဝင်ရည်ဟူ၍ ပေါ်ပေါက်လာရသည်။

အကယ်၍သာ ရုပ်သဘာဝနှင့် ဓာတ်သဘာဝဆိုင်ရာအင်အားစုတို့က အရည်ပျော်နိုင်သော ပစ္စည်းများကိုထုတ်လုပ်ခြင်းမပြုနိုင်ခဲ့လျှင် အပင်များအတွက် အစာကိုလည်း ရရှိနိုင်လိမ့်မည် မဟုတ်ပေ။ ရေတွင်ပျော်ဝင်နေသည့် အစာ၏ပမာဏမှာ နည်းပါးသောကြောင့် အစဉ်သဖြင့် ဖြည့်စွက်ပေးရန် လိုအပ်သည့်အပြင် ထိုပျော်ဝင်ရည်ကလည်း မြေဆီလွှာထဲ၌ အစဉ်ရှိနေရန် လိုအပ်သည်။ တစ်နည်းဆိုရသော် မြေဆီလွှာထဲ၌ မြေဩဇာထက်သန် ကောင်းမွန်နေရန်အတွက် ဓာတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုက အစဉ်ရှိနေရန် လိုအပ်ပေသည်။

မြေဆီလွှာဖြစ်ပေါ်လာစေရန် ဆောင်ရွက်ပေးကြသော ရုပ်သဘာဝနှင့် ဓာတ်သဘာဝဆိုင်ရာ အင်အားစုတို့က တစ်ကွဲတစ်ပြားစီ သို့တည်းမဟုတ် တစ်လှည့်စီ သက်ရောက်လျက်ရှိနေကြခြင်း မဟုတ်ပေ။ များသောအားဖြင့် ထိုသဘာဝအင်အားစု နှစ်ရပ်စလုံးက စုပေါင်းသက်ရောက်လျက်ရှိနေတတ်ကြပြီး အင်အားစုအချင်းချင်းကလည်း အပြန်အလှန်အထောက်အပံ့ပြုလျက်ရှိနေကြသည်။ ယုတ်စွအဆုံး မြေဆီလွှာဖြစ်ပေါ်လာပြီးသည့် နောက်ပိုင်းတွင်လည်း အဆိုပါအင်အားစုတို့၏လုပ်ငန်းက ပြီးဆုံးခြင်း မရှိကြသေးပေ။ မြေဆီလွှာအတွင်းရှိ မြေဩဇာများ ယိုယွင်းပျက်စီးသွားခြင်း မရှိရလေအောင် ထိန်းသိမ်းပြုပြင်ပေးကြရပြန်သည်။

ရုပ်ပြောင်းလဲမှုနှင့်ဆိုင်သော အင်အားစုတို့က မြေဆီလွှာကို မှုန့်မှုန့်ညက်ညက် ကြေသွားအောင် ကြိတ်ခြေပေးကြရသည်။ စွတ်စိုခြင်း၊ ခြောက်သွေ့ခြင်း၊ ရေခဲခြင်း၊ အရည်ပျော်ခြင်း၊ လေတိုက်ခြင်း၊ ရေစီးဆင်းခြင်း၊ မြေအောင်းသတ္တဝါနှင့် မြေတူးသတ္တဝါတို့က မြေကိုဖောက်ထွင်းတူးဆွခြင်း စသည်တို့က အပင်၏အမြစ်များ ဆန့်ထွက်ရှည်လျားလာအောင် ဖန်တီးပေးကြသည်။ အောက်ဆီဂျင်၊ ကာဗွန်ဒိုင်အောက်ဆိုက်နှင့် ရေတို့က အမှုန့်ဖြစ်နေသော ပစ္စည်းများကို အရည်ပျော်ဝင်သွားစေပြီး အပင်ကြီးထွားမှုအတွက် လိုအပ်သည့် အစာများကို ထောက်ပံ့ပေးကြသည်။

သို့ဖြစ်ရာ စိုက်ပျိုးတောင်သူများနှင့် စိုက်ပျိုးရေးလုပ်သားများက သဘာဝအခြေအနေနှင့် သဘာဝအင်အားစုများကို မှီခိုအားထားနေကြရသည့်အလျောက် အဆိုပါအင်အားစုများနှင့်တကွ မြေဆီလွှာအတွင်း၌ မြေဩဇာထက်သန်ကောင်းမွန်အောင် ပြုပြင်ဆောင်ရွက်ပေးနေကြသည့် မြေနှင့်ဆိုင်သော သတ္တဝါအမျိုးမျိုးတို့ ကောင်းမွန်စွာ အလုပ်လုပ်ဆောင်နိုင်ကြစေရန်အလို့ငှာ စိုက်ပျိုးမည့်မြေကို ထယ်ထိုးခြင်း၊ ထွန်ယက်ခြင်း၊ ရေပိုများ ထုတ်ပစ်ခြင်း၊ အော်ဂဲနစ်ဒြပ်များနှင့်ထုံးများကို ဖြည့်စွက်ပေးခြင်း စသည်တို့ကို လုပ်ဆောင်ပေးကြရမည်ဖြစ်ပေသည်။

# ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၆၅၁၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

ခင်ဦး စက်တင်ဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၆၅၁၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် ပဲတီစိမ်း ၆၅၁၅ ဧက စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ ပဲတီစိမ်း ဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာပါ။ ပဲတီစိမ်း စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုတိုးတက်လာပါတယ်။ ပဲတီစိမ်းတွေ တိုးချဲ့စိုက်ပျိုးဖို့နဲ့ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးထားတာတွေ ရှိပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ယခုနှစ် ခင်ဦးမြို့နယ်တွင် ပဲတီစိမ်း စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်း စသည့်လုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၇၄၂ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ဟင်းသီးဟင်းရွက်စိုက်ခင်းကို တွေ့ရစဉ်။

**ပွင့်ဖြူ စက်တင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၇၄၂ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ဒေသတွင်း စားနပ်ရိက္ခာဖူလုံပိုလျှံစေရန်နှင့်တောင်သူများ သီးနှံဝင်ငွေ တိုးပွားစေရန်အတွက် ခရမ်းချဉ်၊ ခရမ်းသီး၊ ပန်းမုန်လာ၊ ဂေါ်ဖီထုပ်၊ မုန်ညင်း၊ ကိုက်လန်၊ ကန်စွန်း၊ ချဉ်ပေါင်၊ ကြက်ဟင်းခါး၊ ဘူး၊ ဖရုံ၊ သခွား၊ မုံလာဥနီ၊ ရုံးပတီ စသည့် ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၇၄၂ ဧကကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"အခု ဆောင်းသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာဟင်းသီးဟင်းရွက်သီးနှံစုံ ၁၇၄၂ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဟင်းသီးဟင်းရွက်သီးနှံ သတ်မှတ်စိုက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် အထွက်နှုန်းကောင်းပြီး ဒေသနဲ့ကိုက်ညီတဲ့သီးနှံမျိုးစေ့တွေကို စိုက်ပျိုးနိုင်ဖို့၊ GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်ဖို့နဲ့ ပိုးမွှားကျရောက်မှုတွေ မဖြစ်အောင် လိုအပ်တဲ့ စိုက်ပျိုးရေး အသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် တောင်သူများ သီးနှံအဆင်ပြေစွာ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်ရေးနှင့် သတ်မှတ်လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သက်ဆိုင်ရာဆက်စပ်ဌာနများနှင့် ပူးပေါင်းကာ သီးနှံမျိုးစုံ စိုက်ပျိုးရေးဆိုင်ရာ တောင်သူပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း၊ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ မျိုးကောင်းမျိုးသန့်မျိုးစေ့များရရှိအောင်ဆောင်ရွက်ပေးခြင်း အပြင် စိုက်ပျိုးရေးအလုံအလောက်ရရှိအောင် ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ဆက်လက်ပြောပြ၍ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

## မင်းဝံတောင်

\- အဖြူအဖြူ ပန်းအဖြူတည့်
ကြူသင်းပျံ့ဆွတ် ထုံရည်ဝတ်လျှင်
ညွတ်လေမည်သို့ နေခြည်ပျို့သော်
တောင်သို့ဦးခိုက်ကြတကား။

\- အဆူအဆူ ပုထိုးဂူတည့်
နတ်လူကောင်းမှု ခေါ်သာစုနှင့်
ရှုချင့်ဖွယ်ဆောင် ဤတောတောင်ဝယ်
မောင်တို့ ဖူးလိုက်ရတကား။

\- အတူအတူ မခွဲတူတည့်
တေးကြူဖွဲ့ကာ ငှက်ကြိုးကြာနှင့်
ဟသ်ာသောင်တင်း ရွှေပိန်ညင်းတို့
ချစ်တင်းဆိုယောင် နိမိတ်ဆောင်သည်
မောင်တို့ နှစ်ခြိုက်စွတကား။

\- မြစ်မင်းဧရာ ခွေရစ်ကာလျှင်
ရေပြာဆွတ်ဆွတ် လှိုင်းကြက်ခွပ်ဖြင့်
ဦးညွတ်ကော်ရော် သည်တောင်တော်သို့
ပေါင်းဖော်စုံလျက် တန်ဆောင်ရက်၌
တက်ခဲ့ရသည် မမေ့ပြီတည့်
တို့သည်တစ်ခေါက် ပြန်လည်ရောက်ဖို့
တွေးထောက်မျှော်မှန်း
တတမ်းဆဲတွင် လွမ်းရိပ်ထင်သည်
ရင်မှာ ဖိုလှိုက်စွတကား။ ။

မြင်းမူမောင်နိုင်မိုး

## ကွန်ဟိန်းမြို့နယ် ပန်လျန်းကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ကွန်ဟိန်း စက်တင်ဘာ ၃၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေများ ရာသီမရွေး ဖူလုံစွာရရှိစေရန်ရည်ရွယ်၍ မြို့မကျေးရွာအုပ်စု ပန်လျန်းကျေးရွာ၌ ကျေးလက်ရေ ရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကွန်ဟိန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ပန်လျန်းကျေးရွာ၌ ကျေးလက် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ပန်လျန်းကျေးရွာ၌ ရေထွက်ပင်ရင်းမှ ကျေးရွာအရောက် အရှည် ၂ မိုင် ၄ ဖာလုံ ရှိ ရေပိုက်သွယ်တန်းခြင်း လုပ်ငန်းကို ယခုဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၁ ဒသမ ၅၄၄ သန်းဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာ ဝန်ထမ်းများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်းပြီး ယခုနှစ် ဇွန်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ချိုသန်းညွန့်

## နိုင်ငံတကာ သတင်းများ

# ရုရှားဝန်ကြီးချုပ် မစ်ခေးလ်မီရှူစတင် ယူရေးရှားစီးပွားရေးဖိုရမ် တက်ရောက်မည်

**မော်စကို စက်တင်ဘာ ၃၀**

ရုရှားဝန်ကြီးချုပ် မစ်ခေးလ်မီရှူစတင်သည် ယူရေးရှားဒေသစီးပွားရေးဖိုရမ်အစည်းအဝေးများ တက်ရောက်ရန်အတွက် အောက်တိုဘာ ၁ ရက်တွင် အာမေးနီးယားနိုင်ငံသို့သွားရောက်မည်ဖြစ်သည်။

ရုရှားဝန်ကြီးချုပ် မီရှူစတင်အနေဖြင့် ယူရေးရှားစီးပွားရေးဖိုရမ်အတွက် အာမေးနီးယားသို့ မသွားရောက်မီ ယနေ့တွင် အီရန်နိုင်ငံသို့ဦးစွာဝင်ရောက်ရန် စီစဉ်ထားကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အီရန်ခရီးစဉ်အတွင်း ရုရှားဝန်ကြီးချုပ်သည် အီရန်သမ္မတ ပါဇက်ရှ်ကီရမ်နှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း သိရသည်။

ယူရေးရှား စီးပွားရေးဖိုရမ်အစည်းအဝေး တက်ရောက်စဉ် ရုရှားဝန်ကြီးချုပ်အနေဖြင့် ယူရေးရှား စီးပွားရေးဖိုရမ်အဖွဲ့ဝင်နိုင်ငံများကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စကို အဓိကထား ဆွေးနွေးမည်ဖြစ်သည်။

ယူရေးရှား စီးပွားရေးဖိုရမ်သည် ဆိုဗီယက်ပြည်ထောင်စုဝင်နိုင်ငံများဖြစ်ကြသော အာမေးနီးယား၊ ဘီလာရုစ်၊ ကာဇက်စတန်၊ ကာဂျစ်စတန်၊ ရုရှားနိုင်ငံတို့ ဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်သည်။

ယူရေးရှားစီးပွားရေးဖိုရမ်သည် အနောက်အုပ်စု အဖွဲ့အစည်းများကို ဟန်ချက်ထိန်းပေးထားသော ဒေသတွင်း အဖွဲ့အစည်းအဖြစ် ရုရှားနိုင်ငံက ရှုမြင်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO



# ဂျပန်လွှတ်တော်ရွေးကောက်ပွဲများကို အောက်တိုဘာ ၂၇ ရက်တွင် ကျင်းပရန်စီစဉ်

**တိုကျို စက်တင်ဘာ ၃၀**

ဂျပန်ဝန်ကြီးချုပ်ရာထူး ရယူရတော့မည့် ကာကွယ်ရေးဝန်ကြီး အီရှီဘာသည်ဂျပန်လွှတ်တော်ရွေးကောက်ပွဲများကို သတ်မှတ်ချိန်ထက်စော၍အောက်တိုဘာ ၂၇ရက်တွင် ကျင်းပရန်စီစဉ်ထားသည်။

မိမိအနေဖြင့် အထွေထွေလွှတ်တော် ရွေးကောက်ပွဲများကို သတ်မှတ်ကာလထက် တစ်နှစ်စော၍ ယခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း အီရှီဘာကတိုကျိုမြို့ရှိ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီဌာနချုပ်၌ ယနေ့တွင်ကျင်းပခဲ့သော သတင်းစာရှင်းလင်းပွဲတွင် အီရှီဘာက အတည်ပြုကြေညာခဲ့သည်။

အသက် ၆၇ နှစ်ရှိ အီရှီဘာသည် စက်တင်ဘာ ၂၇ ရက်တွင် ကျင်းပခဲ့သော လစ်ဘရယ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင် ရွေးချယ်ပွဲ၌ အနိုင်ရခဲ့ပြီးနောက် အထွေထွေရွေးကောက်ပွဲကျင်းပမည့် အစီအစဉ်ကိုကြေညာခဲ့ခြင်းဖြစ်သည်။

လက်ရှိ ဂျပန်လွှတ်တော် အမတ်များသည် အောက်တိုဘာ ၁ ရက်တွင် လွှတ်တော်အစည်းအဝေး ကျင်းပ၍ ကာကွယ်ရေးဝန်ကြီးဟောင်း အီရှီဘာကို ဂျပန်ဝန်ကြီးချုပ်သစ်အဖြစ် တရားဝင်မဲခွဲအတည်ပြုမည်ဖြစ်သည်။

လစ်ဘရယ် ဒီမိုကရက်တစ်ပါတီခေါင်းဆောင်ရွေးချယ်ပွဲတွင် အီရှီဘာသည် ဂျပန်လွှတ်တော်အမတ် ၂၁၅ ဦး၏ထောက်ခံမဲဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

အီရှီဘာအနေဖြင့် ဝန်ကြီးချုပ်ရာထူး တရားဝင်ရယူပြီးချိန်တွင် အစိုးရအဖွဲ့လူစာရင်းကို ကြေညာဖွယ်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# နိုင်ငံခြားသားဦးရေ ၂၀ အပါအဝင် အကျဉ်းသား ၃၈၀၀ နီးပါး ဗီယက်နမ်အစိုးရ လွတ်ငြိမ်းချမ်းသာခွင့်ပေးမည်



**ဟနွိုင်း စက်တင်ဘာ ၃၀**

ဗီယက်နမ်နိုင်ငံသည် ပြစ်ဒဏ်ကျခံရဆဲအကျဉ်းသား ၃၈၀၀နီးပါးကို ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပေးမည်ဖြစ်ကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဗီယက်နမ်အစိုးရ အနေဖြင့် ဗီယက်နမ်အမျိုးသားနေ့အထိမ်းအမှတ်အဖြစ် ပြစ်ဒဏ်ကျခံဆဲ အကျဉ်းသား ၃၇၆၅ ဦးတို့ကို ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပေးမည်ဖြစ်ကြောင်းဗီယက်နမ်ဒုတိယ နိုင်ငံခြားရေးဝန်ကြီး ဒိုဟောင်ဗီယက်က ယနေ့တွင် အတည်ပြုပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံက ပြစ်ဒဏ်လွတ်ငြိမ်း ချမ်းသာခွင့်ပေးမည့် အကျဉ်းသားများထဲတွင် တရုတ်နိုင်ငံသား ကိုးဦးနှင့် အမေရိကန်နိုင်ငံသားနှစ်ဦး အပါအဝင် နိုင်ငံခြားသား ဦးရေ ၂၀ တို့လည်း ပါဝင်ကြောင်း သိရသည်။

အဆိုပါ နိုင်ငံခြားသား အကျဉ်းသား ဦးရေ ၂၀ တို့မှာ လူသတ်မှု၊ လောင်းကစားမှု၊ မှောင်ခိုမှုများဖြင့် ဗီယက်နမ်၌ ထောင်ဒဏ်ချမှတ်ခံထားရသူများဖြစ်ကြကြောင်း သိရသည်။

ယင်းနိုင်ငံခြားသားအပါအဝင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသားများမှာ အောက်တိုဘာ ၁ ရက်တွင် ပြန်လည်လွတ်မြောက်လာကြဖွယ်ရှိသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၀၉ ခုနှစ်မှစ၍ အထူးပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့် ကိုးကြိမ်ကြေညာခဲ့ရာ အကျဉ်းသား၉၂၀၀၀ ကျော်ပြန်လည်လွတ်မြောက်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ပါကစ္စတန်၌ ဟစ်ဇ်ဘိုလာလိုလားသူ ဆန္ဒပြသမားများနှင့်ရဲတပ်ဖွဲ့ကြား ပဋိပက္ခဖြစ်ပွား

**ကရာချိ စက်တင်ဘာ ၃၀**

အစ္စရေးလေကြောင်း တိုက်ခိုက်မှုကြောင့် ဟစ်ဇ်ဘိုလာခေါင်းဆောင် နာဆရယ်လာ သေဆုံးခဲ့ရပြီးနောက် ပါကစ္စတန်နိုင်ငံ ကရာချိမြို့၌ ဟစ်ဇ်ဘိုလာလိုလားသူ ဆန္ဒပြသမားများနှင့် ရဲတပ်ဖွဲ့တို့အကြား စက်တင်ဘာ ၂၉ ရက်တွင် ပဋိပက္ခများဖြစ်ပွားခဲ့ကြောင်း သိရသည်။

ကရာချိမြို့ရှိ အမေရိကန်ကောင်စစ်ဝန်ရုံးဆီသို့ ချီတက်လာသော ဆန္ဒပြသမားများကို ရဲတပ်ဖွဲ့ကတားဆီးစဉ်ပဋိပက္ခများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အတားအဆီးများကို ချိုးဖောက်ရန် ကြိုးစားခဲ့ကြသည့် ဆန္ဒပြသမားများကို ရဲတပ်ဖွဲ့ကလည်း တားဆီးလူစုခွဲရန် ကြိုးစားခဲ့ရာ ဆန္ဒပြသမားများက ခဲများဖြင့်ပစ်ပေါက်တိုက်ခိုက်ခဲ့ကြောင်း ကရာချိမြို့ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

စက်တင်ဘာ ၂၉ ရက် ဆန္ဒပြပွဲကို အီရန် လိုလားသည့် ရှီးယိုက်စ်ဘာသာရေးအခြေခံ နိုင်ငံရေးပါတီတစ်ခုက ဦးဆောင်ကျင်းပခဲ့ခြင်းဖြစ်ပြီး လူဦးရေ ၃၀၀၀ ထိပါဝင်ခဲ့သည်။

ဟစ်ဇ်ဘိုလာ ခေါင်းဆောင် နာဆရယ်လာ၏ ရုပ်ပုံများကိုင်ဆောင်ထားသော ပါကစ္စတန် ဆန္ဒပြသမားများက အမေရိကန်နိုင်ငံကိုလည်း ကျိန်ဆဲခဲ့ကြကြောင်း သိရသည်။

အစ္စရေးတပ်မတော်က စက်တင်ဘာ ၂၇ ရက်တွင် လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့၌ ပြုလုပ်ခဲ့သည့် လေကြောင်း တိုက်ခိုက်မှုတွင် ဟစ်ဇ်ဘိုလာခေါင်းဆောင် နာဆရယ်လာ သေဆုံးခဲ့ရကြောင်း သိရသည်။

Ref : RT

Trs : KKO

# တူနီးရှားကမ်းလွန်၌ ရေယာဉ်နစ်မြုပ်မှုဖြစ်ပွား ရွှေ့ပြောင်းဝင်ရောက်သူ အနည်းဆုံး ၁၂ ဦးသေဆုံး

**တူးနစ် စက်တင်ဘာ ၃၀**




တူနီးရှားနိုင်ငံ ကမ်းရိုးတန်းကမ်းလွန်၌ ယနေ့တွင် ရေယာဉ်တစ်စီးနစ်မြုပ်ခဲ့ရာ တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူ အနည်းဆုံး ၁၂ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ရေယာဉ် နစ်မြုပ်မှုအတွင်း တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူ ၁၀ ဦးလည်း ပျောက်ဆုံးနေကြောင်း တူနီးရှားကမ်းခြေစောင့်တပ်က သတင်းထုတ်ပြန်ထားသည်။

ရေယာဉ် နစ်မြုပ်ပြီးနောက် ရေယာဉ်ငယ်ပေါ် လိုက်ပါလာသူ တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူများအနက် ၂၉ ဦးကို တူနီးရှားကမ်းခြေစောင့်တပ်ဖွဲ့က ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါရေယာဉ်သည် ဥရောပသို့သွားရောက်ရေးအတွက် မြေထဲပင်လယ်ကို ဖြတ်သန်းနေစဉ် နစ်မြုပ်ခဲ့ရခြင်းဖြစ်ကြောင်း တူနီးရှားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

၎င်းရေယာဉ်ပေါ်တွင် လိုက်ပါလာသူများမှာ တူနီးရှားနိုင်ငံသားများနှင့် မော်ရိုကိုနိုင်ငံသားများဖြစ်ကြကြောင်း သိရသည်။

အာဖရိကမှ ဥရောပသို့သွားရောက်လိုသူများ၏ အဓိကကြားခံစခန်းတစ်ခုဖြစ်လာသောတူနီးရှားနိုင်ငံသည် လူဝင်မှုပြဿနာများနှင့် အကြီးအကျယ်ရင်ဆိုင်နေရကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီ၏ Crew Dragon အာကာသလူသယ်ယာဉ် နိုင်ငံတကာအာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့




**ဝါရှင်တန် စက်တင်ဘာ ၃၀**

အာကာသယာဉ်မှူး နှစ်ဦး လိုက်ပါသွားသည့် Space-Xကုမ္ပဏီ၏ Crew Dragon အာကာသလူသယ်ယာဉ်သည် စက်တင်ဘာ ၂၉ရက်တွင်နိုင်ငံတကာအာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် အဆိုပါ Crew Dragon အာကာသလူသယ်ယာဉ်ကို စက်တင်ဘာ ၂၈ ရက်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတကာ အာကာသစခန်းနှင့်ချိတ်ဆက်ပြီး ၂၅ မိနစ်ခန့်အကြာတွင် Crew Dragon အာကာသယာဉ်မှူးနှစ်ဦးမှာ အာကာသစခန်းယာဉ်အတွင်း အောင်မြင်စွာ ဝင်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

Crew -9 မစ်ရှင်အရ လွှတ်တင်ခဲ့သည့် အဆိုပါ Crew Dragon အာကာသလူသယ်ယာဉ်နှင့်အတူ အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) ယာဉ်မှူး နစ်ခ်ဟက်ဂ်နှင့် ရုရှားအာကာသယာဉ်မှူး အလက်ဇန်းဒါးဂေါ်ဘူနော့ဗ်တို့ လိုက်ပါသွားကြောင်း သိရသည်။

Space-X ကုမ္ပဏီနှင့် နာဆာအဖွဲ့သည် နိုင်ငံတကာအာကာသစခန်းယာဉ်ပေါ်တွင် သောင်တင်နေသော စတားလိုင်နာ အာကာသယာဉ်မှူးနှစ်ဦးကို ကမ္ဘာပေါ်ပြန်လည်ခေါ်ဆောင်ရာတွင် Crew Dragon အာကာသလူသယ်ယာဉ်ကို အသုံးပြုရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## မီးကွင်းနေကြတ်မှု(Annular Solar Eclipse) ခေါ် နေကြတ်မှုဖြစ်စဉ်တစ်မျိုးကို ကမ္ဘာ့ဒေသတချို့မှပြည်သူများ တွေ့မြင်နိုင်မည်

**ဝါရှင်တန် စက်တင်ဘာ ၃၀**

မီးကွင်းနေကြတ်မှု(Annular Solar Eclipse) ခေါ် နေကြတ်မှုဖြစ်စဉ်တစ်မျိုးကို အောက်တိုဘာ ၃ ရက်တွင် ကမ္ဘာ့ဒေသတချို့မှ ပြည်သူများ တွေ့မြင်နိုင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၂၉ ရက် သတင်းများအရ သိရသည်။

အောက်တိုဘာ ၃ ရက် မီးကွင်းနေကြတ်မှုဖြစ်စဉ်ကို အီစတာကျွန်း၊ အာဂျင်တီးနားအချို့ဒေသများနှင့် ချီလီနိုင်ငံတို့မှ ပြည်သူများသာ တွေ့မြင်နိုင်မည်ဖြစ်ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)တာဝန်ရှိသူများက ပြောကြားသည်။

နေ၊ လနှင့် ကမ္ဘာတို့တစ်တန်းတည်း ကျရောက်နေချိန်၊ နေ၏အလင်းရောင်ကို လက တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ အလုံးစုံဖြစ်စေ ဖုံးကာထားချိန်တွင် နေကြတ်မှုဖြစ်စဉ် များ ဖြစ်ပွားတတ်သည်။



မီးကွင်းနေကြတ်မှုဖြစ်စဉ်တွင် လသည် နေတစ်စင်းလုံးနီးပါးကို ဖုံးကွယ်ထားမည်ဖြစ်ပြီး နေ၏အနားသတ်ပတ်ပတ်လည်အလင်းစက်ကွင်းသာ ကျန်ရစ်ခဲ့မည်ဖြစ်ကြောင်း သိရသည်။

မီးကွင်း နေကြတ်မှုဖြစ်စဉ်သည် အများအားဖြင့် ပစိဖိတ်သမုဒ္ဒရာဒေသအထက်တွင် ပေါ်ထွက်တတ်ပြီး အာဂျင်တီးနားနှင့် ချီလီတို့မှာ ၎င်းနေကြတ်မှုဖြစ်စဉ်များ၏ လမ်းကြောင်းပေါ်တွင် ရှိနေတတ်သည်။

သိပ္ပံပညာရှင်များ၏ အဆိုအရ နေကြတ်မှုဖြစ်စဉ်များသည် တစ်နှစ်လျှင် နှစ်ကြိမ်မှ ငါးကြိမ်ထိ ဖြစ်ပွားတတ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## စီးရက်စ်ဂြိုဟ်သိမ်က သမုဒ္ဒရာရေပြင်တစ်ခုရှိခဲ့ဖူးသည့် ရေခဲဂြိုဟ်သိမ်တစ်စင်း ဖြစ်ခဲ့ဖွယ်ရှိ

**ဝါရှင်တန် စက်တင်ဘာ ၃၀**

စီးရက်စ်ဂြိုဟ်သိမ်သည် တစ်ချိန်သောအခါက သမုဒ္ဒရာရေပြင်တစ်ခုရှိခဲ့ဖူးသည့် ရေခဲဂြိုဟ်သိမ်တစ်စင်းဖြစ်ခဲ့ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက စက်တင်ဘာ ၂၉ ရက်တွင် ပြောကြားသည်။

ထို့ပြင် စီးရက်စ်ဂြိုဟ်သိမ်ပေါ်ရှိ ရေခဲပမာဏသည် ယခင်တွေးထင်ထားသည်ထက် ပိုများပြားပြီး ဂြိုဟ်သိမ်မျက်နှာပြင်တစ်ခုလုံး၏ ၉၀ ရာခိုင်နှုန်းတွင် ရေခဲများရှိနေနိုင်ကြောင်း အမေရိကန်နိုင်ငံ ပါဂျူးတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

ယခင်က စီးရက်စ်ဂြိုဟ်သိမ်ကို အထိုက်အလျောက် ခြောက်သွေ့ပြီး ဂြိုဟ်သိမ်မျက်နှာပြင် ၃၀ ရာခိုင်နှုန်းတွင်သာ ရေခဲများရှိနိုင်သည်ဟု ယူဆခဲ့ကြကြောင်း သိရသည်။

သို့ရာတွင် မိမိတို့၏လေ့လာတွေ့ရှိချက်အရ စီးရက်စ်ဂြိုဟ်သိမ်သည် ကြာသပတေးဂြိုဟ်၏ ယူရိုပါဂြိုဟ်ရံလကဲ့သို့ပင် သမုဒ္ဒရာရေပြင်တစ်ခုတည်ရှိနေနိုင်ခဲ့ပြီး ရေခဲပိုင်ဆိုင်မှုလည်း မျှော်လင့်ထားသည်ထက် ပိုများနိုင်ခဲ့သည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

စီးရက်စ် ဂြိုဟ်သိမ်ပေါ်ရှိ သမုဒ္ဒရာရေပြင်သည် နောက်ပိုင်းတွင် တဖြည်းဖြည်း အေးခဲသွားပြီး ရေခဲအပေါ်ယံလွှာတစ်ခုအဖြစ်သာ ကျန်ရှိတော့ကြောင်း သိရသည်။

၁၈၀၁ ခုနှစ်တွင် အီတလီသိပ္ပံပညာရှင် ဂျီဆက်ပီ ပီယာဇီကရှာဖွေတွေ့ရှိခဲ့သည့် စီးရက်စ်ဂြိုဟ်သိမ်သည် နေအဖွဲ့အစည်း၏ အကြီးမားဆုံး ဂြိုဟ်သိမ်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# HEALTH

## စကီဇိုဖရီနီးယားခံစားနေရသူများအတွက် ဆေးဝါးသစ်တစ်မျိုးအသုံးပြုခွင့် FDA အတည်ပြု

**နယူးယောက် စက်တင်ဘာ ၃၀**

စကီဇိုဖရီနီးယား(Schizophrenia) ခေါ် စိတ်ဝေဒနာတစ်မျိုး ခံစားနေရသော အရွယ်ရောက်သူများအတွက် ဆေးဝါးသစ်တစ်မျိုး အသုံးပြုခွင့်ကို အမေရိကန်အစားအစာနှင့်ဆေးဝါးလုံခြုံရေးအေဂျင်စီ (FDA) က အတည်ပြုခဲ့ကြောင်း စက်တင်ဘာ ၂၉ ရက် သတင်းများအရ သိရသည်။

Cobenfy အမည်ရှိ အဆိုပါ ဆေးသစ်သည် စကီဇိုဖရီနီးယား စိတ်ရောဂါအတွက် အသုံးပြုနိုင်မည့် ပထမဆုံးသောက်ဆေးအမျိုးအစားဖြစ်သည်။

စကီဇိုဖရီနီးယားရောဂါသည် လူနာ၏ဘဝနေထိုင်မှု အရည်အသွေးကိုဖျက်ဆီးနိုင်သည့် ပြင်းထန်သော နာတာရှည်စိတ်ဝေဒနာတစ်မျိုးဖြစ်ကြောင်း FDA ၏အဆိုအရ သိရသည်။

စကီဇိုဖရီနီးယား စိတ်ရောဂါကို ကုသရာတွင် Cobenfy ဆေးသည် ရောဂါကုသမှုနည်းလမ်းပုံစံသစ်ဖြစ်သည်ဟု FDA ၏ကြေညာချက်၌ ဖော်ပြထားကြောင်း သိရသည်။

FDA ၏အဆိုအရ အမေရိကန်လူဦးရေ၏ တစ်ရာခိုင်နှုန်းမှာ စကီဇိုဖရီနီးယား စိတ်ရောဂါခံစားနေရပြီး ၎င်းလူနာများအနက် ငါးရာခိုင်နှုန်းမှာ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သည့်အဆင့် ရောက်သွားတတ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## သီတင်းပတ်ကုန်ရက်များ၌ လေ့ကျင့်ခန်းပြုလုပ်မှုက နေ့စဉ်လေ့ကျင့်ခန်းပြုလုပ်ခြင်းကဲ့သို့ ကျန်းမာရေးအတွက် အကျိုးပြု

**နယူးယောက် စက်တင်ဘာ ၃၀**

သီတင်းပတ်ကုန် အားလပ်ရက်များ၌ လေ့ကျင့်ခန်းပြုလုပ်မှုသည် နေ့စဉ်နေ့တိုင်းလေ့ကျင့်ခန်းပြုလုပ်ခြင်းကဲ့သို့ပင် ကျန်းမာရေးအတွက် အကျိုးပြုကြောင်း စက်တင်ဘာ ၂၉ ရက်သတင်းများအရ သိရသည်။

သီတင်းတစ်ပတ်စာ လေ့ကျင့်ခန်းပမာဏကို တစ်ရက်သို့မဟုတ် နှစ်ရက်ဖြင့် ပြုလုပ်သူများမှာ နေ့စဉ် လေ့ကျင့်ခန်းပြုလုပ်သူများကဲ့သို့ပင် ကျန်းမာရေးအရကောင်းမွန်ကြောင်း အမေရိကန်သုတေသနပညာရှင်များက လေ့လာတွေ့ရှိထားသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ သီတင်းပတ်ကုန်ရက်များတွင် လေ့ကျင့်ခန်း ပြုလုပ်သူများအစုနှင့် နေ့စဉ်လေ့ကျင့်ခန်းပြုလုပ်သူများအစု နှစ်စုလုံးတွင် ရောဂါအုပ်စု ၁၆ အုပ်စုတို့မှ ရောဂါအမျိုးအစား ၂၀၀ ကျော် ဖြစ်နိုင်ခြေများ ကျဆင်းသွားကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် လူပေါင်း ၉၀၀၀၀ ခန့်တို့၏ ကျန်းမာရေးအချက်အလက်များကိုအသေးစိတ်လေ့လာခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်သည်။

အမေရိကန် သုတေသနပညာရှင်များ၏ တွေ့ရှိချက်အရ သီတင်းပတ်ကုန် အားလပ်ရက် လေ့ကျင့်ခန်းပြုလုပ်သူများသည် နေ့စဉ်ပုံမှန်လေ့ကျင့်ခန်းပြုလုပ်သူများကဲ့သို့ပင် ရောဂါပေါင်း ၂၆၄ မျိုးဖြစ်နိုင်ခြေ လျော့နည်းသွားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# စီးရီးအေ ပွဲစဉ်(၆)အပြီးတွင် နာပိုလီအသင်း အမှတ်ပေးဇယားကိုဦးဆောင်



**ရောမ စက်တင်ဘာ ၃၀**

အီတလီစီးရီးအေအမှတ်ပေး ပြိုင်ပွဲ ပွဲစဉ်(၆)အဖြစ် ကစားခဲ့သည့် နာပိုလီအသင်းနှင့်မွန်ဇာအသင်းတို့ပွဲစဉ်တွင် နာပိုလီအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့ပြီးနောက် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

နာပိုလီအသင်းသည် ယခုနှစ် ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲတွင် အိမ်ကွင်းသုံးပွဲဆက်ရှုံးပွဲမရှိသေးဘဲ ခြောက်ပွဲကစားခဲ့ရာတွင် လေးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ဖြင့် ရမှတ် ၁၃ မှတ်ရရှိခဲ့ခြင်းဖြစ်သည်။

ပွဲစဉ်ခြောက်ပွဲ အပြီးတွင် အမှတ်ပေးဇယား အဆင့်(၂)နေရာမှ ဂျူဗင်တပ်အသင်းသည် ဂျီနိုအာအသင်းကို သုံးဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့သော်လည်း ရမှတ် ၁၂ မှတ်သာ ရရှိခဲ့သဖြင့် နာပိုလီအသင်းက တစ်မှတ်အသာစီးရရှိကာ အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် နာပိုလီအသင်းက မွန်ဇာအသင်းကို အိမ်ကွင်းအားသာချက်ဖြင့် ဖိအားပေးကစားနိုင်ခဲ့ရာ ပွဲကစားချိန် ၂၂ မိနစ်တွင် ပိုလီတာနိုက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ကာ တိုက်စစ်ကစားပုံ ကျဆင်းသွားခြင်းမရှိဘဲ ဆက်လက် ဖိအားပေးနိုင်ခဲ့သောကြောင့် ပွဲချိန် ၃၃ မိနစ်အရောက်တွင် ကာဗာရက်ရှီလီယာက ဒုတိယ ဦးဆောင်ဂိုး သွင်းယူပေးခဲ့သဖြင့် နှစ်ဂိုးပြတ်အနိုင်ရခဲ့ကြောင်း သိရသည်။

**Ref : Fotmob**

**Trs : ML**

# အေတီကိုနှင့် ရီးရဲလ်မက်ဒရစ်တို့ပွဲစဉ်တွင် ပရိသတ်များကြောင့် ပွဲကစားချိန်ကြန့်ကြာခဲ့ရ

**မက်ဒရစ် စက်တင်ဘာ ၃၀**

အေတီကိုအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ကစားခဲ့သည့် အမှတ်ပေးပြိုင်ပွဲတွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သော်လည်း ဒုတိယပိုင်းပွဲကစားချိန်အတွင်း ပရိသတ်များက ဂိုးသမားကော့တွိုက်ကို အရာဝတ္ထုများဖြင့် ပစ်ပေါက်ခဲ့မှုကြောင့် ပွဲကစားချိန်ကြန့်ကြာခဲ့ရကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပထမပိုင်း ပွဲကစားချိန်အတွင်း တစ်ဖက်နှင့်တစ်ဖက် ဂိုးရရှိရန် ရုန်းကန်ခဲ့ရပြီး ဒုတိယပိုင်း စတင်ခဲ့ပြီးနောက် ပွဲကစားချိန် ၆၄ မိနစ်တွင် ရီးရဲလ်မက်ဒရစ် ခံစစ်ကစားသမားမီလီတာအိုက ဦးဆောင်ဂိုးသွင်းယူပြီးနောက် ဂိုးသမားကော့တွိုက်က အသင်းဟောင်းအေတီကိုပရိသတ်များဘက်လှည့်၍ အောင်ပွဲခံခဲ့မှုကြောင့် အေတီကိုအသင်းပရိသတ်များက အရာဝတ္ထုများဖြင့် ဂိုးသမားကော့တွိုက်ကို ပစ်ပေါက်ခဲ့သဖြင့် ပြိုင်ပွဲကိုခေတ္တရပ်နားခဲ့ရသည်။

ထို့နောက် ကွင်းလယ်ဒိုင်က ကွင်းအတွင်းမှ အရာဝတ္ထုများကို သိမ်းဆည်းမှုများ ပြုလုပ်ခဲ့ပြီးနောက် ပြိုင်ပွဲကို ပြန်လည်စတင်ခဲ့ရာ တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ်ရှိခဲ့ပြီး အေတီကိုအသင်းကချေပဂိုးရရှိရေး လူစားလဲမှုများပြုလုပ်၍ အစွမ်းကုန်ကြိုးပမ်းခဲ့ရာ ပွဲကစားချိန် နာကျင်အချိန်ပို လေးမိနစ်တွင် လူစားဝင်ကစားသမားကော်ရီယာက အသင်းအတွက် ချေပဂိုးသွင်းယူပေးနိုင်ခဲ့သော်လည်း တစ်ဖက်နှင့်တစ်ဖက် ဦးဆောင်ဂိုးရရှိရေး အကြိတ်အနယ်ရှိခဲ့သဖြင့် နာကျင်အချိန်ပို ရှစ်မိနစ်တွင် အေတီကိုကစားသမားလော်ရန်တီ၏ကစားပုံကြမ်းတမ်းမှုကြောင့် ကွင်းလယ်ဒိုင်က အနီကတ်ပြထုတ်ပယ်ခဲ့ရပြီး သရေရလဒ်ဖြင့် ပွဲပြီးဆုံးခဲ့သည်။

လက်ရှိတွင် လာလီဂါအဖွဲ့ချုပ်က အေတီကိုနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ဖြစ်စဉ်နှင့် ပတ်သက်၍ တစ်စုံတစ်ရာ ထုတ်ပြန်ခြင်းမရှိသေးသော်လည်းအေတီကိုအသင်းအနေဖြင့် ပရိသတ်များကိုထိန်းသိမ်းရန် ပျက်ကွက်မှုဖြင့် အရေးယူခံရဖွယ်ရှိကြောင်း သိရသည်။

**Ref : Daily Mail**

**Trs : ML**



# ချန်ပီယံလိဂ်ပွဲစဉ်ကြောင့် ချဲလ်ဆီးအမျိုးသမီးနှင့် မန်ယူအမျိုးသမီးတို့ကစားရမည့် အမှတ်ပေးပွဲကို ရွှေ့ဆိုင်းခဲ့ကြောင်း ထုတ်ပြန်

**လန်ဒန် စက်တင်ဘာ ၃၀**

ချဲလ်ဆီး အမျိုးသမီးအသင်းနှင့် မန်ယူအမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားရမည့် အမှတ်ပေးပြိုင်ပွဲကို ချန်ပီယံလိဂ်ပွဲစဉ်ကြောင့် ရွှေ့ဆိုင်းခဲ့ကြောင်း စူပါလိဂ်ဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ကြေညာခဲ့သည်။

ချဲလ်ဆီးအမျိုးသမီးအသင်းသည် အမှတ်ပေးပြိုင်ပွဲကို မန်ယူအမျိုးသမီးအသင်းနှင့် အောက်တိုဘာ ၆ ရက်တွင် ကစားရမည်ဖြစ်သော်လည်း ချန်ပီယံလိဂ်ပွဲစဉ်ရေးဆွဲမှုအရ အောက်တိုဘာ ၈ ရက်တွင် ချန်ပီယံလိဂ်ပြိုင်ပွဲ အဖွင့်ပွဲစဉ်ကစားရမည်ဖြစ်သောကြောင့် ကစားသမားများလုံလောက်သောနားချိန်ရရန်အတွက် အမှတ်ပေးပွဲစဉ်ကို ရွှေ့ဆိုင်းခဲ့ကြောင်း စူပါလိဂ်အဖွဲ့ချုပ်က ပြောကြားခဲ့ခြင်းဖြစ်သည်။

စူပါလိဂ်အဖွဲ့ချုပ်က "ပွဲချိန်ပြောင်းလဲခဲ့တာကြောင့် ပရိသတ်တွေ ကသိကအောက်ဖြစ်ခဲ့လို့ အဖွဲ့ချုပ်အနေနဲ့ တောင်းပန်ပါတယ်။ လက်ရှိအခြေအနေအရ ယူအီးအက်ဖ်အေရဲ့ ချန်ပီယံလိဂ် ပွဲစဉ်ဇယားက ကစားသမားတွေအတွက် အနားယူချိန်မလုံလောက်လို့ ရွှေ့ဆိုင်းလိုက်ရတာပါ။ ပြိုင်ပွဲပြန်လည်ကျင်းပနိုင်မဲ့ရက်ကို ပြန်လည်ထုတ်ပြန်ပေးသွားပါမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

လက်ရှိ အမှတ်ပေးချန်ပီယံ ချဲလ်ဆီးအမျိုးသမီးအသင်းသည် ချန်ပီယံလိဂ် အဖွင့်ပွဲစဉ်ကို အောက်တိုဘာ ၈ ရက်တွင် ရီးရဲလ်မက်ဒရစ်အသင်းနှင့် အဝေးကွင်း သွားရောက်ကစားရမည်ဖြစ်ပြီး ပြီးခဲ့သည့် ဘောလုံးရာသီက ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်ထိ တက်ရောက်နိုင်ခဲ့ကာ ဘာစီလိုနာအသင်းကို ရှုံးနိမ့်ခဲ့မှုကြောင့် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီး ဘာစီလိုနာအသင်းက ဗိုလ်လုပွဲတွင် လိုင်ယွန်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ယူ၍ ဆုဖလားဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

**Ref : ESPN**

**Trs : ML**

# AYA Bank Mandalar Futsal League 2024 ပြိုင်ပွဲ ညှိနှိုင်းအစည်းအဝေးနှင့် Manager meeting ပြုလုပ်

**မန္တလေး စက်တင်ဘာ ၃၀**

AYA Bank မှ အဓိကကူညီပံ့ပိုးမှုဖြင့် မန္တလေးတိုင်းဒေသကြီး ဖူဆယ်ဘောလုံးဆပ်ကော်မတီက ကြီးမှူးကျင်းပမည့် AYA Bank Mandalar Futsal League 2024 ပြိုင်ပွဲ အကြိုညှိနှိုင်းအစည်းအဝေးနှင့် Manager meeting ကို ယနေ့ နံနက် ၁၀ နာရီက Min Khant Myanmar Sports Complex ရှိ ကော်မတီရုံးခန်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး ဖူဆယ်ဘောလုံးဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးမျိုးဇာနည်ကို၊ မန္တလေးတိုင်းဒေသကြီး ဖူဆယ်ဘောလုံးဆပ်ကော်မတီဝင်များ၊ မန္တလေးတိုင်းဒေသကြီး ဖူဆယ်နည်းပြအဖွဲ့ဝင်များ၊ မန္တလေးတိုင်းဖူဆယ်ဒိုင်အဖွဲ့ဝင်များ၊ Mandalar Futsal League ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး ဖူဆယ်ဘောလုံး ဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးမျိုးဇာနည်ကိုက အဖွင့်အမှာစကားပြောကြားခဲ့ပြီးနောက် ကော်မတီ IT Team မှ ကစားသမားများကို ဒစ်ဂျစ်တယ်စနစ်ဖြင့် စာရင်းသွင်းမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေးတာဝန်ခံ ဦးစောထွန်းမောင်က ပြိုင်ပွဲအတွင်း လိုက်နာရမည့် စည်းကမ်းချက်များ၊ ပြစ်ဒဏ်များ၊ ပြိုင်ပွဲကျင်းပမည့် ပုံစံများကို ပြိုင်ပွဲဝင်အသင်းများအား ရှင်းလင်းပြောကြားခဲ့ကာ ပြိုင်ပွဲဝင်အသင်းများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းခဲ့ပြီး တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြပြီးနောက် ပွဲစဉ်မဲခွဲရေးဆွဲမှုပြုလုပ်၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။



AYA Bank Mandalar Futsal League 2024 ပြိုင်ပွဲ ပွဲစဉ်များကို အောက်တိုဘာ ၆ ရက်မှ နိုဝင်ဘာ ၃ ရက်ထိ ရှုံးထွက်စနစ်ဖြင့် မန္တလာသီရိအားကစားဝင်းအတွင်းရှိ ဘက်စုံသုံးအားကစားရုံတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**STA**

## အားကစားသတင်းအတိုအထွာများ

- စက်တင်ဘာ ၁၁ ရက်က ကစားခဲ့သည့် ယူ-၂၀ အမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲတွင် စည်းမျဉ်းချိုးဖောက်ခဲ့သည့် ကင်မရွန်းဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ အီတိုးကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ကင်မရွန်းအသင်းနှင့်ပတ်သက်သည့် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများတွင် တက်ရောက်ခွင့်ခြောက်လ ပိတ်ပင်ခဲ့ကြောင်း သိရသည်။
- အသက် ၃၃ နှစ်ရှိ ဂျာမနီအမျိုးသမီးလက်ရွေးစင် ကစားသမား အလက်ဇန်ဒါးပော့ပ်က လက်ရွေးစင်အသင်းတွင် ၁၈ နှစ်ကြာ ကစားခဲ့ပြီးနောက် ကစားသမားဘဝမှအနားယူကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။
- ကွင်းလယ်ပိုင်းလိုအပ်ချက်ရှိနေသည့် မန်စီးတီးအသင်းက အင်တာမီလန်အသင်းမှ ကွင်းလယ်ကစားသမား ဘာရယ်လာကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၇၀ ကျော်အသုံးပြု၍ ခေါ်ယူရန်စီစဉ်နေကြောင်း သိရသည်။ **ML**

# Presidents Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အနိုင်ရရှိခဲ့သည့် အမေရိကန်အသင်း ချန်ပီယံဆုကို ၁၂ ကြိမ်ဆက်ဆွတ်ခူး




မွန်ထရီရယ် စက်တင်ဘာ ၃၀

ကနေဒါနိုင်ငံ ကွီဘက်ပြည်နယ် မွန်ထရီရယ်မြို့တွင် ကျင်းပခဲ့သည့် Presidents Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်အသင်းက အင်တာနေရှင်နယ်အသင်းကို (၁၈ ဒသမ ၅ - ၁၁ ဒသမ ၅)မှတ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန်အသင်းအနေဖြင့် နှစ်ပေါင်း ၂၄ နှစ်တာကာလအတွင်း Presidents Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ၁၂ ကြိမ်ဆက်တိုက် ဆွတ်ခူးခဲ့ခြင်းလည်း ဖြစ်သည်။

အင်တာနေရှင်နယ်အသင်းအနေဖြင့် Presidents Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကို နောက်ဆုံးအကြိမ်ဆွတ်ခူးခဲ့သည့်နှစ်မှာ ၁၉၉၈ ခုနှစ်က ဖြစ်ပြီး လက်ရှိအင်တာနေရှင်နယ်အသင်းအတွက် ပါဝင်ကစားပေးခဲ့သည့် တောင်ကိုရီးယားဂေါက်သီးရိုက်ကစားသမား တွမ်ကင် မမွေးခင် လေးနှစ်ကတည်းက ဖြစ်ကြောင်း သိရသည်။

အမေရိကန်အသင်းအနေဖြင့် ဒုတိယနေ့ တစ်ရက်တည်း၌သာ ရလဒ်ကျဆင်းခဲ့ပြီး ကျန်ရက်များတွင် အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ကြသည်။

အမေရိကန်အသင်း၏ အသင်းခေါင်းဆောင်အဖြစ်တာဝန်ယူခဲ့သူ ဂျင်မ်ဖူရက်ခ်က လူရွေးချယ်မှုကို အကောင်းဆုံး ပြုလုပ်နိုင်ခဲ့လို တစ်ဦးချင်းပွဲစဉ်တွင် အင်တာနေရှင်နယ်အသင်းအတွက် အကောင်းဆုံး လက်စွမ်းပြနေသည့် ဂျက်ဆင်ဒေးကို ကမ္ဘာ့အဆင့် ၂ နေရာတွင် ရပ်တည်နေသည့် ရှောင်ဖီလီနှင့် ထိပ်တိုက် တွေ့ဆုံစေခဲ့ခြင်းမှာ မှန်ကန်သည့် ဆုံးဖြတ်ချက်ဖြစ်ခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

# China Open ပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ် တက်ရောက်

ပေကျင်း စက်တင်ဘာ ၃၀

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပနေသည့် China Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်နှင့် ရုရှားတင်းနစ်ကစားသမားကာချန်နော့ဗ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အယ်ကာရက်ဇ်က (၇-၅၊၆-၂)ရလဒ်ဖြင့်အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အယ်ကာရက်ဇ် အနေဖြင့် China Open တင်းနစ်ပြိုင်ပွဲတွင် ပထမအဆင့်မှဆီမီးဖိုင်နယ်အဆင့် ရောက်သည်ထိ ပွဲငယ်တစ်ပွဲမျှ မရှုံးသေးသည့်ကစားသမားတစ်ဦးဖြစ်ပြီး ဆီမီးဖိုင်နယ်အဆင့်တွင် တစ်နိုင်ငံတည်းသား ကစားသမားတစ်ဦးဖြစ်သည့် မျက်ဒဗျက်ဖြင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

အယ်ကာရက်ဇ်သည် ပြိုင်ပွဲတွင် နိုင်ခြေအဆင့်(၂)အဖြစ် သတ်မှတ် ခံထားရသူဖြစ်ပြီး မျက်ဒဗျက်က နိုင်ခြေအဆင့်(၃)အဖြစ် သတ်မှတ်ခံထားရသည့် ကစားသမားတစ်ဦးဖြစ်သည်။

ဗိုလ်စွဲရန်ရေပန်းစားနေသည့် ကစားသမားစာရင်းတွင် ပါဝင်နေသောပြိုင်ပွဲဝင်နှစ်ဦး၏ ထိပ်တိုက်တွေ့ဆုံမှုဖြစ်သည့်အတွက် အကြိတ်အနယ်ရှိသည့် ပွဲစဉ်တစ်ပွဲဖြစ်လာနိုင်သည်။

အယ်ကာရက်ဇ် အနေဖြင့် ကာချန်နော့ဗ်နှင့် ယှဉ်ပြိုင်ကစားတိုင်း ရလဒ်ကောင်းလေ့ရှိသော်လည်း မျက်ဒဗျက်နှင့်တွေ့ဆုံမှုများတွင် ရလဒ်ကောင်းရရှိရန် ရုန်းကန်ရလေ့ရှိသည်။

မျက်ဒဗျက်သည် ၂၀၂၃ ခုနှစ်တွင် China Open တင်းနစ်ပြိုင်ပွဲ၌ ဗိုလ်လုပွဲအဆင့်ထိ တက်ရောက်နိုင်ခဲ့ပြီး ဒုတိယရရှိခဲ့သူဖြစ်သလို ယခုနှစ်တွင် ချန်ပီယံဆုကိုဆွတ်ခူးနိုင်ရေးအတွက် ပစ်မှတ်ထားနေသူလည်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL




# အာဆီယံအမျိုးသမီးဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင်အမျိုးသမီးဖူဆယ်အသင်း စခန်းသွင်းလေ့ကျင့်မှုများစတင်

ရန်ကုန် စက်တင်ဘာ ၃၀

အာဆီယံအမျိုးသမီးဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် စခန်းသွင်းလေ့ကျင့်မှုများကို ယနေ့တွင် ရန်ကုန်မြို့ရှိ MFF Futsal Stadiumတွင် စတင်ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

အာဆီယံအမျိုးသမီးဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲကို လာမည့် နိုဝင်ဘာ ၁၆ ရက်မှ ၂၂ ရက်ထိ ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးဖူဆယ်အသင်းကို နည်းပြအဖြစ် ဦးဌေးမြင့်က တာဝန်ယူကိုင်တွယ်သွားမည်ဖြစ်ပြီး လက်ရှိတွင် ပဏာမကစားသမား ၂၆ ဦးဖြင့် စခန်းသွင်းလေ့ကျင့်မှုများကို စတင်ပြုလုပ်နေခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးဖူဆယ်အသင်း ကစားသမားစာရင်းမှ ဂိုးသမားနေရာတွင် ချောစန္ဒီအောင်၊ သရဖီအောင်၊ ယဉ်ယဉ်မိုးနိုင်၊ စုလှိုင်ဖြိုး၊ သိမ့်စန္ဒီစိုး၊ ကစားသမားများအဖြစ် ဆက်နွယ်နီ၊ စုဝါလွင်၊ ယွန်းမီမီလွင်၊ ဖူးပွင့်ခိုင်၊ ဝင်းဝင်းစိုး၊ ဖေဖေဦး၊ ခင်မိုးဝေ၊ ခင်မာလွင်၊ ခင်ဆုမြတ်၊ မေမြတ်မိုး၊ ယမင်းသန့်ဇင်၊ ဝတ်ရည်လွင်၊ သန်းသန်းဝေ၊ ခိုင်သဇင်ဦး၊ ခင်ပြည့်လင်း၊ နန်းဆန်းဘရန်၊ နှင်းစန္ဒာလှိုင်၊ မေသက်ပိုင်၊ ဇင်ငြိမ်းချစ်၊ ယမင်းလွင်နှင့် လွင်လွင်သက်တို့ပါဝင်ခဲ့ကြသည်။

ပဏာမ မြန်မာ့လက်ရွေးစင်အမျိုးသမီးဖူဆယ်အသင်းသည် အာဆီယံအမျိုးသမီး ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲအတွက် ယနေ့မှစတင်ပြီး နိုဝင်ဘာ ၇ ရက်ထိ ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းရှိ လက်ရွေးစင်ကစားသမားများ အဆောင်တွင်နေထိုင်ပြီး MFF Futsal Stadium တွင် စခန်းသွင်းလေ့ကျင့်မှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

STA

# ပြင်သစ်အသင်းကစားသမားဘဝမှ အနားယူကြောင်း တိုက်စစ်မှူး ဂရစ်ဇ်မန်း အတည်ပြုကြေညာ

ပဲရစ် စက်တင်ဘာ ၃၀

အေတီကိုအသင်းနှင့် ပြင်သစ်အသင်း တိုက်စစ်ကစားသမား ဂရစ်ဇ်မန်းက ပြင်သစ်လက်ရွေးစင် ကစားသမားဘဝ အသင်းမှ အနားယူပြီဖြစ်ကြောင်း အတည်ပြုကြေညာခဲ့သည်။

အသက် ၃၃ နှစ်ရှိ ဝါရင့်တိုက်စစ်ကစားသမား ဂရစ်ဇ်မန်းသည် ၂၀၁၄ ခုနှစ်ကစတင်ပြီး ပြင်သစ်အသင်းတွင် စတင်ပါဝင်ကစားခဲ့ပြီးနောက် ဆယ်စုနှစ်တစ်ခုကြာ ပြင်သစ်အသင်းတွင် အဓိက ကစားသမားအဖြစ် ပြိုင်ပွဲတိုင်းတွင် ပါဝင်ကစားခဲ့သူဖြစ်သည်။

ဂရစ်ဇ်မန်းသည် ပြင်သစ်အသင်းကစားသမားဘဝ နောက်ဆုံးပွဲစဉ်အဖြစ် ပြီးခဲ့သည့်စက်တင်ဘာ ၁၀ ရက်က ဥရောပနေးရှင်းလိဂ်ပွဲစဉ်အဖြစ် ကစားခဲ့သည့် ဘယ်လ်ဂျီယံအသင်းနှင့် ပြင်သစ်အသင်းတို့ ပွဲစဉ်နောက်ဆုံးကစားခဲ့ပြီးနောက် လက်ရှိတွင် ပြင်သစ်အသင်းကစားသမားဘဝမှ အပြီးတိုင် အနားယူခဲ့ခြင်းဖြစ်သည်။

ဂရစ်ဇ်မန်းသည် ပြင်သစ်အသင်းကို ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်က ရုရှားနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ရာ၌ အဓိက ကစားသမားအဖြစ် ပါဝင်ခဲ့သကဲ့သို့ ပြီးခဲ့သည့် ၂၀၂၀-၂၀၂၁ ဘောလုံးရာသီကလည်း ဥရောပနေးရှင်းလိဂ် ပြိုင်ပွဲ၌ ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ရာတွင်လည်း အဓိက ကစားသမားအဖြစ် ပါဝင်ခဲ့သူဖြစ်ကြောင်း သိရသည်။

Ref : Goal.com
Trs : STA

# နေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၆)တွင် သစ္စာအားမာန်အသင်းနှင့် ISPE အသင်းတို့သရေရလဒ်ထွက်ပေါ်၊ ရန်ကုန်ယူနိုက်တက်အသင်းနိုင်ပွဲရရှိ



ရန်ကုန် စက်တင်ဘာ ၃၀

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် နေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၆)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင်ကျင်းပခဲ့ရာ သစ္စာအားမာန်အသင်းနှင့် ISPE အသင်းတို့ သရေရလဒ်ထွက်ပေါ်ပြီး ရန်ကုန်ယူနိုက်တက်အသင်း နိုင်ပွဲရရှိခဲ့ကြောင်း သိရသည်။

နေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၆)ပွဲစဉ်များအဖြစ် ယနေ့ ညနေ ၃ နာရီက ပဒုမ္မာအားကစားကွင်း၌ သစ္စာအားမာန်အသင်းနှင့် ISPE အသင်းတို့ ကစားခဲ့ရာ တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ပွဲချိန် ၁၉ မိနစ်တွင် သစ္စာအားမာန်အသင်းမှ လမင်းခေတ်က ကိုယ့်ဂိုးကိုယ် သွင်းခဲ့မိသည့်အတွက် ISPE အသင်း ဦးဆောင်ဂိုးရရှိခဲ့ပြီး သစ္စာအားမာန်အသင်းအတွက်သွင်းဂိုးကို ပွဲချိန် မိနစ် ၉၀ တွင် စောမင်းခန့်နိုင်က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီက စလင်းအားကစားကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဒဂုံတာရာအသင်းတို့ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက လေးဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၅ မိနစ်နှင့် ၇၂ မိနစ်တွင် စိုင်းဖေယျာကျော်၊ ပွဲချိန် ၆၂ မိနစ်တွင် အောင်ကောင်းမြတ်၊ ပွဲချိန် မိနစ် ၉၀ တွင် လမင်းပြည့်စုံတို့က သွင်းယူနိုင်ခဲ့ပြီး ဒဂုံတာရာအသင်းအတွက် တစ်လုံးတည်းသောသွင်းဂိုးကို ပွဲချိန် ၁၉ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ညီညီတိုးက သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

STA

# သက်ကြီးပုဂ္ဂိုလ်များ ဂုဏ်သိက္ခာရှိစွာရပ်တည်ရေး ကမ္ဘာအနှံ့ဘက်စုံပြုစုစောင့်ရှောက်ပေး

"အသက်အရွယ် အိုမင်းခြင်း သို့မဟုတ် မိမိ မတတ်စွမ်းနိုင်သောအခြေအနေများကြောင့် အသက်မွေးဝမ်းကျောင်းမပြုနိုင်ခြင်းတို့ ဖြစ်ပေါ်ခဲ့လျှင် ဘဝလုံခြုံမှုရပိုင်ခွင့်ရှိသည်"ဟု ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအပိုဒ် ၂၅(၁)တွင် ဖော်ပြထားပါသည်။ အသက် ၆၀ နှစ် အထက်ကို သက်ကြီးပုဂ္ဂိုလ်ဟု ကုလသမဂ္ဂနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသည်။ ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာ ၁၄ ရက်က ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံက ဆုံးဖြတ်ချက်အမှတ်(၄၅/၁၀၆) ဖြင့် နှစ်စဉ် အောက်တိုဘာ ၁ ရက်ကို အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ (International Day of Older Persons) ဟု ဂုဏ်ပြုသတ်မှတ်ခဲ့သည်။

**သက်ကြီးသူတို့ကမ္ဘာ**

၂၀၂၄ ခုနှစ် ကမ္ဘာ့လူဦးရေမျှော်မှန်းချက် အစီရင်ခံစာအရ ကမ္ဘာတစ်ဝန်း၌ လူဦးရေ ၈ ဒသမ ၂ ဘီလီယံရှိပြီး လာမည့်နှစ် ၆၀ ထိ ဆက်လက်တိုးလာဖွယ်ရှိရာ ၂၀၈၀ ပြည့်နှစ်တွင် ၁၀ ဒသမ ၃ ဘီလီယံသို့ ရောက်ရှိနိုင်သည်ဟု ကုလသမဂ္ဂက ခန့်မှန်းထားသည်။ ကမ္ဘာ့နိုင်ငံထက်ဝက်ကျော်၌ ပျမ်းမျှ လူ့သက်တမ်း ၇၅ နှစ်အထက် ကျော်လွန်လာပြီဖြစ်ရာ ၁၉၅၀ ပြည့်နှစ် ကာလနှင့်နှိုင်းယှဉ်ပါက ၂၅ နှစ်ခန့် တိုးလာခြင်းဖြစ်သည်။ ကမ္ဘာတစ်ဝန်းတွင် ၁၉၈၀ ပြည့်နှစ်မှ ၂၀၂၁ ခုနှစ်အတွင်း အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အို သန်း ၂၆၀ မှ ၇၆၁ သန်းထိ တိုးပွားလာသည်။ ၂၀၂၁ ခုနှစ်မှ ၂၀၅၀ ပြည့်နှစ်အတွင်း ၁၀ ရာခိုင်နှုန်းမှ ၁၇ ရာခိုင်နှုန်းထိ ထပ်မံတိုးပွားလာနိုင်သည်ဟု ခန့်မှန်းထားသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ၂၀၃၀ ပြည့်နှစ်အရောက်တွင် သက်ကြီးပုဂ္ဂိုလ်အရေအတွက်သည် လူငယ်ဦးရေထက် ပိုမိုများပြားလာမည်ဟု ခန့်မှန်းထားသည်။ သို့ဖြစ်ရာ ကျွန်ုပ်တို့၏ကမ္ဘာကို သက်ကြီးသူတို့ကမ္ဘာဟု တင်စားခေါ်ဆိုနေကြပြီဖြစ်သည်။ ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း အသက် ၆၀ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်ပါဝင်မှု ရာခိုင်နှုန်းသည် ၁၉၇၃ ခုနှစ်က ခြောက်ရာခိုင်နှုန်းသာရှိရာမှ ၂၀၁၉ ခုနှစ်တွင် ၁၀ ဒသမ ၁ ရာခိုင်နှုန်း ထိတိုးလာသည်။ ယခုအချိန်တွင် သက်ကြီးပုဂ္ဂိုလ် ခြောက်သန်းခွဲကျော်ရှိလာပြီဟု ခန့်မှန်းထားရာ မြန်မာ့လူဦးရေ ၅၆ သန်းကျော်နှင့် တွက်ချင့်လျှင် ကိုးဦးခန့်တွင် တစ်ဦးသည် သက်ကြီးပုဂ္ဂိုလ် စာရင်းဝင်ဖြစ်လာပြီဟု ဆိုရပါမည်။

**ဦးတည်ချက်ဆောင်ပုဒ်**

ဖွံ့ဖြိုးဆဲနိုင်ငံများ၏ သက်ကြီးပုဂ္ဂိုလ်တိုးပွားနှုန်းသည် ဖွံ့ဖြိုးပြီးနိုင်ငံများထက် ပိုမိုမြန်ဆန်သည်။ ထိုသို့ လူဦးရေအချိုးအစားပြောင်းလဲလာမှုသည် သမားရိုးကျအခြေအနေနှင့် သမားရိုးကျမဟုတ်သည့် အခြေအနေတို့တွင် ငွေကြေးကုန်ကျသည့် ပံ့ပိုးမှုနှင့် ငွေကြေးပံ့ပိုးမှုမကုန်ကျသည့် ပံ့ပိုးမှုနှစ်ရပ်စလုံးတွင် လိုအပ်သည့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို သိသိသာသာပြောင်းလဲစေသည်။ သက်ကြီးပုဂ္ဂိုလ်များပြားလာခြင်းကြောင့် ပိုမိုကျယ်ပြန့်သော ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုစောင့်ရှောက်ရေးဝန်ဆောင်မှုလိုအပ်ချက်များ သိသာစွာမြင့်တက်လာသည်။ အထူးသဖြင့် စိတ်ပိုင်းဆိုင်ရာမသန်စွမ်းသည့် သက်ကြီးပုဂ္ဂိုလ်များအတွက် လိုအပ်ချက်များပြားလာသည်။ ကမ္ဘာ့နိုင်ငံအသီးသီး၌ သက်ကြီးများ၏ အခွင့်အရေးအတွက် ပိုမိုခိုင်မာသော ကမ္ဘာလုံးဆိုင်ရာကတိကဝတ် အလုံးစုံပြည့်စုံသော သဘောတူစာချုပ်ထွက်ပေါ်လာရန်လိုသည်။ ကမ္ဘာနှင့်အဝန်း သက်ကြီးဆူနာမီလှိုင်းရိုက်ခတ်လာမည့်အခြေအနေကို ချင့်မြော်တွေးဆ၍ စီမံဆောင်ရွက်ရမည့်စိန်ခေါ်မှု တစ်ရပ်ဖြစ်လာပြီဖြစ်သည်။

ထို့ကြောင့် သက်ကြီးပုဂ္ဂိုလ်ကုသစောင့်ရှောက်မှုဆေးပညာ၊ အိုခြင်းနှင့် အိုမှုဖြစ်စဉ် လေ့လာမှုဆိုင်ရာအတတ်ပညာများ ကျယ်ကျယ်ပြန့်ပြန့်ထွန်းကားရေး၊ သက်ကြီးပုဂ္ဂိုလ်များကို စနစ်တကျရေရှည် ပြုစုစောင့်ရှောက်နိုင်မည့်သူများ လေ့ကျင့်မွေးထုတ်ရေး၊ သက်ကြီးပုဂ္ဂိုလ်စောင့်ရှောက်ရေးဆရာဝန်များ၊

> **❖ကိစ္စမြားမြောင်လူတို့ဘောင်၌ ဆယ်စုနှစ် ခြောက်ခုကျော်ကာလ ကျင်လည်ခဲ့ပြီးသူတစ်ဦးအဖို့ သက်ကြီးပုဂ္ဂိုလ်ဘဝသည် အရေးကြီးဆုံးအချိန်ဖြစ်သည်။ ထိုကာလတွင် စားရေး၊ ဝတ်ရေး၊ နေရေးနှင့် ကျန်းမာရေး စသည့်အခြေခံလိုအပ်ချက်တို့အပြင် ထိုက်သင့်သော အလုပ်အကိုင်နှင့်ဝင်ငွေရရှိရေး၊ သိလိုတတ်လိုသော ပညာရပ်ဆိုင်ရာများကို လေ့လာဆည်းပူးခွင့်ရရှိရေး၊ ကိုယ်ပိုင်လွတ်လပ်ခွင့်များနှင့် အမှီအခိုကင်းရေးသည် သက်ကြီးပုဂ္ဂိုလ်များအဖို့ ရရှိခံစားအပ်သော အခြေခံအခွင့်အရေးများဖြစ်သည်။ အဆိုပါအခွင့်အရေးများ အပြည့်အဝရရှိအောင် ဖော်ဆောင်ပေးရန် မျိုးဆက်သစ်တိုင်းတွင် ကိုယ်စီတာဝန်ရှိပါသည်။ ❖**

သက်ကြီးပုဂ္ဂိုလ်စောင့်ရှောက်ရေး ပညာရပ်များအတွက် ပညာရေးအခွင့်အလမ်းများနှင့် သင်တန်းများဖွင့်လှစ်ရေး စသည့်အစီအမံများကို ဆွေးနွေးညှိနှိုင်းချမှတ်မှဖြစ်တော့မည်။ သက်ကြီးပုဂ္ဂိုလ်များ၏ ဂုဏ်သိက္ခာ၊ ယုံကြည်မှု၊ လိုအပ်ချက်နှင့် လုံခြုံမှုကို လေးစားတန်ဖိုးထားသည့် သက်ကြီးပုဂ္ဂိုလ်အာရုံစိုက်ချဉ်းကပ်နည်းကိုမြှင့်တင်ပြီး ၎င်းတို့၏ လူနေမှုဘဝအဆင့်အတန်းအတွက် ၎င်းတို့ကိုယ်တိုင် ဆုံးဖြတ်ရွေးချယ်နိုင်ခွင့်ကိုလည်း အလေးထားရပေမည်။ သို့ဖြစ်၍ ကုလသမဂ္ဂက ယခု ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်နေ့ဦးတည်ချက်ဆောင်ပုဒ်ကို သက်ကြီးပုဂ္ဂိုလ်များ ဂုဏ်သိက္ခာရှိစွာရပ်တည်ရေး ကမ္ဘာအနှံ့ ဘက်စုံပြုစုစောင့်ရှောက်ပေးဟု ချမှတ်ပေးလိုက်ခြင်းပင်ဖြစ်သည်။

**သက်ကြီးပုဂ္ဂိုလ်များဆိုင်ရာအခြေခံမူငါးရပ်**

၁၉၉၁ ခုနှစ်ကကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံက ဆုံးဖြတ်ချက် ၄၆/၉၁ ဖြင့် ချမှတ်ပေးခဲ့သော အောက်ဖော်ပြပါ သက်ကြီးပုဂ္ဂိုလ်များဆိုင်ရာအခြေခံမူငါးရပ်သည် မည်သို့ပင် ခေတ်စနစ်အခြေအနေများပြောင်းလဲစေကာမူ ယနေ့တိုင် ခေတ်မီနေဆဲ၊ ဆန်းသစ်နေဆဲဖြစ်သည်။

**အခြေခံလိုအပ်ချက်များပြည့်စုံစေ၍ အမှီအခိုကင်းစွာ မိမိကိုယ်တိုင်ရပ်တည်နိုင်ရေး**

ကိစ္စမြားမြောင် လူတို့ဘောင်၌ ဆယ်စုနှစ် ခြောက်ခုကျော်ကာလ ကျင်လည်ခဲ့ပြီးသူတစ်ဦးအဖို့ သက်ကြီးပုဂ္ဂိုလ်ဘဝသည် အရေးကြီးဆုံးအချိန်ဖြစ်သည်။ ထိုကာလတွင် စားရေး၊ ဝတ်ရေး၊ နေရေးနှင့် ကျန်းမာရေး စသည့်အခြေခံလိုအပ်ချက်တို့အပြင် ထိုက်သင့်သော အလုပ်အကိုင်နှင့် ဝင်ငွေရရှိရေး၊ သိလိုတတ်လိုသော ပညာရပ်ဆိုင်ရာများကို လေ့လာဆည်းပူးခွင့်ရရှိရေး၊ ကိုယ်ပိုင်လွတ်လပ်ခွင့်များနှင့် အမှီအခိုကင်းရေးသည် သက်ကြီးပုဂ္ဂိုလ်များအဖို့ ရရှိခံစားအပ်သော အခြေခံအခွင့်အရေးများဖြစ်သည်။ အဆိုပါအခွင့်အရေးများ အပြည့်အဝရရှိအောင် ဖော်ဆောင်ပေးရန် မျိုးဆက်သစ်တိုင်းတွင် ကိုယ်စီတာဝန်ရှိပါသည်။

**လူမှုရေးနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး**

"အိုသည့်တိုင်အောင် ဖွဲ့ကိုဆောင်၍ လူ့ဘောင်ကောင်းကျိုး စဉ်သယ်ပိုး"လိုသည်မှာ သက်ကြီးပုဂ္ဂိုလ်များ၏ ဆန္ဒစေတနာပင်ဖြစ်သည်။ လူ့အသိုင်းအဝိုင်းအတွင်း နှစ်ပေါင်းများစွာ ကျင်လည်ခဲ့သူများဖြစ်သည့် အားလျော်စွာ အထီးကျန်မနေလိုကြသူများလည်းဖြစ်သည်။ လှူဒါန်းပေးကမ်းလိုကြ၍ ပရဟိတလုပ်ငန်းများတွင် ပါဝင်ပျော်မွေ့လိုသူများလည်းဖြစ်ကြသည်။ သို့ဖြစ်၍ လူမှုရေးနှင့်သာရေးနာရေးအဖွဲ့အစည်းများတွင် ပါဝင်ထမ်းရွက်နိုင်ရန် နေရာပေးကြရမည်။ "သက်ကြီးစကားသက်ငယ်ကြား" ဟူသည့်ဆိုစကားနှင့်အညီ ၎င်းတို့ထံမှ အတွေ့အကြုံနှင့်ဗဟုသုတများကို တလေးတစား မှတ်သားနာယူကြရမည်။ လူ့အသိုင်းအဝိုင်းအတွင်း စိတ်အားလူအားရှိသမျှ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခွင့်ရရှိနိုင်ရန် စီမံဖန်တီးပေးကြရမည်ဖြစ်သည်။

**ကြီးသူငယ်သူအပြန်အလှန်စောင့်ရှောက်မှုပြုကြရေး**

"ကြီးသူကိုရိုသေ၊ ရွယ်သူကိုလေးစား၊ ငယ်သူကိုသနား"ဟူသော ဆိုစကားရှိပေသည်။ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းအရ သက်ကြီးပုဂ္ဂိုလ်များသည် ၎င်းတို့၏ မိသားစုနှင့် ရပ်ဆွေရပ်မျိုးတို့၏ ပြုစုစောင့်ရှောက်မှု၊ ရိုသေလေးစားမှုကိုခံယူခွင့်ရှိသူများဖြစ်သည်။ အသက်အရွယ်မတူညီသောမျိုးဆက်များကြား အခါအားလျော်စွာ ဗဟုသုတနှင့် အတွေ့အကြုံများကိုနှီးနှောဖလှယ်ကြရမည်။ သက်ရွယ်စုံညီ လူ့ဘောင်ဆီသို့ လှမ်းချီရာတွင် ကြီးသူ၊ ရွယ်သူ၊ ငယ်သူအားလုံး ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီဆိုသကဲ့သို့ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် အကျိုးပြုကြလျက် အချင်းချင်း ရိုင်းပင်းစောင့်ရှောက်ကြရမည်ဖြစ်သည်။

**ဂုဏ်သိက္ခာရှိရှိဖြင့် လုံခြုံမှုရှိစွာရပ်တည်ခွင့်ရရှိရေး**

သက်ကြီးပုဂ္ဂိုလ်များသည် လူသားတိုင်းမရရှိနိုင်သော အသက်အရွယ်အားဖြင့် ကြီးခြင်းဟူသည့် "ဝယဝုဍ္ဍိဂုဏ်ရည်" ကို ပိုင်ဆိုင်သူများဖြစ်သည်။ မိမိနေအိမ်နှင့်ဝန်းကျင်တွင် သက်ကြီးပုဂ္ဂိုလ်တစ်ဦးရှိနေခြင်းသည် ကောင်းမြတ်သောမင်္ဂလာတစ်ပါးဖြစ်သည်။ ၎င်းတို့၏ ပြုမူပြောဆိုဆက်ဆံမှုအပေါ် ခေတ်မမီသူများ၊ စပ်စုတတ်သူများ၊ ဝင်ရောက်စွက်ဖက်တတ်သူများဟူ၍ သဘောမထားဘဲ လိုက်လျောညီထွေ နေရာပေးဆက်ဆံမှုပြုကြရပါမည်။ ကျန်ရှိနေသေးသော လူ့ဘဝသက်တမ်းကာလ၌ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာညှိုးနွမ်းမှုမရှိဘဲ လုံခြုံနွေးထွေးစွာ ဂုဏ်သိက္ခာရှိရှိ ရပ်တည်နေထိုင်နိုင်သူများဖြစ်အောင်၊ ကျန်းမာတက်ကြွ သက်ကြီးဘဝကိုရရှိအောင် အားပေးမြှင့်တင်ကြရမည်ဖြစ်သည်။

**မြန်မာ့သက်ကြီးပုဂ္ဂိုလ်များဘဝ မြှင့်တင်ရေးနှင့် စောင့်ရှောက်ရေး**

"သက်ကြီးသူများစောင့်ရှောက်ရေးအစ မြန်မာက" ဟုဆိုရလောက်အောင် ကျေးဇူးတရားသိတတ်မှုနှင့် တာဝန်ဝတ္တရားကျေပွန်မှုကို အလေးထားတတ်သော မြန်မာတို့အဖို့ ရှေးမြန်မာမင်းများလက်ထက် ကတည်းကစ၍ သားစဉ်မြေးဆက် ထမ်းရွက်ခဲ့သော သက်ကြီးပုဂ္ဂိုလ်စောင့်ရှောက်မှုသည် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာတစ်ရပ်ဖြစ်သည်။ မျက်မှောက်ခေတ်တွင်လည်း "သက်ကြီးပုဂ္ဂိုလ်များဘဝမြှင့်တင်ရေးနှင့်စောင့်ရှောက်ရေးလုပ်ငန်း"သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနက ဆောင်ရွက်နေသော ပင်မလုပ်ငန်းကြီးတစ်ရပ်ဖြစ်သည်။

တစ်နိုင်ငံလုံးရှိ အသက် ၈၅ နှစ်အထက် ဘိုးဘွားများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ လူမှုရေးပင်စင်ခံစားခွင့်ပြုခဲ့သည်။ နိုင်ငံတော်အစိုးရအသိအမှတ်ပြု ဘိုးဘွားရိပ်သာ ၉၉ ခုကို နည်းပညာနှင့် နှစ်စဉ်ငွေကြေးပံ့ပိုးမှုများဆောင်ရွက်ပေးသည်။ ရန်ကုန်မြို့တွင်ဖွင့်လှစ်ထားသော သက်ကြီးသူများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ၌ သက်ကြီးရွယ်အိုများအတွက် ပြုစုစောင့်ရှောက်သူသင်တန်းကို ၂၀၁၅ ခုနှစ်မှ ယခုအချိန်ထိ သင်တန်းအမှတ်စဉ် (၁၅)ခု ဖွင့်လှစ်ခဲ့ပြီးဖြစ်ရာ သင်တန်းသား၊ သင်တန်းသူ ၃၈၅ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီဟု သိရသည်။

**သက်ကြီးပုဂ္ဂိုလ်များ ဂုဏ်သိက္ခာရှိစွာရပ်တည်ရေး**

မိသားစုအတွင်း၌ ကျွန်ုပ်တို့သည် သားသမီးနေရာတွင်ဖြစ်စေ၊ မိဘနေရာတွင်ဖြစ်စေ၊ ဘိုးဘွားနေရာတွင်ဖြစ်စေ ရောက်ရှိနေကြမည်သာဖြစ်သည်။ သားသမီးအရွယ်ဖြစ်ပါက မကြာမီ မိဘအရာသို့ ရောက်ရှိပါတော့မည်။ မိဘနေရာတွင် ရောက်ရှိနေသူဖြစ်ပါက မဝေးသောကာလတွင် ဘိုးဘွားဘဝကို မလွဲမသွေခံယူကြရမည်ဖြစ်ပါသည်။ အသက်အရွယ်မတူညီသော မိသားစုဝင်များကြား ညီညွတ်မျှတစွာ နေထိုင်ပြောဆိုဆွေးနွေးမှု၊ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်ရိုင်းပင်းကူညီမှု၊ အပြန်အလှန်မေတ္တာထားမှု၊ ခွင့်လွှတ်စာနာထောက်ထားမှုများဖြင့် ခိုင်မြဲသောမိသားစုဘဝကို တည်ဆောက်ကြရပါမည်။ အသက် ၁၈ နှစ် မပြည့်သေးသူတို့အတွက် ကလေးသူငယ်အခွင့်အရေးများရှိသကဲ့သို့ အသက် ၆၀ နှစ်နှင့်အထက်ရှိသူတိုင်းတွင်လည်း သက်ကြီးပုဂ္ဂိုလ်အခွင့်အရေးများရှိကြပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့၏ ဘိုးဘွားမိဘများဖြစ်သည့် သက်ကြီးပုဂ္ဂိုလ်များ ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရန် အတတ်နိုင်ဆုံး ပြုစုစောင့်ရှောက်ရေးသည် မျိုးဆက်သစ်တိုင်း၏တာဝန်ပင်ဖြစ်ပါသည်။

**ကြည်ထွန်း(လူမှု)**

# ကြောက်သလားမမေးနဲ့ ရုပ်သံဇာတ်လမ်းတွဲသစ် Premiere Show ကန်သာယာ Shopping Mall Rangoon Cineplex တွင် ကျင်းပ




**ရန်ကုန် စက်တင်ဘာ ၃၀**

ယခုနှစ် အောက်တိုဘာ ၇ ရက်တွင် CANAL+ ZATLENN Channel နှင့် CANAL+App မှ ထုတ်လွှင့်သွားမည့် ကြောက်သလားမမေးနဲ့ ရုပ်သံဇာတ်လမ်းတွဲသစ် Premiere Show ကို စက်တင်ဘာ ၂၉ ရက်က ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ ကန်သာယာ Shopping Mall Rangoon Cineplex တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါ ဇာတ်လမ်းတွဲတွင် အဓိက သရုပ်ဆောင်အဖြစ် ပါဝင်ထားသူ သရုပ်ဆောင် ထွန်းထွန်းက ပြောပြမှု သိရသည်။

ကြောက်သလားမမေးနဲ့ ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ဒီဒီထက်အောင်က ရေးသားထားပြီး ဒီဒီထက်အောင်နှင့် CANAL + Original Creation Teams တို့က ဇာတ်ညွှန်း ရေးသားထားကာ ဒါရိုက်တာ ထွဋ်တင်ထွန်းက Bonanza Production အတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ CANAL + ကရိုက်တဲ့ ဒုတိယမြောက် Series ပါ။ ဒါရိုက်တာ ကိုထွဋ်နဲ့ဆိုရင် ပထမဦးဆုံးအကြိမ် ရိုက်ကူးဖြစ်တာပါ။ ဒီ Series ရိုက်တုန်းက ဘယ်လောက်ပင်ပန်းလဲဆိုရင် နေ့တွေ ညတွေပါ မှားတဲ့ထိပါပဲ။ တကယ် သရဲခြောက်တဲ့နေရာမှာ ကျွန်တော်တို့ဆို ပြောရတဲ့စကားတွေက တော်တော်လန့်စရာတွေ ကောင်းပါတယ်။ အခုပြသတဲ့ အပိုင်းတွေမှာမပါပေမဲ့ CANAL + က ထုတ်လွှင့်ရင် ကြည့်ရှုပေးကြပါအုံး လို့ပြောချင်ပါတယ်။ ကျွန်တော့် အနေနဲ့ ဆက်လက်ကြိုးစားပါအုံးမယ်"ဟု သရုပ်ဆောင် ထွန်းထွန်းက ပြောပြသည်။

ကြောက်သလားမမေးနဲ့ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ထွန်းထွန်း၊ ဟိန်းသန့်ဇေ၊ အေးမင်းထွန်း၊ စူးရှထူးကြည်၊ ဘုန်းလျှံ၊ အောင်ဇော်မင်း၊ နွေးနွေးချစ်ဖွယ်၊ ရွှေရုပ်နှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ကြောက်သလားမမေးနဲ့ ဇာတ်လမ်းတွဲကို CANAL+ ZATLENN ရုပ်သံလိုင်းနှင့် CANAL+ App တို့မှ အောက်တိုဘာ ၇ ရက်မှစပြီး အပတ်စဉ်တနင်္လာနေ့မှသောကြာနေ့ထိ ည ၇နာရီ မိနစ် ၃၀ တွင် ထုတ်လွှင့်ပြသသွားမည်ကြောင်း သိရသည်။

ASH

# ၉၇ ကြိမ်မြောက် အော်စကာဆုပေးပွဲအတွက် Vermiglio ဇာတ်ကားကို အီတလီနိုင်ငံ ရွေးချယ်

**ရောမ စက်တင်ဘာ ၃၀**

၉၇ ကြိမ်မြောက် အော်စကာဆုပေးပွဲအကောင်းဆုံးနိုင်ငံတကာ ရုပ်ရှင်ဇာတ်ကားဆုအတွက် ဒုတိယကမ္ဘာစစ်နောက်ခံဒရာမာဇာတ်ကား ဖြစ်သည့် Vermiglio ဇာတ်ကားကို နိုင်ငံကိုယ်စားပြု ဇာတ်ကားအဖြစ် အီတလီနိုင်ငံက ရွေးချယ်တင်သွင်းထားကြောင်း စက်တင်ဘာ ၂၉ ရက် သတင်းများအရ သိရသည်။

Vermiglio ဇာတ်ကားသည် ပြီးခဲ့သည့်လအတွင်းက ကျင်းပခဲ့သော ဗင်းနစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်၌ ငွေခြင်္သေ့ ဂရန်ဂျူရီဆု ရရှိထားသောဇာတ်ကားဖြစ်သည်။

အဆိုပါ ဇာတ်ကားသည် ဒုတိယကမ္ဘာစစ်အတွင်း အီတလီ အဲ့လ်တောင်တန်းဒေသမှ Vermiglio အမည်ရှိ ကျေးရွာတစ်ရွာမှ မိသားစုတစ်စု၏ဘဝကို အခြေခံရိုက်ကူးထားသော ဇာတ်ကားဖြစ်ပြီး Vermiglio ဇာတ်ကားကို အီတလီ ဒါရိုက်တာ မော်ရာဒယ်လ်ပီရိုက တာဝန်ယူရိုက်ကူးပေးထားကြောင်း သိရသည်။

အော်စကာဆုပေးပွဲ သမိုင်းတစ်လျှောက် အီတလီနိုင်ငံသည် အကောင်းဆုံး နိုင်ငံတကာရုပ်ရှင်ဇာတ်ကားဆုပေါင်း ၁၄ ခုထိ ရရှိခဲ့ပြီး ဆန်ခါတင်စာရင်းများ၌ ၃၃ ကြိမ်ထိ ပါဝင်ခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# Peaky Blinders ဇာတ်ကား၌ မင်းသား တင်မ်ရော့ ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် စက်တင်ဘာ ၃၀**

Netflix ရုပ်ရှင်ကုမ္ပဏီ၏ Peaky Blinders ရုပ်ရှင်ဇာတ်ကားသစ်တွင် Pulp Fiction မင်းသား တင်မ်ရော့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၂၉ ရက် သတင်းများအရ သိရသည်။

Peaky Blinders ဇာတ်ကားတွင် တင်မ်ရော့သည် မင်းသား ဝီလီယံမာဖီ၊ မင်းသမီး ရေဘက်ကာ ဖာဂူဆန်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

လက်ရှိအချိန်တွင် Peaky Blinders ဇာတ်ကား၌ မင်းသား တင်မ်ရော့ ပါဝင်သရုပ်ဆောင်ရမည့်ဇာတ်ကောင်နေရာကို မသိရသေးကြောင်း သိရသည်။

Peaky Blinders ဇာတ်ကားတွင် Venom မင်းသား တွမ်ဟာဒီ ပါဝင်လာနိုင်ဖွယ်ရှိကြောင်း သတင်းများ ထွက်ပေါ်လျက်ရှိသည်။

အဆိုပါ ဇာတ်ကားသည် ဒုတိယကမ္ဘာစစ်ကာလ ဗြိတိန်နိုင်ငံ ဘာမင်ဂမ်မြို့၌ ကျင်လည်ကျက်စားခဲ့သော Peaky Blinders အမည်ရှိ လူဆိုးဂိုဏ်းတစ်ဂိုဏ်း၏ အကြောင်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။




Peaky Blinder ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ စတီဗင်နိုက်က တာဝန်ယူ ရေးသားထားပြီး ဒါရိုက်တာ တွမ်ဟော့ပါးက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

Peaky Blinders ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို မသိရသေးကြောင်း သိရသည်။

Ref : Suptnik News

Trs : KKO

# Happy Gilmore -2 ဇာတ်ကား၌ နပန်းသမား မက်ဝ်ဂျက်ကော့ဖရိုက်မင်း ပါဝင်မည်

**နယူးယောက် စက်တင်ဘာ ၃၀**

Netflix ရုပ်ရှင်ကုမ္ပဏီ၏ Happy Gilmore -2 ဟာသဇာတ်ကား၌ ဆုကြေးစား နပန်းသမား မက်ဝ်ဂျက်ကော့ဖရိုက်မင်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၂၉ ရက် သတင်းများအရ သိရသည်။

နပန်းသမား မက်ဝ်ဂျက်ကော့ဖရိုက်မင်းအနေဖြင့် Happy Gilmore-2 ဇာတ်ကားတွင် မင်းသား အဒမ်ရင်းဒလာနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် မက်ဝ်ဂျက်ကော့ဖရိုက်မင်း ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို Netflix ကုမ္ပဏီက ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။


Happy Gilmore-2 ဇာတ်ကားကို ဒါရိုက်တာ ကီလီနီဝါချက်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Happpy Gilmore-2 ဇာတ်ကားသည် Happpy Gilmore (1996)ဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားဖြစ်သည်။

လက်ရှိအချိန်တွင် Happy Gilmore-2 ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို မသိရသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO





# ရုပ်ရှင်၊ ဂီတ၊ သဘင်အနုပညာရှင်များစုပေါင်း၍ ကလောမြို့နယ် ရေဘေးပြန်လည်ထူထောင်ရေးရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲ ပြုလုပ်

**ရန်ကုန် စက်တင်ဘာ ၃၀**

ရုပ်ရှင်၊ ဂီတ၊ သဘင်အနုပညာရှင်များစုပေါင်း၍ ရှမ်းပြည်နယ် ကလောမြို့နယ် ရေဘေးပြန်လည်ထူထောင်ရေးရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် တညင်းကုန်းဈေးတွင် စက်တင်ဘာ ၂၉ ရက်က ပြုလုပ်ခဲ့ကြောင်း အဆိုပါဖျော်ဖြေပွဲတွင် ပါဝင်သီဆိုဖျော်ဖြေခဲ့သည့် သရုပ်ဆောင် ပွင့်နဒီမောင်က ပြောပြမှု သိရသည်။

အဆိုပါ ရေဘေးပြန်လည်ထူထောင်ရေးရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲကို မေတ္တာအသင်္ချေ ရန်ကုန် ပရဟိတအသင်းက စီစဉ်ခြင်းဖြစ်ပြီး ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲသို့ သရုပ်ဆောင် ခိုင်နှင်းဝေ၏ ခိုင်နှင်းဝေ ဖောင်ဒေးရှင်းက ငွေကျပ်သိန်း ၁၀၀ ပါဝင်လှူဒါန်းပြီး သရုပ်ဆောင် နေမျိုးအောင်၏ အာဖြဲစိန် စားသောက်ကုန်လုပ်ငန်း၊ ပန်းပျိုးလက်အသင်း၊ မင်းသားကြီး Entertainment တို့ကလည်း ငွေကျပ်သိန်း ၃၀ ကျော် လှူဒါန်းထားကြောင်း သိရသည်။

"ရေဘေးနဲ့ ပတ်သက်ပြီးတော့ ကိုယ်တိုင်အသင်းက ရရှိလာတဲ့ ငွေကြေးနဲ့ဆိုရင် တန်ဖိုးကနည်းမှာစိုးလို့ အခုလိုအနုပညာမောင်နှမတွေပေါင်းပြီး ဖျော်ဖြေရင်း အလှူခံဖို့ စီစဉ်လိုက်တာပါ။ ဒီပွဲအတွက် ဦးကြည်ဝင်းနဲ့ မစပယ်မိုးတို့ ဇနီးမောင်နှံကလဲ ဒီနေရာလေးကို ဖျော်ဖြေပွဲကျင်းပပေးဖို့ စီစဉ်ပေးပါတယ်။ ဒါကြောင့် ဒီဖျော်ဖြေပွဲက ရရှိတဲ့ငွေကြေးနဲ့ ကလောဘက်ကို အောက်တိုဘာ ၁ ရက်မှာ သွားလှူဒါန်းကြမှာပါ"ဟု မေတ္တာအသင်္ချေ ရန်ကုန်ပရဟိတအသင်းမှ သရုပ်ဆောင် ပွင့်နဒီမောင်က ပြောပြသည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲတွင် သရုပ်ဆောင် ဖွဲ့ပြည့်၊ ပေါက်စီ၊ မာမီသက်၊ လေက်မ၊ ပွင့်နဒီမောင်၊ ခိုင်ဇာ၊ မိုးပြည့်ပြည့်မောင်၊ စပယ်မိုး စသည့် အနုပညာရှင်များစွာပါဝင်ကူညီကာ တေးသီချင်းများ သီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

ASH

# Bogale Township supplies 75,000 viss of blood clam to Yangon market in August


Blood clams seen before being shipped to Yangon.

**Bogale September 30**

Local fishermen and businesspersons from Bogale Township of Ayeyawady Region sent 75,000 viss of blood clams to Yangon market in August, said Daw Lei Lei Win, owner of marine product trading commodity in Bogale Township.

They could send 54,000 viss of blood clam to Yangon market in July, compared with 75,000 viss in August. In the market, blood clam fetches K115,000 per 10 viss.

Daw Lei Lei Win commented: “We sent a large volume of blood clams to Yangon market in August. The blood clam is in high demand at domestic market. In July, fishermen and businesspersons sold 54,000 viss of blood clam, compared with 75,000 viss in August. Fishery products including blood clams are in high demand in September.”

Fishermen and businesspersons including those in production chain of marine product can earn increased incomes due to proper demands.

Kyaw Kyaw Lin

# Hurricane Helene death toll tops 100 in U.S.

**New York September 30**

The United States has posted more than 100 deaths related to Hurricane Helene as of Sunday, according to CBS News.

In particular, North Carolina reported 37 deaths while South Carolina registered 27 fatalities, reported The New York Times.

Buncombe County in Western North Carolina had 30 people killed from the storm, with over 500 unaccounted for as of early Sunday afternoon, according to Buncombe County Sheriff Quentin Miller.

North Carolina Governor Roy Cooper encouraged people to donate to the North Carolina Disaster Relief Fund to help communities recover from catastrophic damage caused by the storm.

"There is a massive effort underway to get help to the people of Western North Carolina, including state and federal relief, but we know there will be additional needs," Cooper said.

U.S. President Joe Biden declared that a "major disaster" exists in Florida and North Carolina on Saturday and ordered federal aid to assist local recovery from the hurricane's impacts.

The United States still had over 2 million electric customers without power supply as of Sunday night, according to PowerOutage.us, a website that tracks and records power outages across the country. Xinhua

# Farmers plant more than 12,000 acres of monsoon paddy in ChaungU Township this monsoon

**ChaungU September 30**

Statistics of ChaungU Township Agriculture Department stated that a total of 12,485 acres of monsoon paddy has been planted in ChaungU Township of Sagaing Region this monsoon.

Local authorities planned to grow 11,996 acres of monsoon paddy this monsoon but local farmers exceeded cultivation of monsoon paddy on 12,485 acres of farmlands.

Daw Khin Myat Myat Oo, Head of ChaungU Township Agriculture Department commented: “The township officials earmarked 11,996 acres of monsoon paddy this monsoon but local farmers planted 12,485 acres of monsoon paddy exceeding the target cultivation. We provided necessary agricultural techniques and quality strains of crops to local farmers. Moreover, we made field trips to local farmers to grow paddy in time.”

This year, officials of the Township Agriculture Department cooperate with local farmers in growing monsoon paddy without any hardships.

Officials of Township Agriculture Department raised farmer awareness with agriculture techniques, prevention of pests, minimizing loss and waste of crops and keeping harvested crops under shelter in time.

This year, staff of the township Agriculture Department help local farmers choose quality strains of crops, conduct surveillance of pests, weed farmlands, remove different strains of crops and systematically use fertilizers at the farmlands.

206


A thriving monsoon paddy plantation.

# First results show Freedom Party leads Austria's general election

**Vienna September 30**

The first results from Austria's parliamentary election held here on Sunday showed that the far-right Freedom Party is leading the national vote and set to secure its first-ever general election win, according to media reports.

The Freedom Party is projected to win 29.1 percent of the vote, well ahead of the ruling conservative People's Party with 26.2 percent of support, according to a projection published by Austrian broadcaster ORF and news agency APA shortly after the polls closed at 5 p.m. local time.

This marks a significant gain for the Freedom Party compared to the general election in 2019 when the party garnered 16.2 percent of support. The People's Party, however, received a major blow, as it received 37.5 percent of the vote in the previous election.

The projection put the Social Democratic Party firmly in the third place in Sunday's election with 20.4 percent of the vote, slightly down from 21.2 percent in the 2019 election.

Xinhua


Austrian Chancellor Karl Nehammer speaks to media at a polling station in Vienna, Austria, Sept. 29, 2024.

# Cultivation of 2,700 acres of green gram finishes in Kalay Township

**Kalay September 30**

According to the statistics of Kalay Township Agriculture Department, a total of 2,700 acres of croplands have been placed under green gram in Kalay Township of Sagaing Region this monsoon.

Local authorities set a plan to grow 2,222 acres of green gram in Kalay Township this monsoon, but local farmers planted 2,700 acres of monsoon green gram exceeding the target cultivation.

U Naing Win Tun, Head of Kalay Township Agriculture Department stated: “We earmarked 2,222 acres of green gram in the township this monsoon. But, local farmers cultivated 2,700 acres of monsoon green gram exceeding the target. We have educated local farmers to expand sown acreage of crops. Moreover, we raised awareness of farmers to use quality strains of crops.”

This year, officials of Township Agriculture Department shared knowledge with local farmers to use quality strains of crops, agricultural techniques, prevention of pests, systematic use of fertilizers and efforts for boosting per-acre yield.

206

# Plan underway to grow more than 13,000 acres of sunflower in coming winter in Kawlin District


A thriving sunflower plantation.

**Kawlin September 30**

Kawlin Township Agriculture Department stated that preparations are being made to grow 13,100 acres of winter sunflower in Kawlin District of Sagaing Region in coming winter.

In 2024-25 winter, the district authorities set plans to grow 11,118 acres of sunflower in Kawlin Township, 1,160 acres in Wuntho Township and 822 acres in Pinlebu Township, totalling 13,100.

U Win Thein, Head of District Agriculture Department said: "Our district planned to grow 13,100 acres of winter sunflower. We will strive for meeting the target cultivation, aimed at reducing import volume of palm oil. So, we encourage expansion of sown acreage of sunflower. In fact, production of oil from sunflower is larger than groundnut and sesame. Local farmers prefer to grow sunflower in winter more than monsoon."

In the district, relevant township agriculture departments conduct training courses for local farmers and agricultural staff to enhance their capacity for growing sunflower.

This year, Kawlin District authorities will arrange distribution of quality strains of sunflower seeds, urea fertilizer and other agricultural inputs to local farmers at fair prices. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Monywa Township plans to grow more than 12,000 acres of sesame in coming winter

**Monywa September 30**

Monywa Township Agriculture Department stated that a total of 12,720 acres of croplands will be placed under sesame in Monywa Township of Sagaing Region this year.

In 2024-25 winter, local farmers will start cultivation of winter sesame in October till December.

U Soe Thet Aung, Head of Monywa Township Agriculture Department said: "We will strive for meeting the target cultivation of more than 12,000 acres of winter sesame. In the township, sown acreage of sesame is on the rise year by year. Local farmers prefer to grow sesame in winter rather than monsoon."

This year, officials of the township Agriculture Department will raise farmer awareness to expand sown acreage of sesame and use agricultural techniques and GAP system with quality strains of crops.

The crops grown in GAP are higher quality than that of other crops, fetching higher prices and grasping market shares. These quality crops are exportable. Hence, the farmers can earn increased income for their families to improve socioeconomic life. 206


A thriving sesame plantation.

# Pyapon Township supplies 75,000 viss of octopus to Yangon market in August

**Pyapon September 30**

Local fishermen and businesspersons from Pyapon Twnship of Ayeyawady Region sent 75,000 viss of octopus to Yangon market in August, said Daw Myat Su, owner of marine product trading commodity centre in Pyapon Township.

They sent 55,000 viss of octopus to Yangon market in July compared with 75,000 viss in August.

Daw Myat Su commented: "We send marine products including octopus to Yangon market. In August, we sent 75,000 viss of octopus to Yangon market. At present, octopus is in high demand. Depending on weight and size, it fetches good prices. Due to high demand, supply is on the rise, So, local fishermen and businesspersons are convenient in their livelihoods."

The small octopus with long tentacles fetches K25,500 per kilo and short tentacles K20,500. As Pyapon Township can rise volume of marine products to be supplied to Yangon market, local fishermen and traders in addition to those in production chain are having good opportunities.

Kyaw Kyaw Lin


Octopuses getting ready for shipment.

# Plan underway to grow more than 2,000 acres of groundnut in Tamu District in coming winter

**Tamu September 30**

The statistics of Tamu District Agriculture Department stated that a total of 2,150 acres of groundnut will be cultivated in Tamu District of Sagaing Region in coming winter.

In 2024-25 winter, local authorities will earmark 400 acres of groundnut in Myothit Township, 700 acres in Tamu Township and 1,050 acres in Khampak, totalling 2,150 acres.

U Hla Myint, Head of District Agriculture Department said: "We have earmarked more than 2,000 acres of groundnut in coming winter. We will try hard to meet the target cultivation, starting from October. It is expected to achieve success in growing winter groundnut. Sown acreage of groundnut is on the increase year after year."

Farmers use 1.5 baskets of groundnut per acre in growing the plant in the district. They cost more than K200,000 per acre of quality strains of groundnut seeds, labour charge, fertilizers, pesticides and others. But, each acre of groundnut yields more than 50 baskets per acre.

Officials of the township agriculture departments in the district will make field trips to the plantations for prevention of pests and weeding for boosting per-acre yield of crops. 206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တူကီယဲက မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ် ရှေ့ပြေးနမူနာပုံစံ တတိယတစ်စင်း စမ်းသပ်ပျံသန်းမှုကို ဆောင်ရွက်နိုင်ခဲ့



တူကီယဲနိုင်ငံသည် မောင်းသူမဲ့ တိုက်ခိုက်ရေးလေယာဉ် Bayraktar KIZILELMA ရှေ့ပြေးနမူနာပုံစံ တတိယ တစ်စင်း စမ်းသပ်ပျံသန်းမှုကို ပထမဆုံး အကြိမ် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ ကြောင်း Army Recognition သတင်းဌာန က စက်တင်ဘာ ၂၆ ရက်တွင် ရေးသား ဖော်ပြခဲ့သည်။

Bayraktar KIZILELMA သည် တူကီယဲ နိုင်ငံထုတ် မောင်းသူမဲ့တိုက်ခိုက်ရေး လေယာဉ်ဖြစ်ပြီး လေကြောင်းတိုက်ခိုက် ရေးတာဝန်များအတွက် လှုပ်ရှားစစ်ကစား နိုင်မှုစွမ်းအား မြင့်မားကောင်းမွန်ကာ ရေဒါဖြတ်ပိုင်းဧရိယာ(RCS)နည်းပါးသည့် ကိုယ်ပျောက်ပုံစံဒီဇိုင်းချိုးထားသည်။ Tu-rbofan အင်ဂျင်ဖြင့် မောင်းနှင်ထားပြီး ၎င်းသည် ပုံမှန်အလျင်နှုန်း 0.6 Mach နှင့် အမြင့်ဆုံးအလျင်နှုန်း 0.9 Mach ထိ ပျံသန်းနိုင်ပြီး Payload အလေးချိန် ၁ ဒသမ ၅ တန်နှင့် လေထဲတွင် လေးနာရီ ကြာ ပျံသန်းစစ်ဆင်နိုင်မည်ဖြစ်သည်။ အမြင့်ပေ ၂၅၀၀၀ တွင် ပုံမှန်ပျံသန်းနိုင်ပြီး အမြင့်ဆုံးပေ ၄၅၀၀၀ ရှိသည်။ AESA ရေဒါနှင့် Electro-Optical ပစ်မှတ် အာရုံခံစနစ် တပ်ဆင်ထားသည့် KIZILEL-MA မောင်းသူမဲ့ တိုက်ခိုက်ရေးလေယာဉ် သည် ပြေးလမ်းတို ပျံသန်းစစ်ဆင်နိုင် သဖြင့် လေယာဉ်တင်သင်္ဘောများပေါ်တွင် တပ်ဖြန့်အသုံးပြုနိုင်ပြီး အလိုအလျောက် ပျံသန်းတိုက်ပွဲဝင်ရေး ရည်မှန်းချက် တာဝန်များကို ထမ်းဆောင်နိုင်စွမ်းရှိ သည်။ လက်နက်များအနေဖြင့် လေဆာ လမ်းညွှန်ခဲယမ်းများ၊ ဒုံးကျည်များနှင့် တာဝေးပစ် ခရူဇ်ဒုံးကျည်များကို သယ် ဆောင်နိုင်စွမ်းရှိသည်။ အသံထက်မြန် သောTransonic နှင့် Supersonic ဗားရှင်း များဖြင့် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ဇူလိုင်လတွင် စမ်းသပ်ရေးဗဟိုဌာန ချုပ်သို့ လွှဲပြောင်းပေးခဲ့ပြီး တတိယ မြောက် မောင်းသူမဲ့တိုက်ခိုက်ရေး လေယာဉ် Bayraktar KIZILELMA သည် စမ်းသပ်မပျံသန်းမီ အရေးကြီးသော မြေပြင်စမ်းသပ်မှုများ အောင်မြင်စွာ ပြုလုပ်ဆောင်ရွက်နိုင်ခဲ့သည်။ အင်ဂျင် အတက်အဆင်းစမ်းသပ်မှုများ၊ အလို အလျောက် ပြေးလမ်းတွင်ရပ်နားထားမှု၊ ပြေးလမ်းပေါ်တွင် ရှေ့နောက်၊ ဘယ်ညာ မောင်းနှင်စမ်းသပ်မှုများနှင့် အတက် အဆင်းစမ်းသပ်မှုများ ပါဝင်ခဲ့သည်။

စမ်းသပ်ပျံသန်းချိန် တိုတောင်းသော် လည်း အရေးကြီးစနစ်များ၏ လုပ်ဆောင် ချက်များအပေါ် အကဲဖြတ်ဆန်းစစ်ချက် များပြုလုပ်နိုင်ခဲ့သည်။ တတိယမြောက် မောင်းသူမဲ့ တိုက်ခိုက်ရေးလေယာဉ် KIZILELMA ၏ ကိုယ်ထည်တွင် တစ်ပါ တည်း တပ်ဆင်ပေးထားသော AESA ရေဒါသည် နက်နဲသော စစ်ဆင်ရေးတာဝန် များကို လုပ်ဆောင်ရန်အတွက် မရှိမဖြစ် လိုအပ်ကာ ကြိုတင်သတိပေးနိုင်စွမ်း မြင့်မားကောင်းမွန်စေမည်ဖြစ်သည်။

ဤတတိယမြောက် ထုတ်လုပ်နိုင်ခဲ့ သော ရှေ့ပြေးပုံစံ၏ ပထမဆုံးအကြိမ် အောင်မြင်စွာစမ်းသပ်ပျံသန်းနိုင်မှုသည် ပြီးပြည့်စုံသောအဆင့်ထိ ရောက်ရှိရန် ဆက်လက်၍ စမ်းသပ်မှုများ ပြုလုပ် သွားဦးမည်ဖြစ်ရာ တူကီယဲနိုင်ငံ၏ တီထွင်ဆန်းသစ်၊ တိုးတက်ဖွံ့ဖြိုးလုပ် ဆောင်နေမှုလမ်းကြောင်းကို အားသစ် လောင်းနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

**Bayraktar KIZILELMA: Production Prototype Successfully Completes Its First Flight** ကို ဘာသာပြန်ဆို ထားပါသည်။

## အဇာဘိုင်ဂျန် Deftech ကုမ္ပဏီက ADEX 2024 တွင် မျိုးဆက်သစ်ဒရုန်းများ ထုတ်ဖော်ပြသခဲ့

အဇာဘိုင်ဂျန်နိုင်ငံ Deftech ကုမ္ပဏီ သည် ဘာကူမြို့တော်တွင် ကျင်းပပြုလုပ် ခဲ့သည့် ပဉ္စမအကြိမ်မြောက် ADEX 2024 နိုင်ငံတကာ ကာကွယ်ရေးပြပွဲတွင် မျိုးဆက်သစ်ဒရုန်းများကို ထုတ်ဖော်ပြသ ခဲ့ကြောင်း Army Recognition သတင်း ဌာနက စက်တင်ဘာ ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဇာဘိုင်ဂျန်နိုင်ငံ ပြည်တွင်း၌တီထွင် ထုတ်လုပ်ထားသော ဒရုန်းများသည် ကင်းထောက်ခြင်းနှင့် တိကျသောတိုက် ခိုက်မှုတာဝန်နှစ်ခုစလုံး ထမ်းဆောင်နိုင် မည့် အဆင့်မြင့်စွမ်းဆောင်ရည်များ ကြောင့် ပြပွဲတက်ရောက်သူများ၏အာရုံကို ဖမ်းစားနိုင်ခဲ့သည်။ ထုတ်ဖော်ပြသခဲ့ သည့် ဒရုန်းများထဲတွင် DT-001၊ DT-101 VTOL၊ F-1500၊ F-5000E၊ AD-G4 နှင့် MT-100 တို့ပါဝင်ကြောင်း သိရသည်။

DT-001 ဒရုန်းသည် အချိန်ကြာမြင့် စွာ ပျံသန်းနိုင်သော အမြင့်ဆုံးပျံတက်နိုင် သည့် အလေးချိန် ၇၅ ကီလိုဂရမ်မှ ကီလိုဂရမ် ၁၂၀ ကြားရှိ တိုက်ခိုက်ရေး ဒရုန်းအမျိုးအစားဖြစ်သည်။ DT-101 နှင့် အရွယ်အစားတူညီသော်လည်း 360 cc အပူပေးအင်ဂျင်ကို တပ်ဆင်ထားသော ကြောင့် မြင့်မားသောအလျင်နှုန်းဖြင့် တစ်နာရီလျှင် ကီလိုမီတာ ၁၃၀ ထိ ပျံသန်းစစ်ဆင်နိုင်မည်ဖြစ်သည်။ DT-001 ဒရုန်းသည် အကွာအဝေး ကီလိုမီတာ ၄၀ ထိ တိုက်ခိုက်နိုင်သော လေယာဉ်ပစ် ခဲယမ်းများလည်း တပ်ဆင်ထားသည့် အတွက် ဒရုန်းကို ဒရုန်းဖြင့် ပစ်ချနိုင်စွမ်း ရှိမည်ဖြစ်ကြောင်း သိရသည်။

F-1500 နှင့် F-5000E တိုက်ခိုက်ရေး ဒရုန်းများသည် စစ်မြေပြင်အခြေအနေ များတွင်ပင် တိုက်ပွဲဝင်ဖြန့်ကြက်နိုင်စွမ်း ရှိသည်။ F-1500 ဒရုန်းသည် အလေး ချိန် သုည ဒသမ ၅ ကီလိုဂရမ်မှ ၂ ဒသမ ၅ ကီလိုဂရမ်ရှိ Thermobaric Warheads များသယ်ဆောင်၍ အမြင့်ဆုံး အကွာ အဝေး ကီလိုမီတာ ၄၀ ထိ တိုက်ပွဲဝင်နိုင် စွမ်းရှိသည်။ ကျစ်လျစ်ပြီး ပေါ့ပါးစွာ တည်ဆောက်ထားကာ အလျင်အမြန် ကြားဖြတ် တိုက်ခိုက်ရေးတာဝန်များ အတွက် အထူးသင့်လျော်သည်။ အရွယ် အစားပိုကြီးသော F-5000E ဒရုန်းသည် တောင်ပံအလျား ၂ ဒသမ ၂ မီတာရှိပြီး ရန်သူ့တပ်ဖွဲ့များ၊ တင့်ကား၊ သံချပ်ကာ များကို တိုက်ခိုက်ရန်အတွက် အလေးချိန် ငါးကီလိုဂရမ်ရှိသော ခဲယမ်းအမျိုးမျိုး တပ်ဆင်တိုက်ပွဲဝင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

MT-100 ဒရုန်းသည် ကျယ်ပြန့် သော ဧရိယာများကို ကြည့်ရှုထောက်လှမ်း ရန် အမြင့်ပေ မီတာ ၁၀၀ ထိ ပျံသန်း၍ လေထဲတွင် အချိန်ကြာမြင့်စွာ ပျံသန်း စောင့်ကြည့်နိုင်မည်ဖြစ်သည်။ လျှပ်စစ် မော်တာများ တပ်ဆင်အသုံးပြုထားပြီး 30x Optical Zoom ကင်မရာတစ်လုံးပါရှိ သည်။ တင့်၊ သံချပ်ကာတပ်ဖွဲ့များနှင့်အတူ ပေါင်းစည်း၍ လျင်မြန်စွာတပ်ဖြန့်အသုံး ပြုနိုင်စေမည်ဖြစ်သည်။ ၎င်း၏လမ်း



ကြောင်းပြစနစ်သည် ရန်သူ့ Jamming ဒဏ်ခံနိုင်ရည်ရှိသော Multi-channel GPS စနစ်ဖြင့် အဆင့်မြှင့်တင်ပေးထား သောကြောင့် ခြေလျင်ယန္တရားတင် တပ်မဟာများအတွက် နည်းဗျူဟာ မြောက် ဒရုန်းအဖြစ် တပ်ဖြန့်အသုံးပြုနိုင် စေမည်ဖြစ်သည်။

နောက်ဆုံးတစ်မျိုးမှာပန်ကာ (Rotor) တပ် AD-G4 တိုက်ခိုက်ရေးဒရုန်းအမျိုး အစားဖြစ်သည်။ ၈၂မီလီမီတာ မော်တာ ထိပ်ဖူး လေးခုထိတပ်ဆင်၍ သံချပ်ကာ ယာဉ်များကို တိုက်ခိုက်ဖျက်ဆီးရန် ဒီဇိုင်း ထုတ်ထားခြင်းဖြစ်သည်။ နေ့၊ ည မရွေး လမ်းညွှန်ထိန်းကျောင်းရေးစနစ်နှင့် ဆက် သွယ်ရေးစနစ်များ တပ်ဆင်ထားသော ကြောင့် ရန်သူ့အချက်ပြမှုများကို ကြား ဖြတ်နိုင်ပြီး စစ်မြေပြင်တွင် စစ်ဆင်ရေး အတွက် ဘက်စုံအသုံးပြုနိုင်မည်ဖြစ် ကြောင်း သိရသည်။

အချုပ်အားဖြင့်ဆိုသော် အဇာဘိုင် ဂျန်နိုင်ငံတွင် အပြည့်အဝ ဒီဇိုင်းထုတ်လုပ် ထားသော အဆိုပါဒရုန်းအသစ်များသည် ကာကွယ်ရေးနည်းပညာများတွင် တိုးတက် ဖွံ့ဖြိုးလာမှုအခန်းကဏ္ဍကို မီးမောင်းထိုး ပြလျက်ရှိသည်။ ပိုမိုခေတ်မီဆန်းပြားသော နည်းပညာများဖြင့် ပြည်တွင်း၌ထုတ်လုပ် မှုနှင့် နိုင်ငံတကာစိတ်ဝင်စားမှု တိုးပွား လာမှုနှင့်အတူ အဇာဘိုင်ဂျန်နိုင်ငံသည် ဒရုန်းဈေးကွက်တွင် နေရာတစ်နေရာ ရရှိရန် အဆင်သင့်အနေအထား ရောက်ရှိ နေပုံရသည်။

**Azerbaijan's Deftech Unveils a New Generation of Drones at ADEX 2024: From Local Design to International Ambitions** ကို ဘာသာပြန်ဆို ထားပါသည်။

မင်းမျိုး




# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း အုန်းသီးအလုံးရေ ၅၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ညောင်တုန်း စက်တင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း အုန်းသီးအလုံးရေ ၅၇၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ်မှ အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်းက အုန်းသီးအလုံးရေ ၃၇၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ် ၁ ရက်မှ ၃၁ ရက်ထိ အုန်းသီးအလုံးရေ ၅၇၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့ရသည့် အုန်းသီးအလုံးရေ ၁၀၀လျှင် ငွေကျပ် ၈၅၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ညောင်တုန်းမြို့နယ်ကနေ ထွက်ရှိတဲ့ ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချပါတယ်။ ဩဂုတ်လထဲမှာလဲ အုန်းသီးတွေ ဝယ်ယူမှု အားကောင်းခဲ့ပါတယ်။ ဩဂုတ်လထဲမှာ အုန်းသီးအလုံးရေ၅၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က လက်ရှိ စက်တင်ဘာလထဲမှာလဲ အုန်းသီးတွေဝယ်ယူမှု အားကောင်းနေပါတယ်။ ပွဲရုံပိုင်ရှင်တွေက အုန်းပင်စိုက်ပျိုးသူတွေဆီကနေ အုန်းသီးတွေကိုဝယ်ယူပြီး ရန်ကုန်ဈေးကွက်ကို ပြန်လည်တင်ပို့ရောင်းချတာပါ။ ဒေသထွက်အုန်းသီးတွေ ဝယ်ယူမှု အားကောင်းလာတဲ့အတွက် စိုက်ပျိုးတဲ့သူတွေ အဆင်ပြေနေပါတယ်"ဟု ညောင်တုန်းမြို့နယ်မှ အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အုန်းသီးများ ပိုမိုတင်ပို့ရောင်းချနေရသည့်အတွက် ပွဲရုံပိုင်ရှင်များ၊ အုန်းသီးစိုက်ပျိုးသူများ၊ ကုန်ထမ်းလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိကာ အဆင်ပြေနေကြောင်း ညောင်တုန်းမြို့နယ်မှ အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်သက်ထံမှ သိရသည်။

**ကျော်ကျော်လင်း**

# မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၄၅၅၈ ဧကစိုက်ပျိုးသွားမည်

**မင်းကင်း စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၄၅၅၈ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၄၅၅၈ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ မှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် လာမဲ့ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မင်းကင်းမြို့နယ်အတွင်း မြေပဲဧက ၂၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ်တိုးလာပါတယ်"ဟုမင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကလျှင် မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများ၊ မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် ငွေကျပ် နှစ်သိန်းကျော်ကုန်ကျကြောင်း၊ တစ်ဧကစိုက်ပျိုးပါက တင်း၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။


ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

ယခုနှစ် မင်းကင်းမြို့နယ်တွင် မြေပဲစိုက်ခင်းများကို အောင်မြင်ဖြစ်ထွန်းနိုင်ရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းများကို ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)

# စဉ့်ကိုင်မြို့နယ် ထန်းသုံးပင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး

**စဉ့်ကိုင် စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း(Smart Village) ရန်ပုံငွေဖြင့် ထန်းသုံးပင်ကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် အတူ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ လုပ်ငန်းအရည်အသွေး ပြည့်မီစေရန်နှင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

စဉ့်ကိုင်မြို့နယ် ထန်းသုံးပင်ကျေးရွာ၌ အရှည် ၇၀၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းရန်ပုံငွေကျပ် ၁၉ ဒသမ ၈၅ သန်းဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် စက်တင်ဘာ ၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၃၀-၉-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၀၀၀၀/၈၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၈၀၀၀/၁၈၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၅၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၆၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၃၁၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၆၅၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၂၁၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၇၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနားများကျင်းပ

**နေပြည်တော် စက်တင်ဘာ ၃၀**

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိနှင့်ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ပြည်ထဲရေးဝန်ကြီးဌာန၊တပ်ဖွဲ့၊ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်များ၊ ရဲအရာရှိကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော်၊သံဃာတော်များချီးမြှင့်အပ်သော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက ဆရာတော်၊သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး ဆရာတော်၊သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ပျဉ်းမနား-တောင်ညိုလမ်းဘေးရှိ အမှတ်(၃)မင်္ဂလာကန်တော်၌ ကျင်းပသည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး မင်္ဂလာကန်တော်အတွင်းသို့ ငါးမြစ်ချင်းငါးမျိုးစိတ်ငါးသားပေါက် အကောင် ၁၀၀၀၀ ကို ဇီဝိတဒါနအဖြစ်လွှတ်ပေးကြသည်။

ထို့အတူ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ်အဖြစ် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်၌ စေတီတော်မြတ်ကြီးအား ရွှေစင်ရွှေပြား တစ်ကျပ်သားဆက်ကပ်လှူဒါန်းနိုင်ရန်အတွက် အလှူတော်ငွေကျပ် ၂၈၄၇၀၀၀ နှင့် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ "ကရုဏာကမ္ဘာ" ဘိုးဘွားရိပ်သာသို့ အလှူငွေကျပ် ၁၁၀၀၀၀၀ တို့ကို လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ရေ၊လေ)အားကစားပြိုင်ပွဲ ပြိုင်ပွဲအမျိုးအစားအလိုက် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**☆ အားကစားပြိုင်ပွဲများမှ**

လူသစ်တန်းပြိုင်ပွဲ တစ်ဦးချင်းဆုတံဆိပ်များ၊ လူသစ်တန်းအကောင်းဆုံးအားကစားသမားဆုများကို ဗိုလ်မှူးကြီးကျော်စွာထွန်းကလည်းကောင်း၊အကြီးတန်းပြိုင်ပွဲတစ်ဦးချင်းဆုတံဆိပ်များ၊ အကြီးတန်းအကောင်းဆုံးအားကစားသမားဆုများကို နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စိုးဦးကလည်းကောင်း၊ လူသစ်တန်းဒိုင်းဆု၊အကြီးတန်းဒိုင်းဆုနှင့်တံခွန်စိုက်ဒိုင်းဆုကြီးကို ဗိုလ်ချုပ်သက်ထွန်းဦးတို့ကလည်းကောင်း အသီးသီးဆုများချီးမြှင့်ကြသည်။

အလားတူ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ပြေးခုန်ပစ်ပြိုင်ပွဲမှ အမျိုးသား၊အမျိုးသမီး အပြေးပြိုင်ပွဲ၊ တန်းမြင့်ခုန်ပြိုင်ပွဲ၊ တန်းကျော်ပြေးပြိုင်ပွဲ၊ သံလုံးပစ်ပြိုင်ပွဲ၊သံပြားဝိုင်းပစ်ပြိုင်ပွဲ၊တုတ်ထောက်ခုန်ပြိုင်ပွဲ၊ အလျားခုန်ပြိုင်ပွဲ၊ လှံတံပစ်ပြိုင်ပွဲ၊ ဗိုလ်လုပွဲများကိုအသီးသီးယှဉ်ပြိုင်ကစားပြီး အားကစားအမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများကို တပ်မတော်အရာရှိကြီးများနှင့် တပ်မတော် ပြေးခုန်ပစ်ကော်မတီမှ တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့ပြင်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီးဂျူဒိုပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(A)တွင် အမျိုးသား၊ အမျိုးသမီးကီလိုတန်းအလိုက်အတိုက်ရှုံးထွက်ပွဲစဉ်များ၊ ပတ်လည်ပွဲစဉ်များ၊ တတိယလုပွဲများနှင့် ဗိုလ်လုပွဲစဉ်များကို အသီးသီးယှဉ်ပြိုင်ကစားပြီး အားကစားအမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို တပ်မတော်အရာရှိကြီးများနှင့် တပ်မတော်ဂျူဒိုကော်မတီမှ တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

တပ်မတော်(ကြည်း၊ရေ၊လေ) အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲကိုဇေယျာသီရိအားကစားရုံ(B)တွင် အမျိုးသားကွာတားအဆင့် ပတ်လည်ပွဲစဉ်များကိုလည်းကောင်း၊ အမျိုးသား၊အမျိုးသမီး မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(C)၌လည်းကောင်း၊ လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို နေပြည်တော်ရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်းရှိ တပ်နယ်အားကစားခန်းမ၌ လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလားဘောလုံးပြိုင်ပွဲအဖြစ် ညနေပိုင်းတွင် လေ့ကျင့်ရေးကွင်း(၁)၌ ဒုတိယအဆင့်အုပ်စုပတ်လည်ပွဲစဉ်အဖြစ် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်အဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စခန်းမှူးရုံး ကိုယ်စားပြုအသင်းနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စခန်းမှူးရုံးအသင်းက တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို လေးဂိုး တစ်ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(၅၀၁)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေး ကချင်ပြည်နယ်ဒေသဆိုင်ရာလုပ်ငန်းကော်မတီနှင့် လုပ်ငန်းဆပ်ကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ တက်ရောက်




**နေပြည်တော် စက်တင်ဘာ ၃၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် ဦးဆောင်သော ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်က ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်များကို အောင်မြင်စွာလိုက်နာအကောင်အထည်ဖော်နိုင်ရေးနှင့် အဓိကရည်မှန်းချက်ဖြစ်သော ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်ရသော လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဒေသတွင်းတည်ငြိမ်အေးချမ်းစွာ ကောက်ယူနိုင်ရေး အလေးအနက်ထားကြိုးစား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အများပြည်သူနှင့် သက်ဆိုင်သော ဥပဒေ၊ နည်းဥပဒေများအပေါ် နိုင်ငံသားတိုင်း သိသင့်၊ သိထိုက်သည်များကို ကျောင်းသားကလေးအရွယ်မှစတင်၍ ဝန်ထမ်းများအပါအဝင် အရွယ်ရောက်ပြီးသူတိုင်း သိရှိနားလည်နိုင်ရေး အသိပညာပေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံသားတိုင်း ဥပဒေကို လေးစားလိုက်နာပြီး ပိုကောင်းသည့်ပတ်ဝန်းကျင်များကို ဖန်တီးနိုင်မည်ဖြစ်ကြောင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကချင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ပွင့်လင်းရင်းနှီးစွာ တင်ပြဆွေးနွေးပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းစဉ် လေးရပ်အပါအဝင် အောက်တိုဘာ ၁ ရက်မှစတင်၍ ခရိုင်၊ မြို့နယ်များအလိုက် သန်းခေါင်စာရင်းကောက်ယူသွားမည့် အစီအမံများ၊ ဒေသဝမ်းစာဖူလုံရေးအတွက် ဆန်ဖူလုံမှုနှင့် ဒေသတွင်း စားဆီဖူလုံရေးအတွက် ငါးနှစ်စီမံကိန်းချမှတ်ဆောင်ရွက်နေမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ ပထမနှစ်စက်ဝန်းဖြင့် အိမ်ထောင်စု ၃၀၀၀၀ ကျော်ကို ရင်းနှီးမတည်ပေးနိုင်ခဲ့မှု၊ ဒုတိယနှစ်စက်ဝန်းဖြင့် ချေးငွေလည်ပတ်နေမှုနှင့် စက်သုံးဆီနှင့်အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ပစ္စည်းများတင်သွင်းနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် အဆိုပါအစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည့် ကချင်ပြည်နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေး ကချင်ပြည်နယ်ဒေသဆိုင်ရာလုပ်ငန်းကော်မတီနှင့် လုပ်ငန်းဆပ်ကော်မတီများ၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နယ်စပ်ဒေသများ လမ်းပန်းဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍစသည့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သောကဏ္ဍများကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ် ဒေသဆိုင်ရာလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်းပြီး ဘဏ္ဍာနှစ်အလိုက်၊ လုပ်ငန်းကဏ္ဍအလိုက် ပြည်နယ်ရန်ပုံငွေ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌများဖြစ်သည့် ပြည်နယ်ဝန်ကြီးများက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် သက်ဆိုင်ရာလုပ်ငန်းဆပ်ကော်မတီအလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လျာထားလုပ်ငန်းစီမံကိန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လုပ်ငန်းလိုအပ်ချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၄ ခုနှစ် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ




**နေပြည်တော် စက်တင်ဘာ ၃၀**

၂၀၂၄ ခုနှစ် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) Meeting Hall၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းရှိ ဆေးရုံများမှ ဆေးရုံအုပ်ကြီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာတစ်ဝန်းတွင် နှလုံးနှင့်နှလုံးသွေးကြောရောဂါများကြောင့် နှစ်စဉ်လူဦးရေ ၂၀ ဒသမ ၅ သန်းကျော် သေဆုံးနေရပြီး သေဆုံးမှု၏ ၈၅ ရာခိုင်နှုန်းသည် ရုတ်တရက်နှလုံးရပ်ခြင်း၊ ဦးနှောက်သွေးကြောပိတ်ခြင်း၊ ဦးနှောက်သွေးကြောပေါက်ခြင်းနှင့် လေဖြတ်ခြင်းတို့ကြောင့် သေဆုံးနေရခြင်းဖြစ်သည်ကို ကမ္ဘာ့နှလုံးကျန်းမာရေး ဖက်ဒရေးရှင်း၏ အချက်အလက်များအရ သိရှိရကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုအတွင်း နှလုံးနှင့်နှလုံးသွေးကြောရောဂါများအပါအဝင် အခြားမကူးစက်နိုင်သောရောဂါများဖြစ်ပွားသေဆုံးမှုကို လျှော့ချနိုင်ရေးအတွက် မကူးစက်နိုင်သောရောဂါများ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) ကိုရေးဆွဲပြီး ရောဂါကာကွယ်ကုသရေးလုပ်ငန်းများကိုအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

နှစ်စဉ် စက်တင်ဘာ ၂၉ ရက်တွင်ကျရောက်သည့် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့တွင် ဗဟို၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့နယ်များတွင် အထိမ်းအမှတ်အခမ်းအနားများ၊ လှုပ်ရှားမှုများကိုကျင်းပပြီး ပြည်သူလူထုအတွင်း နှလုံးကျန်းမာရေးနှင့်ပတ်သက်၍ ကျန်းမာရေး အသိပညာမြှင့်မားစေရေးအတွက် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုနှစ်ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ "Use Heart For Action"ဖြစ်ပြီး “နှလုံးအစဉ်ကျန်းမာဖို့ သိဉာဏ်ဆင်ခြင် ဆောင်ရွက်စို့”ဟု မြန်မာဘာသာပြန်ဆိုထားပြီး ပြည်သူလူထုအတွင်း မိမိတို့နှလုံးကျန်းမာရေးအတွက် အသိဉာဏ်ဖြင့် ဆင်ခြင်ပြီး ရောဂါမဖြစ်အောင် အစဉ်သတိဖြင့် စောင့်ရှောက်နေထိုင်သွားရန်နှင့် မူဝါဒရေးဆွဲချမှတ်သူများအနေဖြင့်လည်း နှလုံးသွေးကြောရောဂါများ ကာကွယ်ထိန်းချုပ်ခြင်းအတွက် ဦးစားပေးဆောင်ရွက်ကြရန် တိုက်တွန်းလိုခြင်းဖြစ်ကြောင်း။

ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ကျေးလက်ဒေသမှပြည်သူများ လက်လှမ်းမီစေရေးအတွက် ဆီးချိုသွေးချိုနှင့် သွေးတိုးရောဂါဆေးကုသမှုဆေးခန်းများကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်းဖွင့်လှစ်၍ စစ်ဆေးကုသပေးလျက်ရှိကြောင်း၊ ကုသမှုအတွက်လိုအပ်သော မကူးစက်နိုင်သောရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းသုံးအခြေခံဆေးဝါးနှင့် ဆေးပစ္စည်းများပြတ်လပ်ခြင်းမရှိအောင် ကျန်းမာရေးဝန်ကြီးဌာနမှ ရန်ပုံငွေကျပ်သန်းပေါင်းများစွာ အကုန်အကျခံဝယ်ယူဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ကျန်းမာရေးဌာနများမှ နှလုံးနှင့် နှလုံးသွေးကြောရောဂါကာကွယ်ကုသ ရေးဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုများပေးလျက်ရှိသကဲ့သို့ ပြည်သူတစ်ဦးတစ်ယောက်ချင်းအနေဖြင့် မိမိ၏ နှလုံးကျန်းမာရေးအတွက် မိမိကစပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် နေထိုင်မှုပုံစံကို အသိဉာဏ်ဖြင့် ဆင်ခြင်နေထိုင်သွားကြရန် အလေးထားတိုက်တွန်းပြောကြားသည်။

ထို့နောက် ၂၀၂၄ ခုနှစ် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့အထိမ်းအမှတ်ဗီဒီယိုပြသပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် နှလုံးသွေးကြောရောဂါကာကွယ်ထိန်းသိမ်းရေးစီမံချက်နှင့် ဆီးချိုသွေးချိုထိန်းသိမ်းရေးစီမံချက်တို့မှ စီမံချက်မန်နေဂျာများက နှလုံးနှင့် နှလုံးသွေးကြောရောဂါကာကွယ်ကုသမှုဆိုင်ရာ ဆရာဝန်များအတွက် လက်စွဲစာအုပ်ကို ပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူသည်။

မွန်းလွဲပိုင်းတွင် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ အထိမ်းအမှတ်အစီအစဉ်တစ်ရပ်အဖြစ် နှလုံးနှင့် နှလုံးသွေးကြောရောဂါကာကွယ်ကုသမှုဆိုင်ရာ ဗဟိုအဆင့်မွမ်းမံသင်တန်းဖွင့်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သင်တန်းသားများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စိန်ရတုမှာ စိန်ကောင်းတစ်ပွင့်ဖြစ်လာတဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရတုအဆက်ဆက်တိုင် အောင်မြင်ပါစေ

စိန်ရတုဆိုတာ အကြောင်းအရာတစ်ခုခုက နှစ်ပေါင်း ၇၅ နှစ်တိုင်သည်အထိ တည်တံ့ခိုင်မြဲနေတဲ့အခြေအနေမျိုးကိုခေါ်တာဖြစ်ပါတယ်။ စိန်ဆိုတာကတော့ လူတိုင်းကမြတ်နိုးစွာတန်ဖိုးထားရသလို အဖိုးလည်းထိုက်တန်လှတဲ့ ရတနာတစ်မျိုးပါ။




စိန်ဆိုတဲ့ရတနာက ၇၅ နှစ်ဆိုတဲ့ကာလအတွင်းမှာဖြစ်ပေါ်တည်ရှိဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ အနည်းဆုံးတော့ နှစ်ပေါင်း တစ်ဘီလီယံကနေ ၃ ဒသမ ၃ ဘီလီယံအထိ ကြာမြင့်တတ်ပါတယ်။

ဒါပေမဲ့ စိန်ကဲ့သို့သော တန်ဖိုးကြီးမားလှတဲ့၊ အရောင်အသွေးတောက်ပြောင်လှတဲ့ ကမ္ဘာ့ရတနာကြီးတစ်ပါးကတော့ ၇၅ နှစ်ဆိုတဲ့ကာလအတွင်းမှာ ဖြစ်ပေါ်တိုးတက်လာခဲ့ပါတယ်။ အဲဒါကတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံပါပဲ။

တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုတာ ဒီကနေ့အချိန်အခါမှာ ကမ္ဘာ့နိုင်ငံများက ယုံကြည်စွာ အားကိုးအားထားပြုထိုက်တဲ့ နိုင်ငံတစ်နိုင်ငံအဖြစ်သာမက ကမ္ဘာပေါ်မှာ မဟာအင်အားကြီးနိုင်ငံတစ်နိုင်ငံလည်းဖြစ်လို့လာနေပါပြီ။

အဘက်ဘက်က မတည်ငြိမ်မှုတွေ၊ အားနည်းချက်တွေရှိနေခဲ့တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေနဲ့ ၇၅ နှစ်အတွင်းမှာ ဒီကနေ့လိုအနေအထားမျိုးရောက်ရှိဖို့ တော်တော်လေးကိုရုန်းကန်ကြိုးပမ်းခဲ့ရတာပါ။

စိန်ကောင်းတစ်ပွင့်ရဖို့အတွက် ဖိအားများစွာကိုရင်ဆိုင်ရသလို တရုတ်ပြည်သူ့သမ္မတနိုင်ငံကလည်း ဖိအားများစွာ၊ စိန်ခေါ်မှုများစွာ၊ အခက်အခဲအကျပ်အတည်းများစွာကို လိမ္မာပါးနပ်စွာကိုင်တွယ်ထိန်းသိမ်းဖြေရှင်းခြင်းအားဖြင့်သာ စိန်ရတုတိုင်လာတဲ့အချိန်မှာ စိန်ကောင်းတစ်ပွင့်ဘဝကို ရရှိခဲ့တာဖြစ်ပါတယ်။

ဒီတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံဖြစ်ပေါ်မှု သမိုင်းကြောင်းလေးကို နည်းနည်းလောက်ပြောလိုက်ရအောင်။ ပြီးရင်ဖွံ့ဖြိုးတိုးတက်မှုအတွက် သူတို့တွေ ဘာတွေလုပ်ခဲ့လဲဆိုတာကို အများသူငါအနေနဲ့သိရှိနိုင်အောင် ဆက်လက်တင်ပြသွားပါမယ်။

### သမိုင်းကြောင်း

တရုတ်နိုင်ငံဆိုတာ နှစ်ပေါင်း ၅၀၀၀ ကျော်သက်တမ်းရှိတဲ့ လူ့အဖွဲ့အစည်းကြီးတစ်ခုပါ။ ဒါပေမဲ့ အဲဒီနှစ်တွေအတွင်းမှာ အကြောင်းအမျိုးမျိုးကြောင့် ပဒေသရာဇ်စနစ်ပျက်သုဉ်းတာ၊ သူ့ကျွန်ဘဝရောက်ရတာ၊ ပြည်တွင်းစစ်ဖြစ်ပွားရတာတွေရှိပါတယ်။ အဲဒီကာလတွေတုန်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုပြီး ဖြစ်ပေါ်လာခြင်းမရှိသေးပါဘူး။

ဒါကြောင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဖြစ်ပေါ်လာမှုသမိုင်းကြောင်းကို ပြန်ကြည့်ရင် ၁၉၄၉ ခုနှစ် အောက်တိုဘာလ ၁ ရက်မှာ စတင်ခဲ့တာကိုတွေ့ရပါမယ်။ အဲဒီအချိန်တုန်းက တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီဥက္ကဋ္ဌ မော်စီတုန်းက ပေကျင်းမြို့လယ်မှာရှိတဲ့ တီယန်မင်ဂိတ်တံခါးအပေါ်ကနေပြီး တရုတ်နိုင်ငံကို "တရုတ်ပြည်သူ့သမ္မတနိုင်ငံ" လို့ သတ်မှတ်ကြောင်းကြေညာလိုက်တာပါ။

တရုတ်ကွန်မြူနစ်ပါတီအနေနဲ့ ခေတ်ပြောင်းတော်လှန်ရေးမှာ ချန်ကေရှိတ်ဦးဆောင်တဲ့ ကူမင်တန်အစိုးရကို ဖြုတ်ချနိုင်ပြီးနောက် တရုတ်သမ္မတနိုင်ငံကို တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုပြီး အမည်ပြောင်းလဲသတ်မှတ်ကာ နိုင်ငံထူထောင်လိုက်တာဖြစ်ပါတယ်။ အဲဒီနေ့ကိုပဲ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့အမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့ပါတယ်။

အဲဒီနောက် တရုတ်ကွန်မြူနစ်ပါတီခေါင်းဆောင်ကြီး မော်စီတုန်းလက်ထက်မှစလို့ ယနေ့တရုတ်သမ္မတ ရှီကျင့်ဖျင်လက်ထက်အထိ ခေါင်းဆောင်အဆင့်ဆင့်က တရုတ်ပြည်သူ့သမ္မတနိုင်ငံကိုဖွံ့ဖြိုးတိုးတက်မှုတွေရှိလာအောင် ကြိုးဆောင်ခဲ့ကြသူတွေ၊ လက်တွေ့အကောင်အထည်ဖော်ခဲ့ကြသူတွေဖြစ်ပါတယ်။

### စာတတ်မြောက်မှု

ပြည်သူတွေဟာ ပညာတတ်မြောက်မှနိုင်ငံတော်လည်းဖွံ့ဖြိုးတိုးတက်လာမယ်ဆိုတာ တရုတ်ခေါင်းဆောင်တွေက သိပါတယ်။ ဒါကြောင့် ပညာရေးကိုဦးစားပေးပြီး အကောင်အထည်ဖော်မှုတွေ လုပ်ဆောင်ခဲ့ရာ ၁၉၄၉ ခုနှစ်မှာ စာဖတ်တတ်သူအရေအတွက်က လူဦးရေရဲ့ ၂၀ ရာခိုင်နှုန်းသာရှိရာမှ နှစ်ပေါင်း ၃၀ ကြာပြီးတဲ့အချိန်မှာ စာဖတ်တတ်သူဦးရေ ၆၅ ဒသမ ၅ ရာခိုင်နှုန်းအထိ မြင့်တက်လာပါတယ်။

၂၀၂၁ ခုနှစ်မှာစာတတ်မြောက်မှုနှုန်းက ၉၉ ဒသမ ၈ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ပြီလို့ ကမ္ဘာ့ဘဏ်ရဲ့ထုတ်ပြန်ချက်မှာဖော်ပြထားပါတယ်။ ဒါကြောင့် ၂၀၂၄ ခုနှစ်မှာ တရုတ်နိုင်ငံရဲ့စာတတ်မြောက်မှုနှုန်းက ရာနှုန်းပြည့်ဖြစ်နေပြီလို့ယုံကြည်ရပါတယ်။

နိုင်ငံသားတွေစာတတ်မြောက်မှုနှင့်အတူ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ ခေါင်းဆောင်အသီးသီးက ဖော်ဆောင်ခဲ့ပါသေးတယ်။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူတွေထဲမှာတော့ ယနေ့ကမ္ဘာမှာ တရုတ်နိုင်ငံကအအောင်မြင်ဆုံးဖြစ်နေတာကိုတွေ့ရမှာပါ။

### စီးပွားရေး

ဒီလိုအောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းတွေကို အကောင်အထည်ဖော်နိုင်ဖို့အတွက် စီးပွားရေးပြုပြင်ပြောင်းလဲမှုနဲ့ တံခါးဖွင့်မူဝါဒကို တရုတ်ကွန်မြူနစ်ပါတီခေါင်းဆောင်တစ်ဦးဖြစ်တဲ့ တိန့်ရှောင်ဖိန်က ချမှတ်ခဲ့ပါတယ်။

မူဝါဒချမှတ်မှုနဲ့အတူ တခြားနိုင်ငံတွေရဲ့ စီးပွားရေးလုပ်ဆောင်မှုနည်းနာတွေကိုလည်း လေ့လာစေခဲ့ပါသေးတယ်။ တိန့်ရှောင်ဖိန်လက်ထက်မှာ စင်ကာပူနိုင်ငံကိုသွားရောက်ပြီး စီးပွားရေးဆိုင်ရာနည်းနာနိသယတွေကိုဆည်းပူးဖို့စေလွှတ်ခံရတဲ့အရာရှိစုစုပေါင်း ၂၂၀၀၀ ကျော်ရှိပါတယ်။

ဒါ့အပြင် အထူးစီးပွားရေးဇုန်တွေကိုလည်း ဖော်ထုတ်နိုင်ခဲ့သလို ပြည်ပရင်းနှီးမြှုပ်နှံမှုတွေကိုလည်း ဝင်ရောက်စေခဲ့ပြန်ပါတယ်။ ၁၉၈၄ ခုနှစ်မေလမှာ ရှန်ဟိုင်း၊ ကွမ်ကျိုးနဲ့ တီယန်ကျင်းတို့အပါအဝင် ကမ်းရိုးတန်းမြို့ပေါင်း ၁၄ မြို့ကို "တံခါးဖွင့်ကမ်းရိုးတန်းမြို့များ" အဖြစ် ခေါ်ဝေါ်သတ်မှတ်ပြီး စီးပွားရေးတိုးတက်မှုတွေရရှိအောင် ကြိုးပမ်းအားထုတ်ခဲ့ပါတယ်။

တိန့်ရှောင်ဖိန်ဟာ နောင်တစ်ချိန်မှာ သိပ္ပံနှင့်နည်းပညာကသာ အခရာဖြစ်လာမယ်ဆိုတာကို ကြိုသိခဲ့သလိုပါပဲ။ သိပ္ပံနှင့်နည်းပညာက ပင်မကုန်ထုတ်လုပ်မှုစွမ်းအားဖြစ်တယ်လို့ကိုသတ်မှတ်ပြီးတော့ မူဝါဒချမှတ်အကောင်အထည်ဖော်မှုတွေကိုလုပ်ဆောင်ခဲ့ပါတယ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ ကိုယ်တိုင်လည်းတံခါးဖွင့်ဝါဒကို ကျင့်သုံးပြီး ပြည်တွင်းမှာ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို လက်ခံခြင်းအားဖြင့် စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ခဲ့သလို ပြည်ပနိုင်ငံများနဲ့ဆက်ဆံရေးကောင်းများတည်ဆောက်ပြီး ရင်းနှီးမြှုပ်နှံခြင်းအားဖြင့် နှစ်ဦးနှစ်ဖက်အကျိုးရှိစေတဲ့ စီးပွားရေးအခွင့်အလမ်းများကိုလည်း ဖော်ဆောင်ခဲ့ပါတယ်။

အခုဆိုရင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ ကမ္ဘာပေါ်မှာဒုတိယမြောက် စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်လာသလို သူ့ရဲ့ဂျီဒီပီကလည်း ၂၀၂၄ ခုနှစ် ပထမနှစ်ဝက်အတွင်းမှာ ယွမ် ၆၁ ဒသမ ၆၈ ထရီလီယံအထိ ရရှိထားတာကိုတွေ့ရပါတယ်။

ဒီပမာဏဟာ ပြီးခဲ့တဲ့နှစ်နဲ့နှိုင်းယှဉ်ရင်တော့ ၅ ရာခိုင်နှုန်းတိုးတက်လာတာပါ။ သူတို့အနေနဲ့ အခုလိုမျိုးစီးပွားရေးတိုးတက်ရမှုမှာ စက်မှုကုန်ထုတ်လုပ်ငန်းက အဓိကနေရာကနေပါဝင်နေတာဖြစ်ပါတယ်။

### နိုင်ငံရေး

တိန့်ရှောင်ဖိန်လက်ထက်မှာ နိုင်ငံရေးပြောင်းလဲမှုတွေကိုအဓိကထားလုပ်ဆောင်ခဲ့တာပါ။ ဒီလိုမျိုး ပြောင်းလဲမှုကြောင့်ပဲ တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းဆီကို အရှိန်အဟုန်နဲ့ အရောက်လှမ်းနိုင်ခဲ့တာဖြစ်ပါတယ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံကိုစတင်တည်ထောင်စဉ်က သမားရိုးကျတောင်သူလယ်သမားအသိုင်းအဝိုင်းကနေ ဆိုရှယ်လစ်စနစ်ကို ပြောင်းလဲကျင့်သုံးခဲ့ပါတယ်။ မော်စီတုန်းအနေနဲ့ နိုင်ငံကောင်းစားမယ်ဆိုတဲ့မျှော်မှန်းချက်နဲ့ ဒီစနစ်ကိုပြောင်းလဲကျင့်သုံးခဲ့ပေမယ့် ထင်သလောက်ခရီးမပေါက်ခဲ့ပါဘူး။

တိန့်ရှောင်ဖိန်လက်ထက်မှာတော့ နိုင်ငံရေးစနစ်တွေကို စတင်ပြောင်းလဲခဲ့ပါတယ်။ ဒီလိုပြောင်းလဲရတဲ့ ရည်ရွယ်ချက်က အုပ်ချုပ်မှုလုပ်ငန်းတွေကို ကောင်းမွန်ထိရောက်စွာလုပ်ဆောင်နိုင်စေဖို့၊ ပါတီနဲ့အစိုးရကြားက တာဝန်ယူ၊ တာဝန်ခံမှုတွေကို ကွဲကွဲပြားပြားရှိစေဖို့နဲ့ ဗျူရိုကရေစီစနစ်ကို အပြီးတိုင်ဖျက်သိမ်းဖို့အတွက်ပါပဲ။

လက်ရှိမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကွန်မြူနစ်စနစ်ကိုကျင့်သုံးနေတယ်ဆိုပေမယ့်လည်း ဗဟိုဦးစီးချုပ်ကိုင်မှုရှိတဲ့ ကွန်မြူနစ်စနစ်တော့မဟုတ်ပါဘူး။ တရုတ်မူဟန်နဲ့ ပြည်သူကိုမဏ္ဍိုင်ပြုတဲ့ ကွန်မြူနစ်စနစ်ကိုကျင့်သုံးနေတာဖြစ်ပါတယ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ နိုင်ငံရေးစနစ်ပြောင်းလဲမှုက ဘယ်ကိုအဓိကဦးတည်လဲဆိုရင် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဆီကိုဦးတည်နေတာပါ။ ဒီလိုနည်းနဲ့လျှောက်လှမ်းနေတဲ့ တရုတ်နိုင်ငံရဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ လမ်းကြောင်းပေါ်မှာ သူတို့တစ်နိုင်ငံတည်းသာမက ကမ္ဘာကြီးရဲ့ဖွံ့ဖြိုးတိုးတက်မှုကိုပါ အထောက်အကူကောင်းများဖြစ်စေခဲ့တာကိုလည်းတွေ့ရပါတယ်။

### စစ်ရေး

စစ်ရေးပိုင်းဆိုင်ရာနဲ့ပြောင်းလဲမှုမှာတော့ တော်တော်ကြီးကိုထင်ထင်ရှားရှားပြောင်းလဲလာအောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။ အထူးသဖြင့် လက်ရှိ တရုတ်သမ္မတရှီကျင့်ဖျင်လက်ထက်မှာ စစ်သည်အင်အားဖောင်းပွမှုကို ကျစ်ကျစ်လျစ်လျစ်ဖြစ်စေပြီး စစ်လက်နက်ပစ္စည်းတွေရဲ့စွမ်းပကားကို သိသာထင်ရှားစွာတိုးမြှင့်ခဲ့ပါတယ်။

စစ်အင်အားကြီးနိုင်ငံများရဲ့ ပြယုဂ်တစ်ခုဖြစ်တဲ့ လေယာဉ်တင်သင်္ဘောဆိုရင်လည်း သုံးစင်းအထိ ပိုင်ဆိုင်နေပါပြီ။ အဲဒီထဲမှာမှ နှစ်စင်းကိုပြည်တွင်းမှာပဲထုတ်လုပ်ထားတာပါ။ အခုလက်ရှိမှာလည်း ရေတပ်ရဲ့စတုတ္ထမြောက်လေယာဉ်တင်သင်္ဘောကို တည်ဆောက်နေပါတယ်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံဟာ နျူကလီးယားလက်နက်ကိုပိုင်ဆိုင်လာမှုနဲ့အတူ ဒုံးကျည်စွမ်းပကားမှာ ခေတ်ရှေ့ပြေးတိုးတက်လာနေပြန်ပါတယ်။ အသံနှုန်းလွန်ဒုံးကျည်ဆိုတာကို တရုတ်နိုင်ငံကလည်းပိုင်ဆိုင်ထားပါတယ်။

ဒီကနေ့ ကမ္ဘာပေါ်မှာ စစ်အင်အားအများဆုံးနိုင်ငံက တရုတ်နိုင်ငံပါ။ စစ်သည်အင်အားစုစုပေါင်းက ၂ ဒသမ ၈ သန်းရှိပါတယ်။

စာမျက်နှာ ၁၉ သို့


# ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင်ကျင်းပသည့် (၇)ကြိမ်မြောက် ရုရှားစွမ်းအင်ရက်သတ္တပတ် အပြည်ပြည်ဆိုင်ရာဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၃၀**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ စက်တင်ဘာ ၂၆ ရက် မှ ၂၈ ရက်ထိ ကျင်းပခဲ့သည့် (၇)ကြိမ်မြောက် ရုရှားစွမ်းအင်ရက်သတ္တပတ်အပြည်ပြည်ဆိုင်ရာဖိုရမ်သို့ တက်ရောက်ခဲ့သည်။

စက်တင်ဘာ ၂၆ ရက် နံနက် ၁၁ နာရီတွင် ပြည်ထောင်စုဝန်ကြီးသည် (၇) ကြိမ်မြောက် ရုရှားစွမ်းအင်ရက်သတ္တပတ် အပြည်ပြည်ဆိုင်ရာဖိုရမ်၏ "Low-Carbon Energy: The Foundation of a Sustainable Future" ခေါင်းစဉ်ဖြင့် ကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုစွမ်းအား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကာဗွန်နည်းသော အရင်းအမြစ်များဖြစ်သည့် ပြန်ပြည့်မြဲစွမ်းအင် (ရေအား၊ လေအား၊ နေရောင်ခြည်)ကို နိုင်ငံတော်ဓာတ်အားစနစ်(National Grid) နှင့်ချိတ်ဆက်ပြီး ဓာတ်အားထုတ်လုပ်သည့်စီမံကိန်းများ အကောင်အထည်ဖော်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ ရေအား လျှပ်စစ်လေစွမ်းအင်အရင်းအမြစ်ရရှိနိုင်သည့်နေရာများတွင် စီမံကိန်းဖြစ်မြောက်နိုင်စွမ်းလေ့လာမှုကိုဆောင်ရွက်လျက်ရှိရာ ကုန်းတွင်းစီမံကိန်းနေရာ ၂၈ ခုနှင့် ကမ်းလွန်စီမံကိန်းနေရာ နှစ်ခုရှိကြောင်း၊ လေအားစွမ်းအင်သုံး၊ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများ (Energy Storage System) နှင့် ပေါင်းစပ်ပြီး ဓာတ်အားစနစ်သို့ပို့လွှတ်ခြင်းဖြင့် တည်ငြိမ်သည့် ဓာတ်အားပေးစနစ်ရရှိရေးကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားကို တည်တည်ငြိမ်ငြိမ်ဖြင့် ကာလကြာရှည်စွာ၊ ယုံကြည်စိတ်ချစွာ ဖြည့်ဆည်းပေးနိုင်ပြီး မြန်မာနိုင်ငံတွင် ကာဗွန်ထုတ်လုပ်မှု အနည်းဆုံး စွမ်းအင်အရင်းအမြစ်များကို ပေါင်းစပ်ဓာတ်အား ထုတ်လုပ်ခြင်းဖြင့် UNFCCC ၏ ဆုံးဖြတ်ချက်နှင့်အညီ မြန်မာနိုင်ငံအမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုလျော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ် (Nationally Determine Contribution-NDC)ပါ ရည်မှန်းချက်ဖြစ်သည့် ၂၀၃၀ ပြည့်နှစ်တွင် ကာဗွန်ဒိုင်အောက်ဆိုဒ် တန် ၁၀၅ သန်းကျော် လျော့ချရေးကို ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးခဲ့သည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့်အတူ ဖိုရမ်၏ပင်မအစီအစဉ်ဖြစ်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်နှင့် အီကွေတိုရီရယ်ဂီနီသမ္မတနိုင်ငံ သမ္မတ တီယိုဒိုရိုအိုဘင်ရာ နဂွင်းမာ အမ်ဘားဆိုဂိုတို့က ကမ္ဘာ့နိုင်ငံများ၏ စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ခြင်းအပေါ် ဆွေးနွေးခဲ့ကြသည့် မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Rosatom ၏အကြီးအကဲဖြစ်သူ ဥက္ကဋ္ဌ အလက်ဆီလီကာချော့နှင့်အဖွဲ့ကို တွေ့ဆုံ၍ နှစ်နိုင်ငံကြား လျှပ်စစ်စွမ်းအား ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နေသည့် ကိစ္စရပ်များကို ဆွေးနွေးပြီး ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

စက်တင်ဘာ ၂၇ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများဖြစ်သည့် Rosatom Renewable Energy ကုမ္ပဏီ၊ Rosatom Smart Utilities ကုမ္ပဏီ၊ Rosatom Energy Projects ကုမ္ပဏီများနှင့် တွေ့ဆုံခဲ့ပြီး လေအားလျှပ်စစ်စီမံကိန်းဆိုင်ရာကိစ္စရပ်များ၊ ရေအားလျှပ်စစ်စက်ရုံများ မွမ်းမံပြင်ဆင်ရေးဆိုင်ရာကိစ္စရပ်များကိုဆွေးနွေးခဲ့သည်။

စက်တင်ဘာ ၂၈ ရက်တွင် နျူကလီးယားနည်းပညာဖြစ်ပေါ်တိုးတက်မှုသမိုင်းပြတိုက် Atom Pavilion သို့ သွားရောက်လေ့လာပြီး လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ စက်တင်ဘာ ၂၉ ရက် ညပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းများက ရေဘေးဒဏ်သင့် ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း



**နေပြည်တော် စက်တင်ဘာ ၃၀**

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး ဝန်ထမ်းများက နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာသာသနာ့ဗိမာန်ရှိ ရေဘေးဒဏ်သင့် ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက် ၁၁ နာရီက အဆိုပါ သာသနာ့ဗိမာန်၌ကျင်းပရာ ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စု စာရင်းစစ်ချုပ်က ပြည်သူများ၏ ကြုံတွေ့နေရသော အခက်အခဲများကိုသိရှိပြီး လိုအပ်သည့် ကူညီဖြည့်ဆည်းမှုများကို ဆောင်ရွက်ပေးနိုင်ရန်လာရောက်တွေ့ဆုံအားပေးရခြင်းဖြစ်ကြောင်း ပြောကြားပြီး ရေဘေးဒဏ်သင့် ပြည်သူများအတွက် ဆန်၊ဆီနှင့်ရေသန့်များ ထောက်ပံ့လှူဒါန်းရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက လက်ခံရယူ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်က ရေဘေးသင့်ပြည်သူများ ယာယီရေဘေးရှောင်စခန်း၌ စားသောက်နေထိုင်မှု၊ သောက်ရေရရှိရန်ဆောင်ရွက်ထားရှိမှုနှင့် ကျောင်းနေအရွယ်ကလေးများအမြန်ဆုံး ကျောင်းပြန်တက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယနေ့အခမ်းအနားတွင် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးဝန်ထမ်းများက စေတနာထက်သန်စွာဖြင့် အိမ်ထောင်စု ၁၃၀ အတွက် ဆန်၊ဆီနှင့်ရေသန့်များထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှအဆက်

ဝန်ဆောင်မှုကဏ္ဍ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ် ရှစ်ခုကိုခွင့်ပြုပေးခဲ့သည်။

အဆိုပါလုပ်ငန်းများ၏ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၉ ဒသမ ၂၅၅ သန်းနှင့်ငွေကျပ် ၄၆၀၀၅ ဒသမ ၂၂၆ သန်းဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်း ပေါင်း ၁၉၇၂ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယခုအစည်းအဝေးက ခွင့်ပြုပေးသည့်လုပ်ငန်းများတွင်နိုင်ငံတော်က အားပေးမြှင့်တင်လျက်ရှိသည့်လျှပ်စစ်သုံးမော်တော်ယာဉ်အမျိုးမျိုး တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းပါဝင်သည်။

ယခုနှစ် ဩဂုတ်လကုန်ထိ မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ၊ ဒေသပေါင်း ၅၃ ခုအနက် ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သော နိုင်ငံ၊ ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ကြသည်။ စီးပွားရေးကဏ္ဍ ၁၂ ခုအနက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအများဆုံး ဝင်ရောက်ထားသည့်ကဏ္ဍများမှာ စွမ်းအင်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၄၃ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင်စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၃၉ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ကုန်ထုတ်လုပ်မှုကဏ္ဍတွင်စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၄၆ ရာခိုင်နှုန်းဖြင့်လည်းကောင်းအသီးသီးရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည်ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်များကို စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။ **(သတင်းစဉ်)**

**လျှပ်စစ်မီတာခ သက်သာဖို့**
**LED ပစ္စည်း သုံးကြစို့။**

**စာမျက်နှာ ၁၈ မှအဆက်**

တတ်နိုင်သမျှပါဝင်ကူညီပေးလျက်ရှိပါတယ်။

**ကမ္ဘာ့ငြိမ်းချမ်းရေး**

တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ နိုင်ငံကိုထူထောင်ခဲ့တဲ့ ၇၅ နှစ်တာကာလအတွင်း ဘယ်နိုင်ငံကိုမှ ကျူးကျော်စစ်ဆင်နွှဲခြင်းဆိုတာမရှိခဲ့ပါဘူး။ ကမ္ဘာ့နိုင်ငံများကြားဖြစ်ပွားနေတဲ့ ပဋိပက္ခတွေချုပ်ငြိမ်းအောင်သာ ကူညီပေးခဲ့တာရှိပါတယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း ၇၀ တုန်းက တရုတ်နိုင်ငံဟာ "ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးရပ်"ကို ချမှတ်အကောင်အထည်ဖော်ခဲ့သလို ဒီလိုချမှတ်မှုကိုလည်း ကမ္ဘာ့နိုင်ငံအများအပြားက လက်ခံကျင့်သုံးခဲ့ကြပါတယ်။

ဒါ့အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ နေရာတစ်နေရာရထားမှုနှင့်အတူ ကမ္ဘာတစ်ဝန်းမှာ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတွေကိုလည်း တက်တက်ကြွကြွပါဝင်ဆောင်ရွက်နေပါတယ်။

ဒါကြောင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုတာ ကမ္ဘာ့ငြိမ်းချမ်းရေးကိုကာကွယ်ပေးသူဆိုတဲ့ အခန်းကဏ္ဍကနေပါဝင်နေသူလို့ပြောရင် ငြင်းနိုင်ဖွယ်ရာအကြောင်းမရှိပါဘူး။

လွန်ခဲ့တဲ့နှစ်ပေါင်း ၇၅ နှစ်ကိုပြန်ပြောင်းကြည့်မယ်ဆိုရင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုတာ ဆင်းရဲနွမ်းပါးမှု၊ အစာရေစာငတ်ပြတ်မှု၊ ကိုယ်ကျိုးဖက်နိုင်ငံရေးသမားများရဲ့အကျင့်ပျက်ခြစားမှု၊ နိုင်ငံရေးအပြောင်းအလဲများကြားမှာ ပဋိပက္ခများစွာဖြစ်ပွားမှု၊ အနောက်အုပ်စုမှ နိုင်ငံကြီးတချို့ရဲ့ ထိုးနှက်တိုက်ခိုက်မှုစတာတွေကို ခါးသီးစွာရင်ဆိုင်ခဲ့ရတဲ့နိုင်ငံဖြစ်ပါတယ်။

ဒါပေမဲ့လည်း အခက်အခဲတွေကို အခွင့်အလမ်းအဖြစ် ပြောင်းလဲပြီး အောင်မြင်မှုကိုရယူနိုင်စွမ်းရှိတဲ့ တရုတ်နိုင်ငံသားများရဲ့စိတ်ဓာတ်နဲ့ လုပ်ရပ်ကြောင့် အခုချိန်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုတာ ဆင်းရဲနွမ်းပါးမှုမရှိသလောက်ပပျောက်၊ အစာရေစာငတ်ပြတ်မှုဆိုတာဝေးလို့ အကျင့်ပျက်ခြစားမှုဆိုတာလုံးဝမရှိတော့ဘဲ အနောက်အုပ်စုမှတိုက်ခိုက်မှုတွေကိုလည်း တန်ပြန်ရင်ဆိုင်နိုင်စွမ်းရှိတဲ့ နိုင်ငံကြီးအဖြစ်ကို ရောက်ရှိလို့လာခဲ့ပါပြီ။

အခုဆိုရင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဖြစ်ပေါ်ခဲ့တာဟာ စိန်ရတုသို့တိုင်ခဲ့ပါပြီ။ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသည်လည်း အဖိုးမဖြတ်နိုင်တဲ့ စိန်ကောင်းတစ်ပွင့်ကဲ့သို့ တောက်ပြောင်ဝင်းလက်လာပါပြီ။ ဒါကြောင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေနဲ့ စိန်ရတုမှသည် ရတုအဆက်ဆက်ထိတိုင် ဆက်လက်တိုးတက်အောင်မြင်ပါစေကြောင်း ဆုတောင်းပေးလိုက်ရပါတယ်။ ။


**ထက်မြတ်**

## ❑ ရှေ့ဖုံးမှအဆက်

ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများတွေ့ဆုံမှုကြောင့်လည်းကောင်း ယနေ့မွန်းလွဲမှ အောက်တိုဘာ ၅ ရက်အတွင်း နေပြည်တော်၊စစ်ကိုင်းတိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီး၊မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။

**(မိုး/ဇလ)**




## ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး။

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး။

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အားပူးပေါင်းဆောင်ရွက်ရေး။

# စက်တင်ဘာ ၂၂ ရက်မှ ၂၈ ရက်ထိ ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၂ ဦး တွေ့ရှိ

**နေပြည်တော် စက်တင်ဘာ ၃၀**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၂ ရက် ည ၈ နာရီမှ စက်တင်ဘာ ၂၈ ရက် ည ၈ နာရီထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၅၀၄၅ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၂ ဦး တွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ သုည ဒသမ ၁၅ ရာခိုင်နှုန်းဖြစ်ပြီး အဆိုပါအစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာသတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဌက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်း ဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## မြန်မာနိုင်ငံလုံးဆိုင်ရာထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်

နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့ရသော ဆုံးရှုံးနစ်နာမှုများသည် လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့်ဖြစ်သည်ကို ထောက်ရှု၍ ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန်အလို့ငှာ နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်နေသည့် အဖွဲ့အစည်းများအားလုံးသည် အကြမ်းဖက်လမ်းစဉ်ကို စွန့်လွှတ်ကာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၆ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်ကို မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)အနေဖြင့် ကြိုဆိုထောက်ခံပါကြောင်း သဘောထား ထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့်
နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)

## ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့်နေရာများတွင် လိုအပ်သည့်သန့်ရှင်းရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း



တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ကလောမြို့ရှိ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့်နေရာများတွင် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)တွင် နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၃၀**

နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်၊ ကျေးရွာများတွင် ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်တွင်လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်တွင်လည်းကောင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင်လည်းကောင်း ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများတွင် လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများပေါ်နှင့် ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့် နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်းအပါအဝင် အခြားလိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများတွင် ရေဘေးသင့်ပြည်သူများကို ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရောပေးအပ်လှူဒါန်းခြင်းနှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။



လွိုင်ကော်မြို့ရှိ ရေဘေးသင့်ပြည်သူများအား နယ်မြေခံတပ်မတော်သားများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

အလားတူ ရေကြီးမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း၊ တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည် ကောင်းမွန်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပျက်စီးခဲ့သည့် လမ်း၊ တံတားများကိုလည်း ယာယီသံပေါင်ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံး ပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြုပြင်ရန်ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံး ဆက်လက်ပြုပြင် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၃၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။


ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၂၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Soe Htut” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ပြည်လုံးချမ်းသာရပ်ကွက်နေ စိုးထွဋ်နိုင်အား ညနေ ၄ နာရီ မိနစ် ၅၀ တွင် အောင်မြေသာစံမြို့နယ် အမှတ်(၄) နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)



အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ တိုက်ဖျက်ရေးအတွက် မြန်မာ-တရုတ် နှစ်နိုင်ငံတရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများကြား သတင်းဖလှယ်ဆောင်ရွက်၍ ဖော်ထုတ်ဖမ်းဆီးရမိသည့် တရားခံပြေး ၄၅ ဦးပါ တရုတ်နိုင်ငံသား တရားခံ ၃၁၃ ဦး၏ မှတ်တမ်းဓာတ်ပုံ။



အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ တိုက်ဖျက်ရေးအတွက် မြန်မာ-တရုတ် နှစ်နိုင်ငံတရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများကြား သတင်းဖလှယ်ဆောင်ရွက်၍ ဖော်ထုတ်ဖမ်းဆီးရမိသည့် တရားခံပြေး ၄၅ ဦးပါ တရုတ်နိုင်ငံသား တရားခံ ၃၁၃ ဦးအား တရုတ်နိုင်ငံသို့ လွှဲပြောင်းပေးအပ်နေမှုမှတ်တမ်းဓာတ်ပုံ။

❖ **အွန်လိုင်းလိမ်လည်မှုမှအဆက်**

အွန်လိုင်းလိမ်လည်မှု လုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုသည့် သက်သေခံပစ္စည်းများဖြစ်သော ကွန်ပျူတာဆက်စပ်ပစ္စည်းများ၊ လက်ကိုင်ဖုန်းများနှင့် Scam စက်များကို သိမ်းဆည်းရမိခဲ့သဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိသည်။ ၎င်းပြင် ဒုစရိုက်မှုများ အခြေပြု ဆောင်ရွက်လျက်ရှိသည့် အဆောက်အအုံများကိုလည်း ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ချိပ်ပိတ်သိမ်းဆည်း တရားစွဲတင်ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါဖမ်းဆီးရမိသော တရုတ်နိုင်ငံသားတရားခံပြေး ၄၅ ဦးပါ တရုတ်နိုင်ငံသား စုစုပေါင်း ၃၁၃ ဦးတို့အား မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ အမှုဖွင့်အရေးယူထားပြီး ၎င်းတို့ကို တရုတ်နိုင်ငံအနေဖြင့် ဆက်လက်အရေးယူ ဆောင်ရွက်နိုင်ရေးအတွက် လုံလောက်သော အစောင့်အရှောက်များဖြင့် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၆ ရက်တွင် ယူနန်ပြည်နယ် ရွှေလီမြို့ရှိ နယ်စပ်ဝင်ထွက်ပေါက်မှတစ်ဆင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့သည်။

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ၊ အွန်လိုင်းလောင်းကစားလုပ်ငန်းများ တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများမှ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပြည်တွင်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ဒီပဲယင်းမြို့ပေါ်ရှိ နေအိမ်များကို တပ်မတော်က မီးရှို့ဖျက်ဆီးနေကြောင်း သတင်းတု၊ သတင်းမှားများ မဟုတ်မမှန်ဖြန့်ဝေ

**ရန်ကုန် စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့ပေါ်ရှိ နေအိမ်များကို တပ်မတော်က မီးရှို့ဖျက်ဆီးနေကြောင်း သတင်းတု၊ သတင်းမှားများ မဟုတ်မမှန်သတင်းမှားများ ဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။

ဖြစ်စဉ်အမှန်မှာ စက်တင်ဘာ၂၉ ရက်က ဒီပဲယင်းမြို့နယ်အတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများ ရောက်ရှိနေပြီး အင်အားစုဖွဲ့လျက်ရှိကြောင်း ဒေသခံများ၏ လျှို့ဝှက်သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ရာ PDF အမည်ခံအကြမ်းဖက်သမားများ ထိခိုက်ဒဏ်ရာများဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ ထိုသို့ဆုတ်ခွာစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များ ၎င်းတို့နောက်သို့ လိုက်လံချေမှုန်းခြင်း မပြုလုပ်နိုင်ရန်နှင့် ကျေးရွာများရှိ နေအိမ်အချို့ကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် ပြည်သူများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ်အထင်အမြင်လွဲမှားစေမည့် သတင်းမှားများနှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အပြစ်ပုံချခြင်း စသည့် လှုံ့ဆော်ဝါဒဖြန့်ဝေနေသည့် သတင်းများကိုသာ ရည်ရွယ်ချက်ရှိရှိ ရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)




# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ထူးခြားသည့် နေ့အပူချိန်များ (၃၀-၉-၂၀၂၄)

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ချောက် | ၃၈ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် | မင်းကင်း | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၃၇ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် | ဆင်ဖြူကျွန်း | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | ကလေးဝ | ၃၆ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | နေပြည်တော် | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၃၆ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် | ရန်ကုန် | ၃၃ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၆ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် | မန္တလေး | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင်FM၏ **"ပြည်သူ့ကြားကပြည့်သူ့စကား"** အစီအစဉ်မှ **"တတ်စွမ်းသမျှ ရေဘေးကူ၊ ငါတို့လူမျိုး တူနိုင်ရိုးလား"** ခေါင်းစဉ်ဖြင့် ၂-၁၀-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အစိုးရရဲ့ကမ်းလှမ်းမှုမှာ PDF တွေဘာဆက်လုပ်သင့်လဲ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ပြည်သူ့အကျိုးသယ်ပိုးလျက်ရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့

**❖ နှစ်စဉ် အောက်တိုဘာ ၁ ရက်သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဖြစ်သည်။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပြောင်းလဲလာပြီဖြစ်သည်။ ရဲတပ်ဖွဲ့ဝင်များသည် ပြည်သူများနှင့် တစ်သားတည်းဖြစ်လာကြပြီဖြစ်သည်။ တိုင်းပြည်နှင့်လူမျိုးအတွက်ဆိုလျှင် အသက်နှင့်ခန္ဓာကိုပင် ပေးဆပ်တာဝန်ထမ်းဆောင်လျက်ရှိကြသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးတို့ကို တစိုက်မတ်မတ် ထမ်းဆောင်လျက်ရှိကြသည်။ ❖**

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် စာသင်ကျောင်းများ၊ ဆေးရုံများတွင် မြက်ပင်၊ ပေါင်းပင်များရှင်းခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်း၊ ဆေးရုံများတွင် သွေးလှူဒါန်းခြင်း စသည့်ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အင်တိုက်အားတိုက် လုပ်ဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် မူလတာဝန်များဖြစ်သည့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နေကြသည့်အပြင် ရေဘေးအပါအဝင် သဘာဝဘေးအန္တရာယ် ဖြစ်ပွားရာ နေရာဒေသများသို့လည်း သွားရောက်ကူညီလျက်ရှိကြသည်။

**သမိုင်းကြောင်း**

ရှေးခေတ် မြန်မာဘုရင်များလက်ထက်ကတည်းကပင် မြို့ဝန်နှင့် ရွာသူကြီးများလက်အောက်တွင် ဒေသရဲတပ်ဖွဲ့ကို ဖွဲ့စည်းထားခဲ့သည်။ ထိုစဉ်က ဒေသရဲတပ်ဖွဲ့ဝင်များကို စစ်ဘက်အရန်တပ်ဖွဲ့ဝင်များဟုလည်း ခေါ်ဆိုခဲ့သည်။ မြန်မာနိုင်ငံသည် ဗြိတိသျှကိုလိုနီလက်အောက်ကျရောက်ခဲ့ပြီးနောက် ကိုလိုနီတို့က ၁၈၈၅ ခုနှစ်တွင် ၎င်းတို့၏ ရဲတပ်ဖွဲ့စနစ်ကို စတင်ကျင့်သုံးခဲ့သည်။ ထိုစဉ်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ဗမာ့ရဲတပ်ဖွဲ့(Burma Police)ဟု ခေါ်ဆိုခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် ပြည်သူ့ရဲတပ်ဖွဲ့(People's Police Force)အဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ထို့နောက် ၁၉၉၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် လက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့(Myanmar Police Force)အဖြစ်သို့ ထပ်မံပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ထို့ကြောင့် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်သည် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ပင်ဖြစ်သည်။

**ဦးတည်ချက်နှင့်လုပ်ငန်းတာဝန်များ**

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ် အောင်မြင်စေရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် ညီနောင်အဖွဲ့အစည်းဖြစ်သည့် တပ်မတော်နှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ပြည်တွင်းလုံခြုံရေးနှင့်ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်ရေးဆိုသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်(၄)ရပ်ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထိုရည်မှန်းချက်များနှင့်အညီ ရာဇဝတ်မှုများကို တားဆီးနှိမ်နင်းခြင်း၊ စုံစမ်းဖော်ထုတ်ခြင်းနှင့် တရားစွဲဆိုခြင်း၊ ငြိမ်ဝပ်ပိပြားမှုကိုထိန်းသိမ်းခြင်း၊ ပြည်သူ့လုံခြုံမှုနှင့် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်းတာဝန်များကို စဉ်ဆက်မပြတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် သစ္စာ၊ သမာဓိ၊ သတ္တိပြည့်ဝမှု၊ စိတ်ဓာတ်ကောင်းမွန်မှု၊ အမိန့်နာခံမှု၊ စည်းကမ်းကောင်းမွန်မှု၊ လေ့ကျင့်သားပြည့်ဝမှု၊ စွမ်းရည်(၄)ရပ်ပြည့်ဝမှု၊ ကျန်းမာကြံ့ခိုင်မှု၊ တရားဥပဒေစိုးမိုးရေးဆောင်ရွက်မှု၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းကျွမ်းကျင်မှု၊ ပြည်သူကိုကူညီစောင့်ရှောက်နိုင်မှုနှင့် ရဲကျင့်ဝတ်များကိုလိုက်နာကျင့်သုံးမှုတို့ကိုလည်း ကြိုးပမ်းဖြည့်ဆည်းလျက်ရှိကြသည်။

**ကြိုးပမ်းဆောင်ရွက်မှုများ**

နိုင်ငံဖြတ်ကျော်မှုခင်းများသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်လုံခြုံရေးတို့အတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး နိုင်ငံသားများ၏ လုံခြုံရေးအတွက်လည်း ကြီးမားသည့် ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်သည်။ နိုင်ငံဖြတ်ကျော်မှုခင်းများကို နိုင်ငံတစ်နိုင်ငံတည်းက ဖြေရှင်းဆောင်ရွက်ရန်ခက်ခဲသည့်အတွက် နိုင်ငံများကြား ပေါင်းစပ်ညှိနှိုင်းချိတ်ဆက်တုံ့ပြန်မှုများနှင့် ဆောင်ရွက်သွားရန်လိုအပ်သည်။

ထို့ကြောင့် ၂၀၂၃ ခုနှစ်တွင် မြန်မာ-ထိုင်း-တရုတ် သုံးနိုင်ငံကြား နယ်စပ်ဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာအစည်းအဝေးကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့နှင့် မဲဆောက်မြို့တို့တွင် ကျင်းပပြုလုပ်ခဲ့ပြီး အွန်လိုင်းလိမ်လည်မှု(Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု(Online Gambling) ဆိုင်ရာရှေ့ပြေးစစ်ဆင်ရေးကို ဆောင်ရွက်နိုင်ခဲ့သည်။

လက်ရှိအချိန်တွင် ငွေကြေးခဝါချမှု၊ ငွေကြေးလိမ်လည်မှု၊ အဂတိလိုက်စားမှု၊ ငွေကြေးဆိုင်ရာ ပြစ်မှု(Financial Crime)၊ အွန်လိုင်းအသုံးပြုလိမ်လည်မှုအပါအဝင် ဆိုက်ဘာပြစ်မှု(Cyber Crime)၊ အကြမ်းဖက်မှု(Terrorism)တို့သည် ကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက်မှုအဆင့် အမြင့်ဆုံးဖြစ်နေသည်။ ထို့ကြောင့် ငွေကြေးခဝါချမှု၊ အကြမ်းဖက်ခြင်းကို ငွေကြေးထောက်ပံ့မှုတို့ကို တိုက်ဖျက်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် သက်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ၊ တရားစီရင်ရေးအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် တစ်မျိုးသားလုံးကို ခြိမ်းခြောက်လျက်ရှိသည့် မူးယစ်ဆေးဝါးတရားမဝင်ထုတ်လုပ်မှု၊ ရောင်းချမှုတို့ကို ချေမှုန်းနိုင်ရေးအတွက် အပူတပြင်းဆောင်ရွက်လျက်ရှိသည်။ မူးယစ်ဆေးဝါးအန္တရာယ်ပပျောက်ရေးအတွက် မဟာဗျူဟာ၊ နည်းဗျူဟာများချမှတ်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် တာဝန်သိပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုသည် များစွာအထောက်အကူပြုလျက်ရှိသည်။ တာဝန်သိပြည်သူများ၏ သတင်းပေးမှုများကြောင့် လွန်ခဲ့သောနှစ်အတွင်း မူးယစ်ဆေးဝါးအမြောက်အမြားကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

ထို့ပြင် အသိပညာဗဟုသုတနည်းပါးသည့် အချို့သောအမျိုးသမီးငယ်များကို ခြိမ်းခြောက်နေကြသည့် လူကုန်ကူးသူများနှင့် လူမှောင်ခိုများကိုလည်း ဖော်ထုတ်ဖမ်းဆီးလျက်ရှိသည်။ အထူးသဖြင့် လူကုန်ကူးခံရမည့် အမျိုးသမီးငယ်များကို အချိန်မီကယ်တင်ပြီး မိဘများလက်ဝယ်သို့ ပြန်လည်အပ်နှံနိုင်ခဲ့သည်။ လူကုန်ကူးမှုနှင့်စပ်လျဉ်း၍လည်း ပညာပေးလုပ်ငန်းများကို ကျယ်ပြန့်စွာဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ကလေးသူငယ်များကို ညှဉ်းပန်းနှိပ်စက်ခံရမှုမှ ကူညီကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။ အထူးသဖြင့် ကလေးသူငယ်များကို မတော်မတရားပြုကျင့်မှုများမှ တားဆီးကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။ လက်ရှိအချိန်တွင် ခပ်စိပ်စိပ်တွေ့လာရသည့် သက်ငယ်မုဒိမ်းမှုများကိုလည်း ထိရောက်စွာတုံ့ပြန်ဆောင်ရွက်လျက်ရှိသည်။ မျက်မှောက်ကမ္ဘာကြီးသည် နိုင်ငံဖြတ်ကျော်မှုခင်းများ၊ ရာဇဝတ်မှုများ ထွပြောလာလျက်ရှိသည်။ ထိုရာဇဝတ်မှုများကို နိုင်ငံတကာရဲတပ်ဖွဲ့နှင့်ချိတ်ဆက်ပူးပေါင်းဖော်ထုတ်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ယာဉ်မတော်တဆမှုများကြောင့် တန်ဖိုးရှိသော လူ့အသက်များစွာဆုံးရှုံးရလျက်ရှိသည်။ အချို့သောသူများသည် အသက်မဆုံးရှုံးရသည့်တိုင်အောင် ကိုယ်လက်အင်္ဂါချို့ယွင်းသွားရသည်။ ထို့ကြောင့် ယာဉ်ထိန်းတပ်ဖွဲ့များသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးတာဝန်များကို နေ့မအား ညမအား ထမ်းဆောင်နေရသည်။ ကျောင်းသူ၊ ကျောင်းသားများ၊ သက်ကြီးရွယ်အိုများ ဘေးကင်းလုံခြုံစွာလမ်းဖြတ်ကူးနိုင်ရေးအတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် ရဲမေများက နေပူမရှောင်၊ မိုးရွာမရှောင် ယာဉ်ကြောရှင်းပေးနေရသည်။

ပြည်သူနှင့်နှိုင်းယှဉ်ပါက အင်အားအချိုးအစားအရနည်းသော မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် အုပ်စုဖွဲ့၍ ဒုစရိုက်ကျူးလွန်သူများ၊ မူးယစ်ရမ်းကားသူများ၊ လူသတ်သမားများနှင့် သူခိုး၊ ဓားပြအားလုံးကို ဖော်ထုတ်နိုင်ခြင်းမရှိသော်လည်း ပြစ်မှုကျူးလွန်မှုအားလုံးနီးပါးဖော်ထုတ်အရေးယူနိုင်ခဲ့သည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် လေ့ကျင့်သင်တန်းပေးထားသည့်အတိုင်းအတာအတွင်းသာ စွမ်းဆောင်ကြမည်ဖြစ်သည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် မှုခင်းအားလုံးအတွက် ရဲတပ်ဖွဲ့တွင်သာတာဝန်ရှိသည် ဆိုသောအမြင်မျိုးမမြင်ဘဲ မိမိတို့လည်း ရဲတပ်ဖွဲ့နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်သင့်ပေသည်။

**လေ့ကျင့်သင်တန်းပေးလျက်ရှိ**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို နိုင်ငံတကာစံနှုန်းနှင့်ကိုက်ညီသည့်အဖွဲ့အစည်းအဖြစ်သို့ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့အဆင့်မြှင့်တင်ရာတွင် လူအင်အား၊ လက်နက်များအပြင် အထောက်အကူပြုပစ္စည်းများကိုလည်း မြှင့်တင်ပေးလျက်ရှိသည်။ ပုံမှန်နှင့် အဆင့်မြင့်လေ့ကျင့်သင်တန်းများအပြင် UNDP၊ UNICEF၊ UNODC၊ ICRC၊ OHCHER၊ UN တို့၏ကူညီမှုများဖြင့် လူ့အခွင့်အရေးဆိုင်ရာများ၊ တရားဥပဒေစိုးမိုးရေးသင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများကို ပူးပေါင်းလေ့ကျင့်သင်တန်းပေးလျက်ရှိသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် တရားဥပဒေစိုးမိုးရေးအတွက် မှုခင်းတိုက်ဖျက်သူ(Crime Fighter) များအနေဖြင့်သာမက လူ့အခွင့်အရေးများကိုကာကွယ်စောင့်ရှောက်ပေးသူ(Human Right Protector)များ၊ နိုင်ငံသားများအားလုံး ဘေးကင်းငြိမ်းချမ်းစွာနေထိုင်နိုင်ရေးအတွက် စောင့်ရှောက်ပေးရသူ(Peace Keeper)များလည်း ဖြစ်လာကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် အဆင့်ဆင့်ကို ဒီမိုကရေစီရဲလုပ်ငန်းစနစ်အပါအဝင် ကျင့်ဝတ်များနှင့်စွမ်းရည်များကို လေ့ကျင့်သင်တန်းပေးလျက်ရှိသည်။

**ပြည်သူ့အကျိုးသယ်ပိုးလျက်ရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့**

လက်ရှိအချိန်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် ပြည်သူနှင့်တစ်သားတည်းဖြစ်နေကြပြီဖြစ်သည်။ ကျေးရွာ၊ ရပ်ကွက်အတွင်း လုံခြုံရေးတာဝန်များကို နေ့၊ ညမပြတ် ထမ်းဆောင်နေကြပြီဖြစ်သည်။ "ကူညီပါရစေ" "May I Help You"ဆိုသည့်ဆောင်ပုဒ်အတိုင်း ပြည်သူများကို ကူညီရန်အသင့်ဖြစ်နေသည်။ အထူးသဖြင့် ရဲတပ်ဖွဲ့၏ တာဝန်ထမ်းဆောင်မှုသည် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝရှိပြီး ပြည်သူကို အလုပ်အကျွေးပြုနေပြီဖြစ်သည်။

ဆိုရလျှင် နှစ်စဉ် အောက်တိုဘာ ၁ ရက်သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ဖြစ်သည်။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပြောင်းလဲလာပြီဖြစ်သည်။ ရဲတပ်ဖွဲ့ဝင်များသည် ပြည်သူများနှင့်တစ်သားတည်းဖြစ်လာကြပြီဖြစ်သည်။ တိုင်းပြည်နှင့်လူမျိုးအတွက်ဆိုလျှင် အသက်နှင့်ခန္ဓာကိုပင် ပေးဆပ်တာဝန်ထမ်းဆောင်လျက်ရှိကြသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးတို့ကို တစိုက်မတ်မတ်ထမ်းဆောင်လျက်ရှိကြသည်။ လက်ရှိအချိန်တွင် ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုများ၊ လူမှောင်ခိုများ၊ လူကုန်ကူးမှုများ၊ သက်ငယ်မုဒိမ်းမှုများကိုလည်း တားဆီးကာကွယ်ဖော်ထုတ်လျက်ရှိသည်။ အထူးသဖြင့် နိုင်ငံဖြတ်ကျော်မှုခင်းများကို နိုင်ငံတကာဖြင့် ချိတ်ဆက်ပူးပေါင်းဖော်ထုတ်လျက်ရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် တိုင်းပြည်တာဝန်ကို ကျေပွန်အောင် ကြိုးပမ်းထမ်းဆောင်လျက်ရှိပါကြောင်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။

**ကိုးကား**

**- နေ့စဉ်ထုတ်သတင်းစာများ။**

မောင်သောင်းဝင်း(တမန်ဟောင်း)

ဝတ္ထုတိုကလျာ

# မြစ်ပြင်ကျယ်နဒီရိုးမှာ မိုးချုပ်ခဲ့ပြီ

## ကျွန်းစဉ်မြေစောခက်



(၁)

သူနှင့်ကျွန်တော်ကား ၁၉၆၇ ခုနှစ်တွင် ကျောက်ဖြူမြို့ အခြေခံပညာအထက်တန်းကျောင်း (တန်းမြင့်ကျောင်း)၌ ဘာသာရပ်တူ စာသင်ခဲ့ကြသည်။ သို့သော် အခန်းကတော့မတူပါ။ သူက နဝမတန်း(B)၊ ကျွန်တော်က နဝမတန်း(C)ဖြစ်သည်။ စာသင်ခန်းမတူသလို လူချင်းလည်း မရင်းနှီးကြပါ။ သူ ကျွန်တော့်ကို သိ၊ မသိ ကျွန်တော်မသိပါ။ ကျွန်တော်ကတော့ သူ့ကိုသိသည်။ ကိုယ်လုံးတောင့်တောင့်တင်းတင်းရှိသည်။ လမ်းသွားလျှင် ခေါင်းစိုက်ပြီး သွားသယောင်ရှိသည်။ သူ့ကို ခပ်မိုက်မိုက် စတိုင်မျိုးမြင်ရသည်။

သူက ကျောက်ဖြူမြို့နယ် ကင်းတိုက်နယ် ပင်လယ်နားရွာသားဟုသိရသည်။ ကျွန်တော်ကတော့ မြေပုံမြို့နယ် ကျွန်းစဉ်နယ်သား။ ကျောက်ဖြူမှာ ကျောင်းလာတက်နေကြသည့် တောသားများပင် ဖြစ်ကြသည်။ သူ့ဒေသနှင့်ကိုယ့်နေရာ လွန်စွာဝေးလွန်းလှသည်။ တစ်ရပ်နှင့်တစ်ရပ် အသွားအလာတောင်မရှိကြ။

၁၉၆၇ ခုနှစ် နဝမတန်း (ကျောင်းထွက်လက်မှတ်ရ စာမေးပွဲ-နောက်ဆုံးနှစ်)မှာ စာမေးပွဲဖြေကြတော့ သူကော ကျွန်တော်ကော ရှုံးကြသည်။ ကျွန်တော်ကတော့ ဘဝအခြေအနေအရ စာမေးပွဲဆက်မဖြေဖြစ်တော့ဘဲ လူမှုဘဝနယ်ပယ်ထဲသို့ဆင်းပြီး လက်ပစ်ကူးခဲ့တော့သည်။ ပြောရလျှင် ငါးရှာ၊ ထင်းခုတ်၊ တောင်ယာ အလုပ်ပင်ဖြစ်သည်။ သူကတော့ စာမေးပွဲဆက်ဖြေပုံရသည်။

(၂)

၁၉၈၁ ခုနှစ်တွင် ကျွန်တော်တို့ သရက်တောင်ရွာ၌ အစိုးရတွဲဖက်အလယ်တန်းကျောင်းကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးလိုက်သောအခါ အလယ်တန်းပြဆရာ၊ ဆရာမသုံးဦး စတင်ရောက်ရှိလာသည်။ ရွာသားများမှာ မိမိတို့ရွာကို အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်လိုက်ခြင်းဖြင့်လည်းကောင်း၊ အသစ်ရောက်လာကြသည့် ဆရာ၊ ဆရာမများကို မြင်လိုကြည့်လိုလှသဖြင့်လည်းကောင်း လှေဆိပ်ကတက်လာကြသော အလယ်တန်းပြ ဆရာ၊ ဆရာမသုံးယောက်ကို အိမ်တိုင်းကလို ပြူတစ်ပြူတစ်ထွက်ကြည့်ကြ၏။

ကျွန်တော် အိမ်ရှေ့သို့ကြည့်နေရင်းပင် ရှေ့ဆုံးကဆရာမှာ စလူခမောက်လေးကိုဆောင်းပြီး လျှောက်လာသည်။ သူ့နောက်က ဆရာမ ခပ်ငယ်ငယ်နှစ်ယောက် လိုက်ပါလာသည်။

"အစ်ကို စောသိန်းချေ မဟုတ်လား"

ကျွန်တော် အိမ်ခြံဝသို့ထွက်ပြီး နှုတ်ဆက်လိုက်သောကြောင့် သူတို့သုံးယောက်ပြိုင်တူရပ်လိုက်ကြသည်။ သူ ကျွန်တော့်ကိုစိုက်ကြည့်သည်။ ကျောင်းနေတုန်းကပင် သူ၏ပင်ကိုအပြုအမူအတိုင်းပဲ ဖြစ်ပါသည်။ ခန္ဓာကိုယ်ကိုမတ်မတ်ထားပြီး ခေါင်းကို ခပ်ငိုက်ငိုက်ထားကာ ကျွန်တော့်ကို စောင်းငဲ့ကြည့်သည်။

"အစ်ကို မမှတ်မိဘူးလား အစ်ကို ၉ တန်း(B)မှာ ကျောင်းတက်တုန်းက ကျွန်တော်က ၉ တန်း(C) မှာလေ"

သူက ကျွန်တော့်ကို သိဟန်မတူ။ စိုက်ကြည့်မြဲ စိုက်ကြည့်သည်။

"တန်းမြင့်ဂုဏ်ရောင် နံရံကပ်စာစောင်မှာ ကိုးတန်းကျောင်းသား မောင်ရွှေပြား"ဝတ္ထုကိုရေးတဲ့ ကျောက်ဖြူ မောင်ညွန့်လွင်လေဗျာ"

"အို ကိုဘညွန့်ပဲ မှတ်မိပြီဗျာ။ ဒီ သရက်တောင်ရွာက အစ်ကို့ ရွာလား"

"ဟုတ်တယ်လေ ကျွန်တော့်ရွာပဲ"

"အခု ဘာလုပ်နေလဲ"

"ဟာဗျာ ကျွန်တော်လဲ ကျောင်းဆရာပဲလေ။ အခု ဒီရွာမှာပဲ မူလတန်းပြကျောင်းဆရာပဲ။ ကျွန်တော်လဲ တောရွာသဘာဝပေါ့ဗျာ။ အလုပ်ကြမ်းတွေလုပ်ရင်းနဲ့ စာမေးပွဲဝင်ဖြေတာအောင်သွားလို့ ပညာရေးဌာနမှာ ဆွဲခန့်ဆရာ ဆိုပါတော့ဗျာ"

"ဟာ အဲဒီလိုဆို ကျွန်တော်တို့နဲ့ တစ်ကျောင်းထဲပေါ့"

သူက လက်ကိုကမ်းပေးလာသဖြင့် ကျွန်တော် သူ့ကို လက်ဆွဲနှုတ်ဆက်လိုက်သည်။

ကျွန်တော်ပဲ သူတို့ကို ကျောင်းသို့ခေါ်သွားပြီး ကျေးရွာအုပ်စုပြည်သူ့ကောင်စီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို တွေ့ပေးလိုက်သည်။ ကျောင်းကို အလယ်တန်းဆင့် တိုးမြှင့်လိုက်သည်မှာ မကြာသေးသဖြင့် ကျောင်းအုပ်ဆရာကြီးလည်း မရောက်သေးပေ။ အသစ်ရောက်လာကြသည့် အလယ်တန်းပြ သုံးယောက်တွင် ဦးစောသိန်းချေကို ကျွန်တော့်အိမ်မှာပဲ လက်ခံထားပြီး နောက်ဆရာမနှစ်ယောက်ကို ကျေးရွာကောင်စီဥက္ကဋ္ဌအိမ်တွင် လက်ခံထားပေးကြသည်။

သူက တန်းမြင့်ကျောင်းထွက်လက်မှတ်ရ စာမေးပွဲရှုံးတော့ ကျောင်းဆက်တက်ဖြစ်ခဲ့ရာ ၁၉၆၈-၁၉၆၉ ပညာသင်နှစ်တွင် အခြေခံပညာ အထက်တန်းစာမေးပွဲကို (ခ)အဆင့်ဖြင့် အောင်ပြီး ပညာရေးဌာနတွင် မူလတန်းပြဆရာလုပ်ခဲ့သည်။ မြေပုံမြို့နယ် တပ်ရာရွာ၌ တာဝန်ထမ်းဆောင်ခဲ့ကြောင်း ပြောပြသည်။

(၃)

ဆရာ ဦးစောသိန်းချေမှာ မူလတန်းပြ ဆရာဖြစ်သင်တန်းတက်ပြီးချိန်တွင် မူလတန်းကျောင်းအုပ်ဆိုသည့်ရာထူးကိုလက်ခံရရှိပြီး မြေပုံမြို့နယ် ငမန်းရဲကျွန်းမှာပဲ ကျောင်းအုပ်ဖြစ်လာခဲ့သည်ဟု ပြောသည်။ ထိုမှတစ်ဆင့် အလယ်တန်းပြ ဆရာဖြစ်သင်တန်းဝင်ခွင့်လျှောက်လိုက်ရာ သင်တန်းတက်ရောက်ခွင့်ရသဖြင့် ရန်ကင်းအလယ်တန်း ဆရာဖြစ်သင်တန်းတွင် တက်ရောက်ခဲ့သည်ဟုဆိုသည်။ သင်တန်းဆင်းပြီးချိန်တွင် မြေပုံမြို့နယ် သရက်တောင်ရွာ အခြေခံပညာအလယ်တန်းကျောင်းသို့ ရောက်ခဲ့ကြောင်း ပြောပြသည်။

ဆရာဦးစောသိန်းချေကို ကျွန်တော်နှင့်ပြန်လည်ဆုံတွေ့ကြချိန်တွင် သူ အရက်သောက်တတ်နေခြင်းပင်။ ကျွန်တော်က အရက်မသောက်ဖို့တားသည်။ သူက ကျွန်တော်ပြောတုန်းတစ်ချက်သာ ခေါင်းညိတ်ပြီး အခြေအနေပေးလျှင် ပေးသလိုသောက်သည်။ အခြေအနေမပေးလျှင်လည်း ကြံဖန်သောက်သည်။ သူက စာပြလည်းကောင်းသည်။ ကျောင်းသူ၊ ကျောင်းသားများအပေါ်တွင်လည်း စေတနာထားသည်။

ကျွန်တော် သူ့စရိုက်ကိုသုံးသပ်ပြီး သူအရက်သောက်နေမှုအတွက် သူ့အတွက်ရော ကျေးရွာအတွက်ပါ အကောင်းထက်အဆိုးဘက်သို့သာ သက်ရောက်နိုင်သည်ဟု ကျွန်တော်တွေးမိသည်။ သို့ဖြစ်၍ သူ အရက်မသောက်ရေးအတွက် ကျွန်တော်ပြောဆိုပြသည်ထက် သူကိုယ်တိုင်ဆောင်ရွက်ရသော လုပ်ရပ်မျိုးကို ကျွန်တော်လမ်းခင်းပေးလိုက်တော့သည်။ သူ့ကို ပရိတ်ကြီး ၁၁ သုတ်ကျက်ရန် ကျွန်တော်စည်းရုံးသည်။ ကျွန်တော် ဘာသာရေးစာပေ ဗုဒ္ဓမိန့်မှာချက်များကို တစ်ခါတလေပြောကြည့်သည်တွင် သူစိတ်ဝင်စားသလိုတွေ့၍ လမ်းခင်းပေးလိုက်ခြင်းပင်ဖြစ်သည်။ ကျွန်တော်နှင့်အတူ အပြိုင်ကျက်မှတ်ကြသည်။ ဤတွင် သူ၏မှတ်ဉာဏ်ကောင်းမှုစွမ်းရည်ကို ကျွန်တော်သတိထားမိသည်။ သူသည် ကျွန်တော့်ထက် ဖတ်မှတ်စွမ်းရည်မြင့်သည်။ ကျွန်တော်ပရိတ်ကြီး တစ်သုတ်ကို ကျက်မှတ်ရွတ်ဖတ်ရာတွင် အချိန်အတော်ကြာကြိုးစားရသော်လည်း သူကားကျွန်တော့်လောက်မကြာပေ။ နောက်ဆိုလျှင် ကစားပွဲသဘောမျိုး အပြိုင်ကျက်မှတ်ကြရာ သူပဲ ကျွန်တော့်ကို အနိုင်ရသွားတတ်သည်။

ကျွန်တော်တို့ ကျွန်းစဉ်နယ်သားရွာများသည် ဝါတွင်းသုံးလအချိန်ကာလများတွင် အသက် ၄၀ အရွယ်လောက်ကပင် ဥပုသ်သီတင်းဆောက်တည်လေ့ရှိကြသည်။ ဦးစောသိန်းချေပါ ကျွန်တော်နှင့်အတူ ဥပုသ်သည်အဖြစ် ဘုန်းတော်ကြီးကျောင်းကိုရောက်ရှိလာသည့်အပြင် ကျွန်တော်ဥပုသ်ဆွမ်းသုံးသလိုပဲ သူလည်း သက်သက်လွတ်ဥပုသ်ဆွမ်းသုံးကာ စင်ကြယ်သောဥပုသ်သည်ဖြစ်လာခဲ့ပေပြီ။ ကျွန်တော် သူ့အပြုအမူကိုကြည့်ပြီး ကျိတ်ပျော်နေခဲ့သည်။ စနေ၊ တနင်္ဂနွေ၊ သီတင်းကျွတ်ကျောင်းပိတ်ရက်များတွင် သူ့မိန်းမရွာသို့သွားစဉ် သူပြန်အလာတွင် ဘာသာရေးစာအုပ်တစ်အုပ် သူရလာခဲ့သည်။ ရွာက အိမ်နီးချင်းသက်ကြီးပိုင်းတစ်ဦးဆီကရခဲ့သည်ဟု သူပြောသည်။ ပရိတ်ကြီး ၁၁ သုတ် အကြောင်းအရာ ဘာသာရေးစာအုပ်ပင်ဖြစ်သည်။

သူ့ကို ကျွန်တော်သုံးသပ်မိသည်။ သူသည် ဖြစ်လွယ်ပျက်လွယ်သောသဘောရှိသလို အာရုံထဲတစ်ခုရောက်လျှင် ဆုံးဖြတ်ချက်ချလည်း မြန်တတ်ပုံရသည်။ ဤတွင် သူ့ကို ဘာသာရေးဘက်တွင်ချည်းပုံမထားဘဲ အခြားနည်းလမ်းတစ်ခုဖြင့်လှည့်ပြီး အာရုံပြောင်းစေရန်စဉ်းစားသောအခါ ကျွန်တော်နှင့်အတူ ဆောင်ရွက်လို့ရသည့် အလုပ်တစ်ခုစဉ်းစားမိသည်။ ဤတွင် ကျောင်းအားရက်များတွင် ကျွန်တော်နှင့်အတူ ဆောင်ရွက်နိုင်သည့် Scrabble ဆက်ခြင်းအလုပ်ကို ပြောင်းလိုက်တော့သည်။ သူစိတ်ဝင်စားသည်ကိုတွေ့ရသဖြင့် ကျွန်တော်ပျော်သွားသည်။ Scrabble ဆက်ခြင်းမှာ ဗုဒ္ဓစာပေထဲက ပါဠိတွေလို အချိန်ကုန်ခံပြီး ကျက်စရာမလိုပေ။ ကျောင်းသင်ဘာသာရပ်ထဲက ကိုယ်ကျက်ဖူးခဲ့သော၊ မှတ်ဖူးခဲ့သော ဝေါဟာရများကို ပြန်လည်သတိရစေပြီး ဖော်ထုတ်ခြင်းတစ်မျိုးပင်ဖြစ်သည်။ ကျွန်တော်တို့နှစ်ယောက်၏အလုပ်မှာ အချို့ဆရာ၊ ဆရာမများကိုပါ စိတ်ဝင်စားစေသဖြင့် အခြားဆရာများလည်း တစ်ခါတစ်ရံ ပါဝင်ကစားကြသည်။ အချင်းချင်း အသိဖလှယ်သော အလုပ်မျိုးဖြစ်သဖြင့် ဗဟုသုတရပြီး အချိန်ကိုအကျိုးရှိစွာအသုံးချသည်ဟု ဆိုနိုင်ပါသည်။ ဆရာ ဦးစောသိန်းချေ၏လက်မှာ မြေဖြူကိုင်သောလက်အပြင် ဘုရားရှိခိုးသော လက်အစုံသို့ပြောင်းလဲခဲ့သည့်အဖြစ်ကိုတွေးရင် နှလုံးစိတ်ဝမ်းအေးချမ်းခဲ့ရသည်။ အခုတစ်ခါ Scrabble ကစားခြင်းအလုပ်တွင်လည်း သူ့မှာ ကျွန်တော့်ထက် ကျက်အား၊ လေ့လာအားကောင်းသဖြင့် သူနိုင်သည့်ပွဲတွေများသည်။ Scrabble ဆက်ခြင်းမှာ Vocabulary ကြွယ်သည့်အပြင် ကလေးများကို စာသင်စာပြပြုရာတွင် အထောက်အကူပြုပေသည်။

(၄)

သူ သရက်တောင်ရွာသို့ရောက်ပြီး နောက်တစ်နှစ်မှာတော့ သူ့မိန်းမနှင့်သမီးကိုပါ ခေါ်လာခဲ့သည်။ ကျောင်းအနီးတွင် အဝေးက ဆရာတွေအတွက် ဆောက်ပေးထားသည့် အဆောက်အအုံမှာပဲ သူတို့မိသားစုကိုနေစေသည်။ ကျွန်တော်လည်း ရာထူးတိုးပြီး ရွာမြောက်ဘက်စွန်း အ. မ. က သရက်တောင် (မြောက်)မှာ ကျောင်းအုပ်အဖြစ် တာဝန်ထမ်းဆောင်ခွင့်ရလိုက်သည်။ သူ့မှာ မိသားစုတာဝန်က ရှိနေခဲ့ပြီ

စာမျက်နှာ ၂၅ သို့ ➤

# ရေဦးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၅၄၉၄၂ ဧက စိုက်ပျိုးမည်


ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၅၄၉၄၂ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ရေဦးမြို့နယ်တွင် ၂၀၇၅၅ ဧက၊ တန့်ဆည်မြို့နယ်တွင် ဧက ၁၉၀၄၀၊ ဒီပဲယင်းမြို့နယ်တွင် ၁၅၁၄၇ ဧက စုစုပေါင်း ၅၄၉၄၂ ဧကတို့ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ရေဦးခရိုင်အတွင်း မတ်ပဲ ဧက ၅၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ မတ်ပဲဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကိုလဲ ကွင်းဆင်းဆောင် ရွက်ပေးသွားမယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးခရိုင်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးသွားမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

---

➤ စာမျက်နှာ ၂၄ မှအဆက်

ဖြစ်၍ ဘာသာရေးအလုပ်၊ Scrabble ဆက်ခြင်းအလုပ်တို့ကို ဦးစားပေး၍မရတော့မှန်း ကျွန်တော်သိသည်။ သို့ဖြစ်၍ မိသားစုဘဝရပ်တည်မှုတွင် အထောက်အကူဖြစ်စေမည့် ကွန်ပစ်ငါးရှာခြင်းအလုပ်ကို ကျွန်တော် လက်တွဲခေါ်သည်။ ကျောင်းအားနေ့များဆို ရွာနှင့် နှစ်မိုင်ခန့်ဝေးသည့် ဒိုးတန်းချောင်း၊ သစ်ပုတ်ချောင်းများသို့ ကွန်ပစ်ဆင်းကြသည်။ ကွန်ပစ်ရသည့်အချိန်မှာ ဒီရေစစ်ချိန်၊ ဒီရေတက်စ ရေဦးပြန်လှည့်ချိန်များတွင် ပစ်ရသဖြင့် ဒီရေခန်းနေသော လတာပြင်ရွှံ့တောမြေကိုဖြတ်လျှောက်ရသည်။ ရွှံ့မှာ ခြေသလုံးအလယ်လောက်ထိ နစ်ဝင်သည်။ ချောင်းကမ်းစပ်ရွှံ့ပျော့မြေကိုဖြတ်သန်းလျှင် ဒူးခေါင်းလောက်ထိ ကျွံဝင်သွားတတ်သည်။ ကွန်ပစ်၍ ထင်သလောက်မပင်ပန်းပေ။ အသွားအပြန်ရွှံ့လတာပြင်ကို ဖြတ်သန်းရသည်က ပိုပင်ပန်းသည်။ သူနှင့်ကျွန်တော်က ၅ ပေ ၆ လက်မ အရပ်ချင်းတူသော်လည်း ခန္ဓာကိုယ်လုံးကျတော့ သူက ပိုထွားသည်။ သို့သော် ရွှံ့ပြင်ထဲလမ်းလျှောက်ကြလျှင် သူ့မှာ ကျွန်တော့်လောက် အမောမခံနိုင်ပေ။ မောပြီး ခဏခဏ သူနားရသည်။

ချောင်းထဲ၊ ဆည်ထဲမှာကွန်ပစ်ကြလျှင်တော့ သူက လက်မောင်းအားကောင်းပြီး ကွန်ကိုလွှဲပစ်နိုင်စွမ်းပိုရှိသည်။ ရင်လောက်အနက်ထိ ရေထဲသို့ဆင်းပြီး ကွန်ကိုလွှဲပစ်နိုင်စွမ်းရှိသည်။ သူ ရင်လောက်အနက် ရေထဲဆင်းပြီးကွန်ပစ်လိုက်လျှင် ကျွန်တော့်ကိုကြည့်ပြီး ရယ်ပြသည်။ တွေ့တယ်၊ မြင်တယ်မဟုတ်လားဆိုသည့်သဘော ကြွားလုံးထုတ်သည့် သူ့အပြုအမူကိုသဘောကျသဖြင့် ကျွန်တော်ပြန်ပြုံးပြသည်။ တစ်ခါတလေ ရေတက်ရေကျအခြေအနေပေးလျှင် ကျွန်တော်တို့နှစ်ယောက် ကွန်တစ်ယောက်တစ်လက်စီဖြင့် နံနက်အစောကြီး ၄ နာရီဝန်းကျင်လောက်ကတည်းက ချောင်းသို့ဆင်းကြသည်။ အိမ်သို့ပြန်ရောက်ကြလျှင် ရလာသောငါးများကို အလျင်စလိုချက်စားပြီး ၁၀ နာရီ ကျောင်းချိန်မီသည်။ ကျွန်တော်၏ ပြုပြင်ဖန်တီးမှုအောက်တွင် ကျောင်းနေဖက်သူငယ်ချင်း ဦးစောသိန်းချေတစ်ယောက် အမှောင်ကွင်း၍ အလင်းဆောင်စေခဲ့ပြီဖြစ်၍ ကျွန်တော့်မှာ ပီတိရင်ဝယ်ပြည့်ရပါတော့သည်။

ဆရာဦးစောသိန်းချေ ကျွန်တော်တို့ သရက်တောင်ရွာမှာ တာဝန်ထမ်းဆောင်လို့ လေးနှစ်ကျော်ကာလသို့ရောက်သည့်နေ့တစ်နေ့ နံနက် ၄ နာရီဝန်းကျင်ခန့်မှာဖြစ်သည်။ ကျောင်းစောင့်တာဝန်ထမ်းဆောင်နေသူသည် ကျွန်တော့်အိမ်ရှေ့ကနေ ကျွန်တော့်ကိုလှမ်းခေါ်သည်။

"ဆရာကြီးရေ ဆရာကြီး"

ညကြီးအချိန်မတော်ခေါ်သံကြောင့် ကျွန်တော်အိပ်ရာမှထထိုင်ပြီး နားထောင်လိုက်သည်။

"ဆရာကြီးရေ ဆရာကြီး"

"ကျော်ဇံလားဟေ့"

"ဟုတ်ပါတယ် ဆရာကြီး။ အခု ဆရာ ဦးစောသိန်းချေ ဘာဖြစ်မှန်းမသိဘူး ခေါ်လို့မရတော့ဘူး။ အဲဒါ ဆရာကြီးဦးဘစိန်က ခေါ်ခိုင်းလိုက်လို့ ကျွန်တော်လာခေါ်တာဗျ"

"ဟင်"

ကျွန်တော် အိမ်ပေါ်က ကမန်းကတန်းဆင်းပြီး ရွာတောင်ဘက်စွန်းရှိ အလယ်တန်းကျောင်းဘက်သို့ သုတ်ခြေတင်ခဲ့တော့သည်။ ကျွန်တော်ရောက်သွားချိန်တွင် ဦးစောသိန်းချေမှာ ဧည့်ခန်းနံရံမှာ ဘေးတိုက်အနေအထားဖြင့် ရှိနေရှာသည်။ ကျောင်းအုပ်ဆရာကြီး ဦးစောသိန်းချေ မိန်းမနှင့်သူ့သမီးလေးက ခပ်လှမ်းလှမ်းက ကြည့်နေကြသည်။ ကျွန်တော် ကျောင်းအုပ်ဆရာကြီးကို တစ်ချက်ကြည့်ကာ ဦးစောသိန်းချေဆီသို့ သွားပြီး ရင်ဘတ်နှင့်လက်တို့ကို စမ်းကြည့်လိုက်သည်။ တစ်ကိုယ်လုံး အေးစက်နေသည်။ သူ့ကိုယ်ခန္ဓာမှ မည်သည့်လှုပ်ရှားမှုကိုမျှ မတွေ့ရသဖြင့် ကျွန်တော် သူ့ရင်ဘတ်၊ အသက်ရှူလမ်းကြောင်းနှာခေါင်းတို့ အနားကပ်ပြီး နားထောင်ကြည့်လိုက်ပြန်သည်။

"ဆရာကြီးရေ ကိုစောသိန်းချေ သေနေပြီဗျ"

"ဟာဗျာ"

သူ့မိန်းမငိုသံနှင့် သမီးကလေးငိုသံတို့မှာ ညဥ့်လွှာကို ထွင်းဖောက်လာကြသည်။

"သူ ဒီလို နေမကောင်းဖြစ်နေတာကြာပြီလား"

ကျွန်တော့်အမေးကို သူ့မိန်းမကပဲ -

"ဒီလိုဖြစ်နေတာ သုံးရက်ရှိပါပြီဆရာကြီး။ အရင်တစ်ပတ်က သူ သင်းပေါင်းချောင်းရွာမင်္ဂလာဆောင်ပွဲကို လိုက်သွားတယ်ရှင့်။ နှစ်ရက်ကြာမှ အဲဒီရွာသားတွေပဲ ညကြီးအချိန်မတော်မှာလာပို့ကြတာ။ လူကမြော့နေပြီ မလှုပ်နိုင်တော့ဘူး။ ကြည့်ရတာ အရက်တွေအလွန်အကျွံသောက်လို့ အမူးလွန်သွားပုံရတယ်။ ကျွန်မကိုလဲ ဆရာကိုဘညွန့်ကို သွားမပြောဖို့ သူပြောထားလို့ ဆရာကြီးကိုလာမပြောဖြစ်တာပါ။ ဒီညတော့ လှုပ်ရှားသလိုတစ်ချက်ပြုပြီး သူ့ခန္ဓာကိုယ်က ထရုံနားရောက်သွားပြီး ညည်းသံလေးခပ်မြှင်းမြှင်းထွက်ပြီး ငြိမ်သွားတယ်။ အဲဒါ ဆရာကြီးကိုခေါ်ပြီးပြလို့ ဆရာကြီးကပဲ ကိုကျော်ဇံကို ဆရာကြီးကို ခေါ်ခိုင်းလိုက်တာပဲ"

"မိုက်လိုက်တာဗျာ"

"ကျွန်တော့်ကျောင်းနေဖက်သူငယ်ချင်း ကျွန်တော့်ရွာသို့ တာဝန်ဖြင့်ရောက်လာတော့ ကျွန်တော့်မှာရွာခံသားမို့ ကိုယ့်သူငယ်ချင်းအပေါ် အကောင်းဆုံးဖြစ်အောင်ပြုပြင်ခဲ့သည်။ ကျွန်တော်၏ ကြိုးစားမှုကြောင့် အတိုင်းအတာတစ်ခုထိ အောင်မြင်ခဲ့သည်။ သို့သော် သူတရှိုက်မက်မက်ဖြစ်နေခဲ့သောအရက်ကို အခြေအနေပေးလျှင် တစ်နည်းအားဖြင့် ကျွန်တော့်မြင်ကွင်းမှ အခိုက်အတန့်ရှောင်ဖယ်ခွင့်ရရှိသည့်အချိန် အရှူးထန်းလျက်အိုးတွေ့ သောက်လိုက်ချိန်တွင်တော့ သေအရက်သည် သူ့ကို တကယ်ပဲ သေတွင်းသို့ပို့လိုက်ပါရော့လား။ အရက်သေစာသောက်စားခြင်းမှာ ကြီးစွာသောဆိုးကျိုးတရားကိုဖြစ်စေသဖြင့် "သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနံ ဝေရာမဏိ"ဟူ၍ ဗုဒ္ဓစာပေတွေထဲမှာ အရက်သေစာသောက်စားခြင်းကို ရှောင်ကြဉ်ကြရန် ထည့်သွင်းထားခြင်းပင် မဟုတ်ပါလား။

ကျွန်တော်၏ ကျောင်းနေဖက်သူငယ်ချင်းဖြစ်သည့်အပြင် ဌာနတူချင်းလုပ်ဖော်ကိုင်ဖက် ဆရာဦးစောသိန်းချေ၏ စျာပနအခမ်းအနားကိုလည်း မိတ်ကောင်းတာဝန်ကျေပွန်စွာဆောင်ရွက်ပေးခဲ့ရာ မစည်ကားအပ်သောအရပ်၌ စည်ကားသည်ထိ ဖြစ်ခဲ့ရပါသည်။

ဆရာဦးစောသိန်းချေသည် ကျောင်းဆရာစိတ်ရှိ၍ ကျောင်းဆရာဖြစ်လာတာ ကျေးလက်ရင်ခွင်ကြားက တောင်သူလယ်သမားရင်သွေးငယ်များကို ပညာအာဟာရခွံ့ကျွေးခဲ့ပါ၏။ တပည့်ချစ်ဆရာ၊ ဆရာချစ်တပည့်လည်း ဖြစ်ခဲ့ပါ၏။ အခုတော့ မြတ်ဗုဒ္ဓဟောကြားခဲ့သောမိန့်မှာချက်ကို အသိအလိမ္မာနည်းပါးစွာဖယ်ကြဉ်ခဲ့မှုကြောင့် ပညာရေးမြစ်ပင်လယ်နဒီရိုးမှာ မိုးချုပ်ခဲ့ပါလေပြီတကား။

---

## သက်ကြီးပုဂ္ဂိုလ်များနေ့ တို့မမေ့

- သက်ကြီးပုဂ္ဂိုလ် ဘိုးဘွားများ
  အလေးထား စောင့်ရှောက်ပါ၊
  ကမ္ဘာ့နိုင်ငံ အများစုက
  ဂုဏ်ပြုထားကာ၊
  "ဆန်းတစ်ရက် အောက်တိုဘာ"
  သတ်မှတ်လို့သာ နေ့ထင်ရှား၊
  ဘိုးဘွားများကို ထောက်ပံ့လို့
  စောင့်ရှောက်ကာထား။

- အိုမင်းကာ အားမစွမ်း
  ခါးရမ်းလို့ နွမ်းနယ်ကျေ၊
  ငယ်ရွယ်စဉ် နိုင်ဝန်ထမ်း
  ကမ်းလက်ပေးဝေ၊
  သားသမီး ဆွေမျိုးတွေ
  တိုးတက်အောင်လေ လုပ်ကိုင်ကျွေး၊
  လူမစွမ်းပေမင့်...
  မူလမ်းကို ချဲ့ထွင်လို့
  ပွဲပြင်လို့ပေး။

- ကောင်းမှုတွေ ရှေ့မြော်တွေး
  စေ့ဆောင်ပေး သက်ကြီးဂေဟာ၊
  ဘွားဦးဖွန်းကို မမေ့ကြ
  ယနေ့တိုင်ပါ၊
  ရှေ့ဆောင်လမ်းပြ ကြယ်ပမာ
  ကယ်တင်ကာ လူအိုများ၊
  တို့မြန်မာ ရိုးရာဓလေ့
  မမေ့ဘိုးဘွား။

- အကြင်နာ မေတ္တာတရားဖြင့်
  ရှိသေလေးစား ထာဝစဉ်၊
  လူငယ်တွေ ပြုစုပေးကြ
  ကောင်းမှုတူယှဉ်၊
  သုဝဏ္ဏသာမ ပမာအသွင်
  လုပ်ကျွေးကာပင် နေ့ညဉ်၊
  စံပြနှိုင်းယှဉ်...
  အနန္တဂိုဏ်းဝင် ဘိုးဘွားမိဘတို့အား
  ရှိခိုးဦးချ။ ။

**ရွှေတိုး(ထုံးဘို)**

(အောက်တိုဘာ ၁ ရက်ကျရောက်သော အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ကို ဂုဏ်ပြုရေးဖွဲ့ပါသည်။)

---


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# လူတစ်ယောက်၏ ဖြစ်တည်မှု

မိုးရှင်း

**❖ လူတစ်ယောက်သည် မည်သည့်အလုပ်ခွင်မှာပဲ ပါဝင်လုပ်ကိုင်နေရသည်ဖြစ်စေ မိမိလုပ်နေရသော လက်ရှိအခြေအနေနှင့် အလုပ်ကိုကား အလိုက်သင့်အလွန်းသင့် နေတတ်ညှိယူတတ်ရမည်။ ဟိုဟာဒီဟာအပြစ်ရှာပြီး အလုပ်ကိုအပြစ်တင်ငြိုငြင်သောသဘောထားသည် မိမိကိုကြီးပွားအောင်မြင်အောင် မလုပ်ဆောင်ပေးနိုင်ပါ။ မည်သည့်အလုပ်မှ အကောင်းဘက် ၁၀၀ ရာခိုင်နှုန်း အပြည့်ရှိရမည်ဟု မမျှော်လင့်သင့်ပါ။ စိတ်ကူးယဉ်ဆန်လွန်းနေပါလိမ့်မည်။ အကောင်း ၅၀ ရာခိုင်နှုန်းနှင့် အဆိုး ၅၀ ရာခိုင်နှုန်းရှိသည်ဆိုလျှင် ကျေနပ်လက်ခံလိုက်ပါဟု ဆိုချင်ပါ၏။ ❖**

အသက်အစိတ်သုံးဆယ်အရွယ်ရှိ လူငယ်တစ်ယောက်က ဖုန်းနှင့်ဆက်သွယ်၍ သူ့အလုပ်တစ်ခု လျှောက်ချင်သည်။ ထိုအလုပ်ကို လုပ်ရကောင်းမလားဟု မိမိကိုတိုင်ပင်သည်။ မိမိက ခက်ခဲကြမ်းတမ်း ဖြတ်သန်းရမည့်လုပ်ငန်းမျိုးဖြစ်သည်။ မင်းက ကျန်းမာရေးကောင်းသည်။ စိတ်ဓာတ်ခိုင်မာသည် ဆိုလျှင် ထိုအလုပ်ကိုလျှောက်ပေ့ါဟု ဖြေလိုက်သည်။ လုပ်သင့်သည်မလုပ်သင့်ဘူးဟု အဆုံးအဖြတ်သဘောထောက်ခံခြင်း၊ ကန့်ကွက်တားမြစ်ခြင်း မပြုခဲ့ပါ။ မိမိ ဘဝကို မိမိကိုယ်တိုင် စဉ်းစားချင့်ချိန်၍ ရွေးချယ်ရမည်သာဖြစ်၏ဟု ခံယူပါသည်။

ဆယ်ရက်ခန့်ကြာသောအခါ စိတ်ဓာတ်ကျသောလေသံဖြင့် ထိုအလုပ်ဝင်ခွင့်ဖြေခဲ့ရာတွင် သူတို့ရွယ်တူမိတ်ဆွေ ခုနစ်ယောက်လောက် အစစ်ဆေးခံကြရာ သူတစ်ယောက်ပဲကျရှုံးကာ ကျန်လူများဝင်ခွင့်ရသွားကြောင်းသိရသည်။ သူကတော့ ဆေးစစ်ရာနှလုံးအားနည်းသောရောဂါ ရှိနေကြောင်းတွေ့ရသဖြင့် ဆေးကျသည်ဆို၏။ ဟုတ်လေသလားတော့မသိ။ အခြားအလုပ်တစ်ခုပေါ်၏။ သူစိတ်မပါသဖြင့် မလျှောက်ဟုပြော၏။ ဒါလည်း ကာယကံရှင်၏သဘောအတိုင်းပေပဲ။ မိမိက ဘာမှအကြံဉာဏ်မပေးလိုပေ။ ယေဘုယျအားဖြင့် အသက်နှစ်ဆယ်၊ သုံးဆယ်အရွယ်လူငယ်များသည် မိမိက ဘယ်အရာတွင် အားသာလျက်၊ ဘယ်ဘာသာရပ်မျိုးတွင် အားနည်းကြောင်း ကိုယ့်အကြောင်းကို ကိုယ်မသိသည်ကများကြ၏။ သူများယောင်တာနှင့် ကိုယ်လည်းရောယောင်နောက်လိုက်လုပ်ကြသည်က များနေသည်။

လူ့ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ရေးနှင့်ပတ်သက်၍ မိမိကိုယ်ကို မြှင့်တင်ရေးစာအုပ်တစ်အုပ်အကြောင်း စာအုပ်ဝေဖန်ချက်တစ်ခုကိုကြည့်လိုက်ရသည်။ လက်ကိုင်ဖုန်းတွင် ယူကျုလိုင်းပေါ်မှ တိုက်ဆိုင်စွာဖတ်လိုက်မိခြင်းဖြစ်ပါသည်။ စာရေးသူ၏အာဘော်ကို တစ်ဆင့်ပြောပြနေသူက Personal Development စစ်နည်းဗျူဟာတွေကို ဤစာအုပ်တွင်လေ့လာကြည့်သောအခါ အနှစ်ချုပ်ဤငါးချက်ကိုသာ အဓိကတွေ့ရသည်ဆို၏။

၁။ အရာရာအားလုံးသည် မိမိအပေါ်တွင်သာမူတည်နေခြင်းဖြစ်သည်။

၂။ စစ်ပွဲနိုင်ဖို့ဆိုသည်မှာ ပထမဦးစွာ မိမိစိတ်ကိုနိုင်အောင်ကြိုးစားသင့်သည်။ စိတ်ခိုင်ရမည်။

၃။ မိမိအကြောင်းကို မိမိကိုယ်တိုင် သေချာပြည့်စုံစွာသိရှိအောင်လေ့လာရန် အရေးကြီးသည်။ ဤအချက်မှာ စတိုးအစ်ဇင်ခေါ်ခေါမပညာရှိများ ဟောကြားရေးသားထားသောကျမ်းများတွင် အထင်အရှားပါပြီးဖြစ်၏။ **"Know Thyself"** မိမိကိုယ်ကိုမိမိသိမြင်ပါစေ။ အားသာချက်၊ အားနည်းချက်များကို စိစစ်သိထားရပေမည်ဟု မိန့်ဆိုခဲ့ကြပါသည်။

၄။ တွေ့ကြုံနေရသောလက်ရှိပကတိအခြေအနေမှန်ကို ကောင်းကောင်းဆိုးဆိုး ရင်ဆိုင်လိုက်ရမည်။

၅။ ဖတ်ပါ၊ လေ့လာပါ။ ထပ်ကာဖတ်ပါ၊ စဉ်းစား၍ ထပ်လေ့လာပါ။

မိမိအပြုအမူကို ပြောင်းလဲလိုလျှင် အကျင့်အလေ့အထလေးများမှစ၍ ပြောင်းလဲယူပါ။ ယနေ့မှစ၍ပြောင်းပါ စသည်ဖြင့် ကောက်နှုတ်ဆွေးနွေးနေသည်ကို တွေ့လိုက်မိပါသည်။

အကျိုးရှိသော စွမ်းဆောင်ရည်မျိုး ပိုင်ဆိုင်လိုလျှင် ၈၀/၂၀ သီအိုရီကို အသုံးချရမည်ဟုလည်း တွေ့ရပါသေးသည်။ သူပြောသော စာအုပ်ထဲကပါသည်လား၊ စာအုပ်ဝေဖန်နေသူ၏ အာဘော်လားတော့ မသဲကွဲပါပေ။ မိမိ၏ လုပ်ဆောင်ချက်ကို ပိုမိုထိရောက်အောင်မြင်လိုလျှင် အရေးမပါသော ၈၀ ရာခိုင်နှုန်း အချက်များကို အချိန်ကုန်လူပန်းကျားကုတ်ကျားခဲ အားစိုက်မနေဘဲ ပို၍အဓိကကျသော အချိန်စီးသော အရေးကြီးသည့်အရာ ၂၀ ရာခိုင်နှုန်းကို ပိုင်နိုင်စွာချုပ်ကိုင်နိုင်အောင် အာရုံစိုက်အကောင်အထည်ဖော်နိုင်ရမည်ဟူသော သဘောတရားသီအိုရီဖြစ်ပါသည်။ ကောင်းကင်မှ ငွေစက္ကူတွေကြဲချနေသဖြင့်လေထဲမှာဝေ့ဝဲကျဆင်းလာသော ငါးရာတန်၊ တစ်ထောင်တန်၊ တစ်ရာတန်၊ နှစ်ရာတန်၊ ငွေစက္ကူတန်ဖိုးသေးသောအရာ အရွက် ၈၀ ရအောင် ဖမ်းယူမည့်အစား ကျပ်တစ်သောင်းတန် အရွက် ၂၀ ကိုရွေး၍ မရရအောင် ကြိုးစာလိုက်မှ (To get more done with less effort) အားစိုက်ရခြင်း အနည်းငယ်မျှနှင့် အကျိုးအမြတ်များစွာ အလုပ်ဖြစ်ရာရောက်ကြောင်း သဘောပေါက်ထားရမည်ဟု ဆိုလိုပေသည်။ ဤ အချက်ကို ထိုဟောပြောချက်မှာ ဒန်မွန်ဇာဟာရီယာဒက်ဇ် (Damon Zahariades) ကရေးထားသည်ဟုဆိုသော်လည်း ဤသဘောတရားပေါ်ထွက်ခဲ့သည်ကား နှစ်ပေါင်းကြာခဲ့ပြီးပါပြီ။ ထားပါတော့။ ၈၀/၂၀ အချိုးအလုပ်ဖြစ်နည်းသည် အသုံးတည့်နေကြသူများလည်း စီးပွားရေးလောက၊ စီမံခန့်ခွဲရေးလောကများတွင် ရှိခဲ့ကြပါ၏။

လူငယ်များနှင့် စကားပြောဆိုဆွေးနွေးကြလျှင် မိမိက လိုရာဆွဲ၍ မပြောမိစေရန် သတိထားရပါ၏။ ဘာကကောင်းသည်၊ ဘာကမကောင်းဘူးဟု ပုံသေမရှိပေ။ "ဖော့တတ်သော နွားကိုရှောင်ပြန်၊ ကန်တတ်သည့်နွားနှင့်ညား"ဟု ကျေးလက်စကားရှိထားပါ၏။ လူတစ်ယောက်သည် မည်သည့်အလုပ်ခွင်မှာပဲ ပါဝင်လုပ်ကိုင်နေရသည်ဖြစ်စေ မိမိလုပ်နေရသော လက်ရှိအခြေအနေနှင့် အလုပ်ကိုကား အလိုက်သင့်အလွန်းသင့် နေတတ်ညှိယူတတ်ရမည်။ ဟိုဟာဒီဟာအပြစ်ရှာပြီး အလုပ်ကိုအပြစ်တင်ငြိုငြင်သောသဘောထားသည် မိမိကို ကြီးပွားအောင်မြင်အောင် မလုပ်ဆောင်ပေးနိုင်ပါ။

မည်သည့်အလုပ်မှ အကောင်းဘက် ၁၀၀ ရာခိုင်နှုန်း အပြည့်ရှိရမည်ဟု မမျှော်လင့်သင့်ပါ။ စိတ်ကူးယဉ်ဆန်လွန်းနေပါလိမ့်မည်။ အကောင်း ၅၀ ရာခိုင်နှုန်းနှင့် အဆိုး ၅၀ ရာခိုင်နှုန်းရှိသည်ဆိုလျှင် ကျေနပ်လက်ခံလိုက်ပါဟု ဆိုချင်ပါ၏။ ငွေစက္ကူတစ်ရွက်၏ မျက်နှာတစ်ဖက်ကိုပဲ လိုချင်သည်။ ကျန်သည့်ဘက်ကို မိမိမကြိုက်ဘူးဟု ဆုတ်ဖြဲပစ်၍ မရနိုင်သလိုပဲဟု မှတ်သင့်၏။ အကောင်းအဆိုးအမျိုးမျိုးတွေ့ကြုံရခြင်းမှာ လောကဓမ္မတာဟုခံယူပါ။

**"No pain, no gain.**

**No thorn, no throne".**

**အနာမခံက အသာမစံရ။ ဆူးတောကိုမဖြတ်ကျော်ဘဲ အဆင့်မြင့်ရာကောင်းသောနေရာသို့ မရောက်နိုင်။** စာဖတ်သူနှင့် စာရေးသူတို့ငယ်စဉ်က ပင် စာစီစာကုံးရေးရန်ဆရာများ ပြောပြလေ့ရှိခဲ့သော စကားပုံ၊ ဆိုရိုးစကားတွေ ရှိပေသားပဲ။

အနာခံကြရမည်။ အဆင်းရဲအပင်ပန်းခံရမည်။ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲကြုံရသောအခါ အပြုံးမပျက်ဘဲ ရင်ဆိုင်ကျော်လွှားနိုင်ရပေလိမ့်မည်။

အကြောင်းတိုက်ဆိုင်၍ မမျှော်လင့်ဘဲ မိမိအာရုံထဲသို့ ရောက်လာသော စာရေးဆရာတစ်ယောက်၏ ဘဝတစ်ကွေ့ကိုသတိရမိသည်။ သူက နည်းလှည့်ဗေဒင်ဆရာတစ်ဦးဖြစ်၏။ ဗေဒင်နက္ခတ်ပညာကို နှစ်အတော်ကြာမျှ နက်ရှိုင်းစွာ လေ့လာဆည်းပူးခဲ့၏။ သို့ရာတွင် ကံအခွင့်အလမ်းမပေါ်သေးသဖြင့် ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ ပုသိမ် စသောမြို့ကြီးများတွင် နေရာမယူနိုင်၊ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ သီပေါမြို့မှာ ဗေဒင်ဟောစားသည်။ ဟန်မကျပါ။ ရှမ်းပြည်နယ်တောင်ကြီးမြို့၊ မြို့မဈေးကြီးတစ်ဝိုက်မှာ နောက်ခံပိတ်ကားဗေဒင်ဆရာဆိုင်းဘုတ်ချိတ်ဆွဲ၍ ဟောပါ၏။ အေးချမ်းလှသော ရှမ်းတောင်တန်းပေါ်က ဆောင်းညအေးစက်မှုများတွင် နွေးထွေးအောင် စောင်ပင်လျှင်လုံလောက်အောင် ခြုံစရာမရှိရှာပေ။ လမ်းဘေးမှာအိပ်ရသည်မို့ အတိုအစများရှာပြီး မီးဖို၍ မီးလှုံ၍ကွေးရသည်။ အနေဆင်းရဲ၊ အစားဆင်းရဲနှင့် ဗေဒင်ဆရာအလုပ်က ဝမ်းစာပင်လုံလောက်အောင်မရချေ။

ဘဝတစ်လျှောက်မှာ ဝါသနာအလျောက်ဝတ္ထုအပါအဝင်စာအုပ်ပေါင်းများစွာ ဖတ်ခဲ့သည်။ ဝတ္ထုရေးနည်း၊ ဇာတ်ကောင်မွေးနည်းတွေ သဘောပေါက်သည်။ တောင်ကြီးမှာ ဆင်းဆင်းရဲရဲ လမ်းဘေးဗေဒင်ဆရာလုပ်ရင်းမှာပင် အိပ်၍မရအောင် အေးမြသောဆောင်းညများကို စာရေးခြင်းဖြင့် စိတ်အာရုံက နွေးထွေးအောင်လုပ်နေခဲ့သည်။

မင်းသိင်္ခကလောင်အမည်နှင့် မနုစာရီဝတ္ထုရှည်လုံးချင်းစာအုပ်စထုတ်သည်။ ဝယ်ယူအားပေးသူမရှိ။ အရင်းမရအောင်ထုတ်ဝေသူမှာ ရှုံးသည်။ စာမူခ ငွေ ၄၀ ကျပ်သာပေး၏။ ကိုအောင်ထွန်း ခေါ် ဆရာမင်းသိင်္ခကား စိတ်မပျက်၊ လက်မလျှော့။ ရှေ့ဆက်၍ကြိုးစားသည်။

ဆားပုလင်းနှင်းမောင်နှင့် ပိတုန်းသုံးကောင်။ ထုတ်ဝေသူပြောင်းပြီး ဒုတိယစာအုပ်၊ တတိယစာအုပ် ဆက်၍ထုတ်သည်။ ရန်ကုန်သို့ပြန်ပြောင်းလာပြီး ဗေဒင်လည်းဟောရင်း၊ ဝတ္ထုကိုလည်းရေးသည်။ ပင်တိုင်ဇာတ်ကောင်ဆားပုလင်းနှင်းမောင် စုံထောက်ဝတ္ထု။ (မိမိသတိထားမိသည်မှာ မင်းသိင်္ခအစောပိုင်းဝတ္ထုတစ်ပုဒ်သည် အင်္ဂလိပ်ဝတ္ထုကို မှီငြမ်းပြုထားသော ဆရာကြီးရွှေဥဒေါင်း၏ ဝက်ဘ်ဟူသည့် ဝတ္ထုစာအုပ်ဇာတ်လမ်းဇာတ်ကွက်ကို ဇာတ်ကောင်အမည်သစ်၊ နေရာနှင့် အချိန်ပြောင်းလဲပြီး ချဲ့ရေးထားကြောင်းဖြစ်၏။ ပုဂံစာအုပ်တိုက်မှ ၁၉၆၃-၁၉၆၄ ခုနှစ်လောက်က ထုတ်ဝေခဲ့ကြောင်း မှတ်မိနေပါ၏။)

ဆရာမင်းသိင်္ခက အင်္ဂလိပ်ဝတ္ထုမူရင်းကိုဖတ်၍ ဆရာကြီးရွှေဥဒေါင်းနှင့် တစ်မျိုးစီမှီငြမ်းပြုပုံချင်းကွဲလွဲသွားခြင်းဟု ဆိုကောင်းဆိုနိုင်ပါ၏။ သို့သော် စနေမောင်မောင်ဇာတ်လမ်းများသည် ဆရာကြီးရွှေ ဥဒေါင်း၏ ရူပနန္ဒီစသော မှီငြမ်းများနှင့်တူနေပြန်လေသည်။ ရှိစေ။

မူရင်းရှိဝတ္ထုနှင့်အလန်ကွာတားမိန်းဝတ္ထုများကို မိမိလည်းမဖတ်ဖူးသဖြင့် မည်မျှမှီငြမ်း၍ ဆရာကြီးရွှေဥဒေါင်းဝတ္ထုထဲက မည်မျှအတုယူသလဲ မပြောနိုင်ပါ။

ဆရာမင်းသိင်္ခသည် ပထမဝတ္ထုမနုစာရီရှုံးနိမ့်ခဲ့သော်လည်း နောက်မဆုတ်ဘဲ ဆားပုလင်းနှင်းမောင်နှစ်အုပ် ဆက်ထုတ်ရာ အုပ်ရေများစွာ ရောင်းလာရပေပြီ။ စတုတ္ထစာအုပ်ပုဏ္ဏားဘကွန်းစာအုပ်သည်ကား မြန်မာဝတ္ထုစာအုပ်လောက စံချိန်ချိုးလောက်အောင် အုပ်ရေမြင့်မားစွာ အောင်မြင်ခဲ့လေတော့သတည်း။

တင့်တယ်၊ ဗန်းမော်တင်အောင်၊ အောင်လင်း၊ မောင်သာရ၊ တက္ကသိုလ်ဘုန်းနိုင်၊ ဆွေလှိုင်ဦး၊ ခင်ဆွေဦးတို့ကို ဖြတ်ကျော်ကာ ဆရာမင်းသိင်္ခသည် လုံးချင်းဝတ္ထုဈေးကွက် (သို့) လုံးချင်းဝတ္ထုကော ရုပ်ပြများပါ လျှမ်းလျှမ်းတောက်အောင်မြင်ခဲ့ပေသည်။ ဆရာကြီးမင်းသိင်္ခသည် စာရေးကောင်းသည်၊ အောင်မြင်သည်သာမက စာပေဟောပြောပွဲများတွင်လည်း ပရိသတ်ကိုဖမ်းစား၍ ရယ်ရွှင်အောင်ထိတ်လန့်အောင် ဆွဲဆောင်ဟောပြောနိုင်စွမ်းရှိပေသည်။

ဆရာမင်းသိင်္ခ(ငါးသုံးလုံးစီးကရက်ကို စွဲစွဲမြဲမြဲ သောက်တတ်ခဲ့သည်)နှလုံးရောဂါဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ရသောအခါ သူ့အခန်းဘေးရှိအခန်းတွင် နိုင်ငံကျော်စာရေးဆရာကြီးဗန်းမော်တင်အောင်လည်း ဆေးရုံလူနာအဖြစ်သူနှင့်တွေ့ဆုံရ၏။ အတော်ပင်နွမ်းနယ်နေရှာပါပြီ။ မကြာမီကွယ်လွန်သွားသည်ကို တွေ့လိုက်ရလေသည်။

ထိုစဉ်ကဆေးရုံကြီးမှ ကြံတောသုသာန်သို့ပို့ဆောင်ရသည်။ စာရေးဆရာကြီးဗန်းမော်တင်အောင် (၁၉၂၀- ၁၉၇၈)ကို ချစ်ခင်လေးစား၊ တန်ဖိုးထားမြတ်နိုးကြသော လူတန်းစားအလွှာအသီးသီးတို့သည် ကားကြီးကားကောင်းများ၊ အမျိုးမျိုးအပြင်ဆိုက်ကား၊ စက်ဘီး၊ သုံးဘီး၊ လေးဘီးစသည်တို့ဖြင့် ရုပ်အလောင်း သုသာန်ရောက်နေသည့်တိုင်ပင် ပြည်သူ့ဆေးရုံကြီးမှ အသုဘပို့လာကြသူ လူစုလူဝေး၊ လူထုကြီးက မစဲသေး၊ မကုန်သေး။ ကြံတောသင်္ချိုင်းရာဇဝင်တွင် ဆရာကြီးဗန်းမော်တင်အောင်လောက် လိုက်ပါပို့ကြသူ စည်ကားဖူးသူမရှိဟု မှတ်သားရပါ၏။

ထိုအချိန်က သူ၏အုတ်ဂူပေါ်တွင် ဆရာဗန်းမော်တင်အောင်ပြောခဲ့ရေးခဲ့သော စာကြောင်းကို ကောက်နှုတ်ဖော်ပြထားလေသည်။ အနီးစပ်ဆုံး ဆိုလိုရင်းမှာ

**"လူတစ်ယောက်ရဲ့တန်ဖိုးကို အကဲဖြတ်ရင် သူဖြတ်သန်းနေတဲ့ခေတ်ကြီးက သူ့ပခုံးပေါ်ကိုတင်ပေးလိုက်တဲ့ သမိုင်းတာဝန်ကို သူဟာဘယ်လောက်ကျေပွန်အောင်ထမ်းဆောင်ခဲ့သလဲဆိုတဲ့ အချက်နဲ့တိုင်းတာရမှာပဲ"**ဟု မှတ်သားမိပါသည်။ နိုင်ငံနှင့်ပြည်သူတို့၏ကောင်းကျိုးကို စေတနာကြီးမားသော စာရေးဆရာအလုပ်သည်ကား ဂုဏ်ယူလေးစားစရာပါတကား။

# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၁၅၃၆၀ စိုက်ပျိုးမည်


ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ထီးချိုင့် စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာဧက ၁၅၃၆၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ထီးချိုင့်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာဧက ၁၅၃၆၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစ၍ ဒီဇင်ဘာလထိ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ထီးချိုင့်မြို့နယ်မှာ ဒီနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ နေကြာဧက ၁၅၃၆၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးသွားမယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ဧက ဆီထွက်ရှိမှုက မြေပဲ၊နှမ်းတွေထက်များပါတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည် မြှင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထီးချိုင့်မြို့နယ်တွင် ယခုနှစ် နေကြာစိုက်ပျိုးမည့်တောင်သူများကို မျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ ယူရီးယား ဓာတ်မြေဩဇာများ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေးစီမံထားရှိခြင်း၊ ထွက်ရှိလာသော နေကြာမျိုးစေ့များကို တောင်သူမှတောင်သူ ဖလှယ်သည့် နည်းစနစ်များဖြင့် ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)

# စလင်းမြို့နယ် ကံစွယ်လေးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**စလင်း စက်တင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ဒါးဆွယ်ကန်ကျေးရွာအုပ်စု ကံစွယ်လေးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်၊ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့်အတူ ကံစွယ်လေးကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင် ဦးစီးမှူး ဦးခင်မောင်ကျော်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစေရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကံစွယ်လေးကျေးရွာ၌ လမ်းအရှည်ပေ ၅၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်းပံ့ပိုးငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေ ၄ ဒသမ ၇၅ သိန်း စုစုပေါင်း ရန်ပုံငွေကျပ် ၁၅၄ ဒသမ ၇၅ သိန်းအသုံးပြုကာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ် ၁၃ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးပါက ကံစွယ်လေးကျေးရွာရှိ ကျေးလက်နေပြည်သူများ ခရီးသွားလာရာတွင် အဆင်ပြေလွယ်ကူမည်ဖြစ်ကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်ထံမှ သိရသည်။

**ဇင်မာ**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ဓနိချပ်ရေ ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ စက်တင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ဓနိချပ်ရေ ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ဓနိရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီတင့်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဓနိချပ်ရေ ၄၀၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ် ၁ ရက်မှ ၃၁ ရက်ထိ ဓနိချပ်ရေ ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ လပွတ္တာမြို့နယ်သည် ဓနိထွက်သော ဒေသဖြစ်ပြီး ထွက်ရှိလာသည့် ဓနိများကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"လပွတ္တာမြို့နယ်နေ တောင်သူတွေက စပါးအပြင် ဓနိနဲ့ အခြားသီးနှံတွေကို စိုက်ပျိုးပါတယ်။ ဓနိစိုက်ပျိုးတဲ့ လုပ်ငန်းကတော့ ဒေသစီးပွားရေး လုပ်ငန်းထဲမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ်လထဲမှာ ရန်ကုန်ဈေးကွက်ကို ဓနိချပ်ရေ ၅၅၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ပါတယ်။ ဝယ်ယူမှု အားကောင်းလာတော့ ဒေသခံဓနိစိုက်ပျိုးရေးလုပ်ငန်းရှင်တွေနဲ့ ဓနိထိုးလုပ်သားတွေပါ အဆင်ပြေလာတာတွေ့ရပါတယ်" ဟု လပွတ္တာမြို့နယ် ဓနိရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီတင့်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ထွက်ရှိသော ဓနိချပ်ရေ ၁၀၀ လျှင် ငွေကျပ် ၂၁၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဓနိချပ်များ ဝယ်ယူမှု အားကောင်းလာခြင်းကြောင့် ဓနိစိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ ဓနိထိုးလုပ်သားများ၊ ဓနိပွဲရုံပိုင်ရှင်များ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ပုဗ္ဗသီရိမြို့နယ် လှည်းပြင်ကွဲကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် စက်တင်ဘာ ၃၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လှည်းပြင်ကွဲကျေးရွာ၌ ပဥ္စမအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးက ကျေးရွာရှိလုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ကိုင်သူများနှင့် အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများလိုအပ်သည့် ငွေကြေးအရင်းအနှီး ရရှိစေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၁၁၆ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လှည်းပြင်ကွဲကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူနှင့် အခြားလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၈ ဦးကို ကျေးရွာမတည်ရန်ပုံငွေကျပ် ၁၁၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နော်လူး**

# သံဖြူဇရပ်မြို့နယ် ကွမ်သတ်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**သံဖြူဇရပ် စက်တင်ဘာ ၃၀**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည် နယ်အစိုးရခွင့်ပြုရန်ပုံငွေဖြင့် ကွမ်သတ်ကျေးရွာ၌ ကျေးရွာတွင်း ကုန်ထုတ်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦး၊ သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်ဝေနှင်းနှင့် ဝန်ထမ်းများက ကွမ်သတ်ကျေးရွာ ကုန်ထုတ်လမ်း ဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းအတိုင်း အချိန်မီပြီးစီးရေး ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

သံဖြူဇရပ်မြို့နယ်၌ အရှည်ပေ ၁၂၀၀၊ အကျယ် ၁၂ပေ၊ အမြင့် ခြောက်လက်မရှိ ကုန်ထုတ်လမ်း ကွန်ကရစ်ခင်းခြင်းကို ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၄၇ ဒသမ ၇ သန်းဖြင့်သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဇူလိုင်လ ပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုန်ထုတ်လမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကွမ်သတ်ကျေးရွာမှထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များကို ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ အချိန်မီတင်ပို့ ရောင်းချနိုင်မည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦးထံမှ သိရသည်။

**အေးမြတ်**

# အမေရိကန်တွင် ဟယ်လင်ဟာရီကိန်းမုန်တိုင်းကြောင့် သေဆုံးသူဦးရေ ၉၀ ထိရှိလာ



**ဝါရှင်တန် စက်တင်ဘာ ၃၀**

အမေရိကန်နိုင်ငံတွင် ဟယ်လင် ဟာရီကိန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် သေဆုံးသူဦးရေ ၉၀ ထိရှိလာကြောင်း ယနေ့သတင်းများအရ သိရသည်။

ဟယ်လင်မုန်တိုင်းသည် စက်တင်ဘာ ၂၆ ရက်က စတင်တိုက်ခတ်ခဲ့ပြီး စက်တင်ဘာ ၂၇ရက်တွင် အင်အားပြင်းသော ဟာရီကိန်းမုန်တိုင်းအသွင်သို့ ကူးပြောင်းသွားခဲ့ပြီး ပင်လယ်ပြင်တွင် လှိုင်း၊ လေထန်ကာ ရေလွှမ်းမိုးမှုကို ဖြစ်ပေါ်စေခဲ့ကြောင်း၊ မုန်တိုင်း တိုက်ခတ်မှုကြောင့် ရပ်ကွက်များတွင် ရေလွှမ်းမိုးမှုများနှင့် ရွံ့မြေပြိုကျမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ပြည်နယ်အများအပြားတွင် မြေပြိုမှုနှင့် ရေကြီးမှုများကြောင့်သေဆုံးခဲ့သူများ များပြားလာသည့်အပြင် ပျောက်ဆုံးနေသူများလည်းရှိသည့်အတွက် သေဆုံးသူအရေအတွက် ထပ်မံမြင့်တက်လာနိုင်ကြောင်း၊ ဟယ်လင်မုန်တိုင်းသည် အမေရိကန်နိုင်ငံတွင် တိုက်ခတ်ခဲ့သည့်မုန်တိုင်းများထဲတွင် ပျက်စီးဆုံးရှုံးမှုအများဆုံး မုန်တိုင်းတစ်ခုဖြစ်ကြောင်း ပြည်နယ်အစိုးရ၏ စစ်တမ်းများအရ သိရသည်။

ဟယ်လင်ဟာရီကိန်းမုန်တိုင်း ဝင်ရောက် တိုက်ခတ်ပြီးနောက် ဖလော်ရီဒါ၊ ဂျော်ဂျီယာ၊ မြောက်ကာရိုလိုင်းနား၊ တောင်ကယ်ရိုလိုင်းနားနှင့် ဗာဂျီးနီးယားပြည်နယ်တို့တွင် သန့်ရှင်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို စက်တင်ဘာ ၂၉ ရက်ကစ၍ ဆောင်ရွက်လျက်ရှိပြီး လတ်တလောကောက်ယူရရှိထားသော အချက်အလက်များအရ ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံမှ ဘီလီယံ ၁၀၀ ကျော်ထိရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ဟယ်လင်ဟာရီကိန်းမုန်တိုင်းကြောင့်သေဆုံးသူဦးရေ ၉၀ ထိရှိလာခဲ့ပြီး ရေဘေးသင့်ပြည်သူဦးရေ သန်းနှင့်ချီ၍ရှိကာ လမ်းများနှင့် တံတားများစွာ ပျက်စီးခဲ့ရကြောင်း၊ ထို့ပြင် ဆက်သွယ်ရေးလိုင်းများ ပြတ်တောက်ကာ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်နေသည့်အပြင် သောက်သုံးရေအခက်အခဲများလည်း ဖြစ်ပေါ်နေကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KZ**

# မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် ရေဘေးသင့်ပြည်သူများကို သွားရောက်တွေ့ဆုံ

**ပြုံယမ်း စက်တင်ဘာ ၃၀**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် စက်တင်ဘာ ၂၉ ရက်က ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သောဒေသများသို့သွားရောက်၍ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံကာ အားပေးစကားပြောကြားခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို သွားရောက်စစ်ဆေးခဲ့ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင် သတင်းဌာနက ဖော်ပြသွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မြောက်ကိုရီးယားနိုင်ငံတွင် ပြီးခဲ့သည့် ဇူလိုင်လနှင့် ဩဂုတ်လတို့က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားပြီး သေဆုံးသူများပြားခဲ့ကာ တရုတ်နိုင်ငံနှင့် ထိစပ်နေသောဒေသများတွင်လည်း စိုက်ပျိုးမြေအမြောက်အမြား ပျက်စီးခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်ဦးဆောင်သော အစိုးရအဖွဲ့သည် နေရပ်ကိုစွန့်ခွာခဲ့ရသော ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံး ဆောင်ရွက်ပေးနေကြောင်း၊ အခြေခံ အဆောက်အအုံများကိုလည်း ပြန်လည်တည်ဆောက်ပေးနေမှုများကို ပြည်သူများထံသို့ ချပြခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ပြန်လည်ထူထောင်ရေးလုပ်ငန်များ ဆောင်ရွက်ပေးနေသည့် ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံး ဆောင်ရွက်ပေးရေးအတွက် ညွှန်ကြားခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ရေဘေးဒဏ်သင့်ဒေသသို့ ၂၀၂၄ ခုနှစ်အတွင်း တတိယအကြိမ်မြောက် သွားရောက်ခဲ့ခြင်းဖြစ်ပြီး ရေဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုကို သွားရောက် စစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

# တရုတ်(တိုင်ပေ)အနောက်ဘက်ကမ်းခြေများသို့ ကရာသွန်တိုင်ဖွန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်

**တိုင်ပေ စက်တင်ဘာ ၃၀**

တရုတ်(တိုင်ပေ) အနောက်ဘက်ကမ်းခြေများသို့ ယနေ့တွင် ကရာသွန်ဟုအမည်ပေးထားသော တိုင်ဖွန်းမုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ပြီး မုန်တိုင်းနှင့်အတူ မိုးသည်းထန်စွာရွာသွန်းကာ လေတိုက်နှုန်းလည်းမြင့်မားနေကြောင်း Central Weather Administration (CWA) က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ကရာသွန် တိုင်ဖွန်းမုန်တိုင်းသည် ပြင်းအား အဆင့်(၄) ရှိခဲ့ပြီး မုန်တိုင်းကြောင့် ဖြစ်ပေါ်နေသည့် လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၂၅ မိုင်နှုန်းဖြင့် တိုက်ခတ်နေခြင်းဖြစ်ကြောင်း၊ အနောက်ဘက်ကမ်းခြေ၏ရေဒေသများတွင် ရေပမာဏမှာ ၁ ဒသမ ၃ မီတာထိ မြင့်တက်နေပြီး မိုးဆက်လက်ရွာသွန်းပါက ရေကြီးရေလျှံမှုအခြေအနေမှာ ပိုမိုဆိုးရွားသွားနိုင်ကြောင်း CWA ကသတိပေးချက်ထုတ်ပြန်ခဲ့သည်။

"အနောက်ဘက်ပိုင်းကမ်းခြေတွေမှာရင်ဆိုင်နေရတဲ့ မုန်တိုင်းအန္တရာယ်ဟာ စိုးရိမ်ရပါတယ်။ မုန်တိုင်းဟာ အနောက်ဘက်ပိုင်းကမ်းခြေဒေသတွေကို တိုက်ရိုက်ဝင်ရောက်တိုက်ခတ်ခဲ့တာဖြစ်တဲ့အတွက်ကြောင့် မုန်တိုင်းဒဏ်သင့်ဒေသတွေမှာ ပျက်စီးမှုကြီးမားလိမ့်မယ်"ဟု CWA မှ ပြောရေးဆိုခွင့်ရှိသူ ဂျန်နီဟောင်က ပြောကြားခဲ့သည်။




တရုတ်(တိုင်ပေ) အာဏာပိုင်အဖွဲ့အစည်းက မုန်တိုင်းဒဏ်သင့်ဒေသများသို့ ရော်ဘာလှေအစီးရေ ၁၀၀၀ နှင့် ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်သားဦးရေ ၂၂၀၀ ကို စေလွှတ်ထားသည်ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

# နီပေါနိုင်ငံတွင် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများကြောင့် စာသင်ကျောင်းများနှင့် တက္ကသိုလ်များကို ပိတ်ထားရ

**ခတ္တမန္ဒူ စက်တင်ဘာ ၃၀**

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် စာသင်ကျောင်းများနှင့် တက္ကသိုလ်များကို ပိတ်ထားရကြောင်း ယနေ့သတင်းများအရ သိရသည်။

နီပေါနိုင်ငံတွင် ဖြစ်ပေါ်နေသော ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများကြောင့် စာသင်ကျောင်းများနှင့် တက္ကသိုလ်များ၏ စာသင်ကြားမှုနှင့် အုပ်ချုပ်မှုအဆောက်အအုံများကိုပြန်လည်ပြုပြင်ရန် လိုအပ်သောကြောင့် ခေတ္တပိတ်ထားကြောင်း သိရသည်။

"ရေဘေးဒဏ်သင့်ဒေသတွေမှာရှိတဲ့ကျောင်းတွေကို ပြင်ဆင်မှုတွေပြုလုပ်ဖို့အတွက် သုံးရက်ကြာပိတ်ထားဖို့ သက်ဆိုင်ရာအာဏာပိုင်တွေကို တောင်းဆိုခဲ့ပြီး အခုလိုပိတ်လိုက်ရတာပါ"ဟု နီပေါနိုင်ငံပညာရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ လက်ရှ်မီး ဘာတာရာရီက ပြောကြားခဲ့သည်။

ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် သေဆုံးသူဦးရေသည် ၁၅၁ ဦးထိရှိလာကာ ၅၆ ဦးပျောက်ဆုံးနေကြောင်း၊ ရေကြီးမှုကြောင့် ခတ္တမန္ဒူမြို့နေ လူဦးရေ လေးသန်းသည် ရေကြီးရေလျှံမှုဘေးကို ရင်ဆိုင်နေရပြီး ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာ ယာဉ်ကြောပိတ်ဆို့မှုများကိုလည်း ကြုံတွေ့နေရကြောင်း အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

ခတ္တမန္ဒူမြို့၏ အချို့နေရာများတွင် မိုးရွာသွန်းမှုသည် ၁၂ ဒသမ ၇ လက်မထိ ရွာသွန်းခဲ့ကြောင်း၊ ထိုသို့မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဘဂ္ဂမတီမြစ်ရေသည် စိုးရိမ်ရေမှတ်ကိုကျော်လွန်ကာ ခုနစ်ပေထိ တက်လာခဲ့ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများက ပြောကြားခဲ့သည်။

စက်တင်ဘာ ၂၉ ရက်တွင် မိုးရွာသွန်းမှု လျော့သွားသည့်အတွက် မြို့တော်၏အခြေအနေသည် ပိုမိုကောင်းလာနိုင်ပြီး မိုးဆက်လက်ရွာနိုင်သေးသော်လည်း သည်းထန်စွာရွာသွန်းမှုမှာ မဖြစ်နိုင်တော့ကြောင်း မိုးလေဝသခန့်မှန်းသူ ဂိုဗင်ဒါက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KZ**

# နိုင်ဂျီးရီးယားနိုင်ငံ ဘော်နိုပြည်နယ်မှ ရေဘေးသင့်ပြည်သူများအတွက် Jaiz Bank က နိုင်ရာ သန်း ၁၀၀ လှူဒါန်းပေးအပ်

**အဘူဂျာ စက်တင်ဘာ ၃၀**

နိုင်ဂျီးရီးယားနိုင်ငံ ဘော်နိုပြည်နယ်တွင် စက်တင်ဘာလအတွင်း ရေဘေး အန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရပြီး သေဆုံးသူ ၃၇ ဦးထက်မနည်းရှိကာ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူဦးရေ ၄၁၄၀၀၀ ထိရှိခဲ့ရာ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူများ နေရပ်သို့ပြန်နိုင်ရေးနှင့် လိုအပ်သော အသုံးအဆောင်နှင့် ဆေးဝါးများ ပံ့ပိုးပေးနိုင်ရေးအတွက် Jaiz Bank က နိုင်ရာ သန်း ၁၀၀ လှူဒါန်းပေးအပ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသော ပြည်သူများအတွက်လည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အပံ့ဖြစ်စေရေးအပြင် သေဆုံးခဲ့သူများ၏ မိသားစုဝင်များကို ပံ့ပိုးပေးရေးနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူများကို ကူညီပံ့ပိုးပေးရေးအတွက် ရည်ရွယ်၍ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်းJaiz Bank ဘုတ်အဖွဲ့ဥက္ကဋ္ဌ ဘင်ကျူ့က ပြောကြားခဲ့သည်။

"ဘော်နိုပြည်နယ်က ရင်ဆိုင်ခဲ့ရတဲ့ ရေဘေးအန္တရာယ်ဟာ တော်တော်လေးကို ဆိုးရွားခဲ့ပါတယ်။ ပြည်သူတွေအနေနဲ့ နေရပ်ကိုစွန့်ခွာပြီးတော့ ကယ်ဆယ်ရေးစခန်းတွေမှာ နေထိုင်နေရတယ်။ ကယ်ဆယ်ရေးစခန်းမှာ အစားအသောက်တွေ၊ အသုံးအဆောင်တွေနဲ့ ဆေးဝါးတွေလိုအပ်ချက်ရှိနေပြီး ပြည်သူတွေလိုအပ်နေတဲ့ အထောက်အပံ့တွေကို ပေးနိုင်ဖို့အတွက်လဲ Jaiz Bankက ကူညီပံ့ပိုးပေးသွားဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။ ရေဘေးအန္တရာယ်ကြောင့် ပြည်သူတွေ သေဆုံးနေတာကိုလဲ တွေ့ရတဲ့အတွက် စိတ်မကောင်းဖြစ်မိပါတယ်။ ရေဘေးဒဏ်သင့်ပြည်သူတွေအတွက် ကျွန်တော်တို့ဘဏ်အနေနဲ့ နိုင်ရာသန်း ၁၀၀ ပံ့ပိုးပေးအပ်သွားဖို့ ဘုတ်အဖွဲ့က သဘောတူဆုံးဖြတ်ခဲ့ပြီး ဘော်နိုပြည်နယ်အစိုးရအဖွဲ့ကနေတစ်ဆင့် လှူဒါန်းခဲ့တာဖြစ်ပါတယ်"ဟု ဘင်ကျူ့က ပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

# မြန်မာ့အနာဂတ်အတွက် ရွှေလက်ပိုင်ရှင်များ (၃)

လင်းလက်

**စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေး**

ရေရှည်တည်တံ့သော၊ ဟန်ချက်ညီသော စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတိုင်းက အလေးထားဆောင်ရွက်နေကြသည်။ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှုကိုရရှိရုံသာမက နောင်လာမည့်မျိုးဆက်များအတွက်ပါ ဖွံ့ဖြိုးတိုးတက်မှုကို လက်ဆင့်ကမ်းပေးနိုင်ရန်အတွက် ကြိုးစားဆောင်ရွက်ကြရန်လိုအပ်လာပြီဖြစ်သည်။ ကုလသမဂ္ဂက နိုင်ငံတိုင်းအတွက် ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်ရေးအတွက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များကို ချမှတ်၍ တစ်ကမ္ဘာလုံးအတိုင်းအတာထိ ကြိုးစားဆောင်ရွက်နေသည်ကိုလည်း တွေ့ရသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများသည်ပင် လူသားအရင်းအမြစ်အပါအဝင် နိုင်ငံတွင်းရှိအရင်းအမြစ်ပေါင်းစုံကို စနစ်တကျသုံးစွဲ၍ အနာဂတ်နိုင်ငံတော်ကို လှပသာယာစေရေး အလေးထားဖန်တီးပုံဖော်နေကြသည်။ စစ်ရေးအင်အား၊ စီးပွားရေးအင်အား တောင့်တင်းခိုင်မာသည့်နိုင်ငံကြီးများသည်ပင်လျှင် ကြိုတင်မျှော်မှန်း၍မရနိုင်သောအနာဂတ်အတွက် ပြင်ဆင်နေရသည့်အချိန်ပင်ဖြစ်သည်။ ထိုကဲ့သို့ ပြင်ဆင်ဆောင်ရွက်ရာတွင် နိုင်ငံအတွင်းရှိ မျိုးဆက်သစ်လူငယ်များ၏ခွန်အားကိုအသုံးပြု၍ အနာဂတ်စွမ်းအားစုအဖြစ် ပုံဖော်နေကြသည်ကိုလည်း တွေ့ရသည်။ လူငယ်များအနေဖြင့် မှန်ကန်သောအတွေး၊ အသိ၊ အမြင်တို့ရှိလာကာ နိုင်ငံနှင့်လူမျိုးအတွက် စွမ်းစွမ်းတမံဆောင်ရွက်နိုင်သည့် မျိုးဆက်များဖြစ်လာစေရေး လူငယ်ကဏ္ဍရင်းနှီးမြှုပ်နှံမှုများကို စနစ်တကျဆောင်ရွက်လာကြသည်။

**သတိထားရမည့်ကာလ**

နည်းပညာခေတ်တွင် မျိုးဆက်သစ်လူငယ်များ၏ တီထွင်ဖန်တီးမှုစွမ်းအားနှင့် တိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုးသောမျိုးချစ်စိတ်ဓာတ်တို့ကို စနစ်တကျအသုံးချ၍ နိုင်ငံ့စွမ်းအားကို မြှင့်တင်ကြရသည်။ လက်ရှိကာလသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ စစ်ရေးအရ ဝင်ရောက်ကျူးကျော်၍ တိုက်ခိုက်ကြသည့် အပြုအမူများထက် စစ်ရေးအင်အား၊ စီးပွားရေးအင်အားတို့ကိုချဲ့ထွင်ပြီး အင်အားပြခြိမ်းခြောက်ခြင်း၊ နိုင်ငံ့စွမ်းအားဖြစ်သည့် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ဘာသာရေးကဏ္ဍ စသည့် နယ်ပယ်များတွင် အင်အားချည့်နဲ့လာအောင်ဆောင်ရွက်ခြင်း၊ နိုင်ငံ့စွမ်းအားမျိုးဆက်သစ်လူငယ်များကို တိုင်းပြည်ကိုချစ်သော မျိုးချစ်စိတ်ဓာတ်များပျောက်ကွယ်သွားအောင် ဆွဲဆောင်စည်းရုံးခြင်း စသည့် နည်းလမ်းပေါင်းစုံကိုအသုံးပြုကာ နိုင်ငံ့စွမ်းအားလျော့နည်းသွားစေပြီး ၎င်းတို့အလိုရှိရာ ပုံသွင်းနိုင်သည့် လက်ဝေခံနိုင်ငံအဖြစ်သို့ သွတ်သွင်းနိုင်ရေး ကြိုးပမ်းလာကြသည်။ မဟာအင်အားကြီးနိုင်ငံများ၏ ခေတ်သစ်ကိုလိုနီပြုလိုသည့်နည်းလမ်းများက ဖွံ့ဖြိုးဆဲနိုင်ငံများသို့ အဓိကပစ်မှတ်ထားလာနေသည်ကို သတိပြုကြရမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံကို အင်အားချည့်နဲ့လာအောင်ဆောင်ရွက်နိုင်သည့်နည်းလမ်းများစွာရှိသည့်အနက် နိုင်ငံအတွင်းရှိ နိုင်ငံ့အနာဂတ်မျိုးဆက်သစ်လူငယ်များ၏ စိတ်ဓာတ်နှင့် ခံယူချက်များကို ရိုက်ချိုးဖျက်ဆီးပစ်သည့်နည်းလမ်းက အထိရောက်ဆုံးပင်ဖြစ်သည်။ မျိုးဆက်သစ်လူငယ်များကို ဝါဒမှိုင်းတိုက်ကာ သွေးထိုးလှုံ့ဆော်ပေးခြင်းဖြင့် ထိုနိုင်ငံ၏ အနာဂတ်သည် နှစ်ပေါင်းများစွာကြာအောင် ပြန်လည်တည်ဆောက်၍မရဘဲ ဝေဝါးပျက်စီးသွားမည်သာဖြစ်သည်။ တိုင်းပြည်၏ အဓိကစွမ်းအားစုများဖြစ်သည့်လူငယ်ထုများကို အင်အားချည့်နဲ့သွားအောင်ဆောင်ရွက်နိုင်ခြင်းဖြင့် ထိုနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဟန့်တားထိန်းချုပ်ထားနိုင်မည်ကိုသိကြသူများက နည်းပညာခေတ်တွင် အွန်လိုင်းကိုအသုံးပြု၍ လူငယ်များကြား မဟုတ်မမှန်လုပ်ကြံဖန်တီးသည့် သွေးထိုးလှုံ့ဆော်သတင်းများကို ဖြန့်ဝေနေကြသည်။ အစိုးရနှင့် လူငယ်ထုကြား နားလည်မှုလွဲမှားကာ လူငယ်များကို လမ်းမှားရောက်အောင် ဖန်တီးနေကြသူများ၏ရန်ကို သတိထားကြရန်လိုအပ်သည်။

**အာရှဒေသကို မွှေနေကြပြီ**

ကမ္ဘာကြီး၏ ဖွံ့ဖြိုးမှုဗဟိုချက်နှင့် ကမ္ဘာကြီးကို လွှမ်းမိုးချုပ်ကိုင်နိုင်မည့်စွမ်းအားစုသည် အာရှဒေသသို့ခြေဆန့်လာပြီဟု ပညာရှင်များကသုံးသပ်ကြသည်။

**❖ နိုင်ငံ၏ နိုင်ငံတော်ကာကွယ်ရေးစွမ်းအားစုတွင် လူငယ်ထု၏ ခွန်အားကို အကျိုးရှိရှိအသုံးချသွားနိုင်ရေးအတွက် ပြည်သူ့စစ်မှုထမ်းဥပဒေကလည်း အသက်ဝင်ခဲ့ပြီဖြစ်သည်။ အမျိုးဘာသာသာသနာကို ထိန်းသိမ်းစောင့်ရှောက်လိုသည့် မျိုးချစ်စိတ်ဓာတ်အပြည့်ရှိသော လူငယ်များကလည်း ပြည်သူ့စစ်မှုထမ်းသင်တန်းများ အောင်မြင်ပြီးမြောက်၍ နိုင်ငံတော်၏တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကာ နိုင်ငံတော်ကာကွယ်ရေးစွမ်းအားကို ဖြည့်တင်းပေးနေကြပြီဖြစ်သည်။ ❖**

လတ်တလောတွင် အာရှဒေသနိုင်ငံတချို့၌ ထိလွယ်ရှလွယ်သော အသက်အုပ်စုအပိုင်းအခြားများကို ပိုင်ဆိုင်ထားကြသည့် မျိုးဆက်သစ်လူငယ်များကို သွေးထိုးလှုံ့ဆော်၍ တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် ဖန်တီးပုံဖော်နေမှုကြောင့် ပဋိပက္ခများကို ရင်ဆိုင်နေကြရသည်။ မိမိနိုင်ငံ၏ ပြည်တွင်းရေးကို မိမိတို့ပြည်သူနှင့် အစိုးရတို့ကြားစေ့စပ်ညှိနှိုင်းခြင်းနည်းလမ်းဖြင့် ဖြေရှင်းသွားကြရမည့်အချိန်တွင် တစ်ပါးသူများ၏ သွေးထိုးလှုံ့ဆော်မှုများပါဝင်လာသည့်အခါ တိုင်းပြည် ကမောက်ကမဖြစ်နေသည်ကိုလည်း တွေ့ရသည်။

မျိုးဆက်သစ်လူငယ်များအနေဖြင့် မိမိနိုင်ငံ၏ ပြည်တွင်းရေးပကတိအခြေအနေမှန်ကို ကိုယ်ပိုင်ဆင်ခြင်တုံတရားဖြင့် နားလည်လက်ခံသိရှိထားရန် လိုအပ်သည်။ မြန်မာနိုင်ငံသည် နေခြည်အလာတွင် လှပဝေဆာစွာဖူးပွင့်နေသည့် ပန်းကလေးတစ်ပွင့်နှင့် အလားသဏ္ဍာန်တူသည်။ လန်းဆန်းကာပွင့်လန်းနေသည့်တော်ဝင်ပန်းကလေးကို ထာဝရတည်တံ့မွေးပျံ့နေစေရေးအတွက် ပိုးမွှားရန်အန္တရာယ်အမျိုးမျိုးမှကာကွယ်ပေးကြရမည်မှာ မိမိတို့ မျိုးဆက်သစ်လူငယ်များ၏ အဓိကတာဝန်ပင်ဖြစ်သည်။ လေနီကြမ်းနှင့်တူသော ပြင်ပရန်စွယ်ကို မိမိတို့မျိုးဆက်သစ်လူငယ်များက လက်တွဲကာကွယ်တိုက်ထုတ်သွားကြရန်လိုအပ်သည်။ နိုင်ငံနှင့် လူမျိုးအကျိုးအတွက် မိမိတို့၏နံရိုးကိုပင် စည်းရိုးထိုး၍ကာကွယ်လိုသည့် မြန်မာ့သားကောင်းအာဇာနည်စိတ်ဓာတ်များကို မွေးမြူထားရမည့်ကာလပင်ဖြစ်သည်။

**မြန်မာဆိုတာ**

မြန်မာဆိုသည်မှာ "မြန်ဆန်သွက်လက်ပြီး တည်ကြည်ခိုင်မာသောစိတ်ဓာတ်တို့ကို ပိုင်ဆိုင်ထားကြသူများ"ဟု ကမ္ဘာက အသိအမှတ်ပြုထားရသူများဖြစ်သည်။ "သတ္တိရှိခြင်း၊ ဖွဲ၊ လုံ့လ၊ ဝီရိယကြီးခြင်း၊ စိတ်ရှည်ခြင်း၊ သည်းခံခြင်း၊ ခွင့်လွှတ်တတ်ခြင်း၊ အမုန်းရန်ငြိုးထားကာ လက်စားချေတတ်သူများမဟုတ်ခြင်း၊ အမျိုးကိုစောင့်ရှောက်ခြင်း၊ အမျိုးကိုချစ်ခြင်း၊ ကိုယ်ကျင့်သိက္ခာကောင်းမွန်ခြင်း၊ မိသားစုစိတ်ဓာတ်ရှိခြင်း၊ ကျေးဇူးသိတတ်ခြင်း၊ ပူးပေါင်းဆောင်ရွက်တတ်ခြင်းနှင့် မျိုးချစ်စိတ်ဓာတ်ရှိခြင်း"စသည့် အမျိုးသားစရိုက်လက္ခဏာများကို ပိုင်ဆိုင်ထားကြသူများဖြစ်သည်။ တစ်ပါးသူများကို ရန်စစော်ကား၍ ရန်လိုတတ်သောလူမျိုးများမဟုတ်ကြသော်လည်း မိမိနိုင်ငံနှင့်မိမိလူမျိုးကို ထိပါးစော်ကားလာမည်ဆိုပါက ခေါင်းငုံ့ခံတတ်ကြသူများမဟုတ်ပေ။

လက်ရှိ နိုင်ငံတော်အစိုးရအနေဖြင့် စစ်ရေးနှင့် စီးပွားရေးအင်အားကို ပိုမိုအားကောင်းလာစေရေးအတွက် စနစ်တကျကြိုးစားတည်ဆောက်နေသည့်အချိန်ဖြစ်သဖြင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် ရှိရင်းစွဲအမျိုးသားစရိုက်လက္ခဏာများကို ထိန်းသိမ်းကာ အမျိုးဘာသာသာသနာကို ထိန်းသိမ်းကြရမည့်ကာလပင်ဖြစ်သည်။ မိမိတို့၏ အမျိုးသားစရိုက်လက္ခဏာများကို ထိန်းသိမ်းစောင့်ရှောက်သောနိုင်ငံများသည် အခွန့်ရှည်တည်တံ့ခိုင်မြဲပြီး ဂုဏ်ယူဝင့်ကြွားဖွယ်ရာဝိသေသလက္ခဏာများဖြင့် ဖွံ့ဖြိုးတိုးတက်မှုများကို ပိုင်ဆိုင်ထားနိုင်ကြသည်။ နိုင်ငံ၏ နိုင်ငံတော်ကာကွယ်ရေးစွမ်းအားစုတွင် လူငယ်ထု၏ခွန်အားကို အကျိုးရှိရှိအသုံးချသွားနိုင်ရေးအတွက် ပြည်သူ့စစ်မှုထမ်းဥပဒေကလည်း အသက်ဝင်ခဲ့ပြီဖြစ်သည်။ အမျိုးဘာသာ သာသနာကို ထိန်းသိမ်းစောင့်ရှောက်လိုသည့် မျိုးချစ်စိတ်ဓာတ်အပြည့်ရှိသော လူငယ်များကလည်း ပြည်သူ့စစ်မှုထမ်းသင်တန်းများအောင်မြင်ပြီးမြောက်၍ နိုင်ငံတော်၏တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကာ နိုင်ငံတော်ကာကွယ်ရေးစွမ်းအားကို ဖြည့်တင်းပေးနေကြပြီဖြစ်သည်။

**ကြိုးစားကြဖို့လိုလေပြီ**

မြန်မာနိုင်ငံကိုစစ်ရေးဖြင့် ကျူးကျော်ရန်စစော်ကားရန်မတတ်နိုင်ကြသည့်အခါ မသမာသူနိုင်ငံတချို့က အဖျက်အမှောင့်လုပ်ရပ်များကို အားပေးအားမြှောက်ပြုလုပ်ကာ ပြည်တွင်းပဋိပက္ခများကို ဖန်တီးရန်ကြိုးစားလာကြသည်။ စီးပွားရေးပိတ်ဆို့ကာ ဖွံ့ဖြိုးမှုကိုဟန့်တားနေကြသည့်နိုင်ငံများကလည်း ရှိနေကြပြန်သည်။ "မြရွှေဂူပတ္တမြားကိုလဝက်များကပြူစူစွာ ညွန်လူးကာတိုက်နဲ့။ ပွတ်လေလေ ဂူရွှေမှာအရောင်ထွက်တယ်၊ ရေးကထက်ကဲ" ဆိုသကဲ့သို့ပင် မြန်မာနိုင်ငံသည်ကား မည်မျှပင်ထိုးနှက်တိုက်ခိုက်စေကာမူ တိုးတက်မှုအရှိန်အဟုန်ကို ထိန်းသိမ်းထားနိုင်သည်။ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့တွင်သာတာဝန်ရှိပြီး ကျရာနေရာ၊ ကျရာအခန်းကဏ္ဍမှ ကြိုးစားဆောင်ရွက်ကြရန် လိုအပ်သည်။

ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းပေါ်၌ လျှောက်လှမ်းနေသည့်အချိန်တွင် မနာလိုမုန်းထားသူများ၏သွေးထိုးစကားများကိုလည်း နားမယောင်ကြရန် အရေးကြီးသည်။ "မြန်မာ့မြေကိုချစ်သောစိတ်၊ မြန်မာ့မြေကိုသာယာလှပစေလိုသောစိတ်၊ မြန်မာ့မြေကိုကာကွယ်လိုသောစိတ်"တို့ ထားရှိကြရန် လိုအပ်သည်။ တိုးတက်နေသောနိုင်ငံများကို အားကျနေရုံဖြင့် မြန်မာနိုင်ငံတိုးတက်လာမည်မဟုတ်ပေ။ မိမိနိုင်ငံကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်၍ ဟန်ချက်ညီသောရေရှည်ဖွံ့ဖြိုးတိုးတက်မှုကိုရရှိကာ ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်သည့်ဘဝသို့ ရောက်ရှိစေရေး မျိုးဆက်သစ်လူငယ်များအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးက ကြိုးစားအားထုတ်ကြရမည့်အချိန်ပင်ဖြစ်သည်။ တိုးတက်သည့်နိုင်ငံများမှ နည်းပညာကအစပြု၍ ပညာရပ်ပေါင်းစုံကို လေ့လာအတုယူ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးချကြရမည်မှာ မျိုးဆက်သစ်လူငယ်များ၏ တာဝန်ပင်ဖြစ်သည်။

**အစစအရာရာသာသည့်မြေ**

ကဗျာဆရာငွေတာရီ၏ သာသည့်မြေသို့ ကဗျာလေးကိုအမှတ်ရမိသည်။ မျိုးဆက်သစ်လူငယ်များအနေဖြင့် အခြားနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အားကျကာ ထိုနိုင်ငံများတွင် ခိုဝင်စိတ်များဖြစ်ပေါ်နေမည်ဆိုပါက ဖျောက်ဖျက်ပစ်ကြရန် တိုက်တွန်းထားသည်။ မြန်မာ့မြေသည် သူတကာထက်သာသည့် အစစအရာရာလှပသာယာနေသည့်မြေပင်ဖြစ်သည်။ မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ကိုယ်တိုင် အားသွန်ခွန်စိုက်ကြိုးစား၍ အခြားနိုင်ငံများထက် သာလွန်တိုးတက်အောင် ဖန်တီးသင့်သည်ကို "ငှါခြံမြေဥယျာဉ်နန်းဟာလဲ လှလေသည်သာစခန်းပေပေ့၊ စိတ်ပန်းကိုသည်လိုဖြေလို့၊ ကျက်သရေတက်နေဝင့်အောင်လ၊ ငှါခြံမြေအခြေမြှင့်ချင်ငဲ့၊ သူ့မြေမှာဖြူပြာပွင့်ရင်ဖြင့် ငှါမြေမှာနီဝါတင့်ရမပေ့ါ" ဟု တိုက်တွန်းရေးသားထားသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းအသက်ဝင်ပြီး နိုင်ငံတော်ကာကွယ်ရေးစွမ်းအားကို လူငယ်များ၏ ခွန်အားဖြင့် ဖြည့်တင်းသွားကြရန် ကြိုးစားဆောင်ရွက်နေသည့် ယခုအချိန်တွင် လူငယ်များအနေဖြင့် တိုးတက်သည့်နိုင်ငံများကိုကြည့်ကာ အားကျရုံမျှဖြင့် မပြီးပေ။ ကဗျာဆရာငွေတာရီ တိုက်တွန်းသကဲ့သို့ပင် "သူ့မြေမှာဖြူပြာပွင့်ရင်ဖြင့် ငှါမြေမှာနီဝါတင့်ရမပေ့ါ" ဆိုသည့် စိတ်ဓာတ်မျိုးထားရှိကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုသည်။ မြန်မာတို့သည် သွေးကြောင်သွေးနည်း၍ အားငယ်စိတ်လွှန်ကဲကြသူများမဟုတ်ပေ။ အခက်အခဲနှင့်စိန်ခေါ်မှုတိုင်းကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်ကြသူများသာဖြစ်သည်ကို ပြည်သူ့စစ်မှုထမ်းသင်တန်းတက်ရောက်၍ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုထမ်းဆောင်နေကြသည့် လူငယ်များက သက်သေပြနေခြင်းပင်ဖြစ်သည်။ ယနေ့လူငယ်များ၏ နိုင်ငံတော်ကာကွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေကြခြင်းသည် လူငယ်များ၏ ရွှေရောင်လက်များဖြင့် မြန်မာ့အနာဂတ်ကို ဘက်စုံထောင့်စုံ ဟန်ချက်ညီသည့် ရေရှည်ဖွံ့ဖြိုးတိုးတက်ခြင်းကို ဖန်တီးနေကြခြင်းပင်ဖြစ်သဖြင့် ရွှေရောင်လက်ပိုင်ရှင်များကိုဂုဏ်ပြုကြရမည်မှာ နိုင်ငံသားတိုင်း၏ တာဝန်တစ်ရပ်ပင်ဖြစ်ပေသည်။

**ကိုးကား**

**- နေ့စဉ်ထုတ်သတင်းစာများ**

# တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၁၈၉ ဧက စိုက်ပျိုးသွားမည်



ယခင်နှစ်က ခရမ်းချဉ်စိုက်ခင်းကို တွေ့ရစဉ်။

**တမူး စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၁၈၉ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း တမူးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။

တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ၁၁၈၉ ဧက၊ တမူးမြို့နယ်တွင် ဧက ၁၅၀၀၊ ခါမ်းပါတ်မြို့တွင် ဧက ၁၅၀၀ စုစုပေါင်း ၄၁၈၉ ဧကဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ တမူးခရိုင်အတွင်း ဟင်းသီးဟင်းရွက်ဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးဖို့ ဆောင်ရွက်ပေးသွားမယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းချဉ် စတဲ့သီးနှံတွေ စိုက်ပျိုးမှာဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးသွားမယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

တမူးခရိုင်တွင် ယခုနှစ် ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်၊ စိုက်နည်းစနစ်မှန်ကန်ရန်၊ ပိုးမွှားကျရောက်မှု ကင်းစင်ရန်၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးပြုလုပ် သုံးစွဲရန် အသိပညာပေးသွားမည်ဖြစ်ကြောင်း၊ တမူးခရိုင်တွင် နှစ်စဉ်ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံစိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးကြသော ဟင်းသီးဟင်းရွက်သီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး မိသားစု ဝင်ငွေရရှိကြောင်း သိရသည်။

(၂၀၆)

# သာစည်မြို့နယ် ဖျောက်ဆိပ်ကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု ကွင်းဆင်းစစ်ဆေး

**သာစည် စက်တင်ဘာ ၃၀**


မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ဇီးတောအိုင်ကျေးရွာအုပ်စု ဖျောက်ဆိပ်ကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ဖျောက်ဆိပ်ကုန်းကျေးရွာ၌ အရှည်ပေ ၆၆၀၊ အကျယ် ၁၂ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ဖျောက်ဆိပ်ကုန်းကျေးရွာ၌ အဆိုပါကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၅၇ ဒသမ ၅ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးကူညီကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လ တတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။ **ဟိန်းထက်စိုး (မလှိုင်)**

# ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်









## ရေဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ၊

(ခ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း (သို့)မြေမြှုပ်ခြင်းများ ပြုလုပ်ပါ၊

(ဂ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့အကြောင်းကြားပြီး ကူညီရှင်းလင်းပါ၊

(ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ၊

(င) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ၊

(စ) သက်ဆိုင်ရာ အစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်းမဟုတ်သည့် ကောလာဟလသတင်းများကို မယုံပါနှင့်၊

(ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊

(ဇ) ရေစိုပြီး အနံ့အသက်မကောင်းသော အစားအစာများ မစားပါနှင့်၊

(ဈ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇- ၃၄၀ ၄၇၇၇ တို့သို့ဆက်သွယ်၍ အကူညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာထားသည်။

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချော၊ အမှတ်(၃)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်-(၅၅၈/အုန်းချောတောင်)၊ ဦးပိုင်အမှတ်-(၁၂၇/၇)၊ မြေဧရိယာ-(၀.၀၂၉)ဧကရှိ ဒေါ်အေးအေးဖြူအမည်ပေါက်(ဂရန်)မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ်အိမ်(၁)လုံး၊ လျှပ်စစ်မီတာ၊ ရေတွင်းအပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ မြေပေါ်-မြေအောက် နေထိုင်ပိုင်ဆိုင်အသုံးချ အကျိုးခံစားခွင့်၊ အခွင့်အရေးအရပ်ရပ် အားလုံးတို့ကို လက်ရှိပိုင်ဆိုင်၊ ရောင်းချပိုင်ခွင့်ရှိသည်ဟုအဆိုပြုသူ ဦးကျော်နိုင်ဦး (ဘ) ဦးမောင်မောင်စိန် (၉/ပသက(နိုင်)၀၆၁၂၇၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ဌေးမြင့် (ဘ) ဦးအောင်မြင့် (၉/ပမန(နိုင်)၀၀၀၇၇၅)မှ အပြီးအပိုင်ဝယ်ယူရန်သဘောတူညီပြီး အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေများ၏ တစ်စိတ်တစ်ဒေသကို ရောင်းကြေးစရန်ငွေများအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုပြ စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | | |
|---|---|---|
| ဦးထွန်းထွန်းထိုက် | ဒေါ်မာလာစိုး | ဦးဇော်ဦး |
| (LL.B,D.B.L.D.I.L) | (LL.B,LL.M,D.B.L) | (LL.B) |
| (စဥ်-၉၈၃၆/၁၄) | (စဥ်-၁၀၃၆၅/၁၅) | (စဥ်-၁၉၀၁၂/၂၃) |

(တရားလွှတ်တော်ရှေ့နေများ)

အမှတ်-၇၆၃၊(၁၅)ရပ်ကွက်၊ထုံးဘို-မြစ်ငယ်လမ်းသစ်၊ပုသိမ်ကြီးမြို့နယ်၊မန္တလေးမြို့။
ဖုန်း-၀၉-၅၃၄၂၅၄၅၊ ၀၉-၂၀၆၄၃၃၅)

## ပျောက်ဆုံးကြောင်း

ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်(၇၄၄)နေ ဒေါ်လှရီ (ခ) ယာအင်ခမ်း (ဘ) ဦးထမ်းဆိုင် (၁/မကတ(နိုင်)၀၀၆၆၃၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉- ၂၀၀၃၂၈၀

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အထက(ခွဲ)၊ လ-၂၄၊ Grade-5(B) တွင် ပညာသင်ကြားနေသော မမြတ်လင်းခိုင် ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစိုးဝင်း ဖြစ်ပါကြောင်း။

ဦးစိုးဝင်း

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**အဖိုးတန် ရေချိုကို ချွေတာပါ**

❖ **လူငယ်များ၏ စူးစမ်းလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်၊ ကျိုးကြောင်းဆီလျော်စွာ စဉ်းစားဝေဖန်ပိုင်းခြားနိုင်စိတ်၊ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်များ ရှင်သန်ကိန်းအောင်းလာစေရန် ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ ဥပဒေကို သိရှိလေးစားလိုက်နာတတ်ရန်နှင့် ကျင့်ဝတ်သိက္ခာပြည့်ဝပြီး လူမှုတာဝန်များကို ကျေပွန်စွာ ပြုမူနေထိုင်တတ်စေရန်လည်း လမ်းပြသွန်သင်ပေးသွားကြရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဧပြီ ၂၆ ရက်တွင် ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံဩဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်



နေပြည်တော် စက်တင်ဘာ ၃၀

၂၀၂၄ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာအားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်း၊ ရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

၂၀၂၄ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများဖြစ်သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) ကရာတေးပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဗိုလ်လုပွဲ ပွဲစဉ်များကစားကြပြီး **စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

၂၀၂၄ ခုနှစ်
တပ်မတော်(ကြည်း၊ ရေ၊ လေ)
အားကစားပြိုင်ပွဲများ
ပြိုင်ပွဲအမျိုးအစားအလိုက်
ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**၂၀၂၄ ခုနှစ် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ** စာမျက်နှာ- ၁၇

**ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့်နေရာများတွင် လိုအပ်သည့် သန့်ရှင်းရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း** စာမျက်နှာ- ၂၃

**သက်ကြီးပုဂ္ဂိုလ်များ ဂုဏ်သိက္ခာရှိစွာ ရပ်တည်ရေး ကမ္ဘာအနှံ့ဘက်စုံပြုပြင်စောင့်ရှောက်ပေး** ဆောင်းပါး စာမျက်နှာ- ၁၀

## အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတိုက်ဖျက်ရေးအတွက် မြန်မာ-တရုတ် နှစ်နိုင်ငံ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများကြား သတင်းဖလှယ်ဆောင်ရွက်၍ ဖော်ထုတ်ဖမ်းဆီးရမိသည့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းလုပ်ကိုင်သူ တရုတ်နိုင်ငံသား တရားခံ ၃၁၃ ဦးကို လွှဲပြောင်းပေးအပ်

နေပြည်တော် စက်တင်ဘာ ၃၀

မြန်မာ-တရုတ် နှစ်နိုင်ငံကြား တရားဥပဒေစိုးမိုးရေးနှင့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ တိုက်ဖျက်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တရုတ်နိုင်ငံပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာနတို့ကြား သတင်းဖလှယ်မှုများ ဆောင်ရွက်၍ တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာနတို့ သတင်းဖလှယ်ပူးပေါင်းဆောင်ရွက်၍ ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း မူဆယ်မြို့ပေါ်တွင် အွန်လိုင်းလိမ်လည်မှု (ကျားဖြန့်)လုပ်ငန်းများ လုပ်ကိုင်လျက်ရှိသော ဒုစရိုက်သမားများကို ဖော်ထုတ်ဖမ်းဆီးခဲ့ရာ တရုတ်နိုင်ငံသား တရားခံပြေး ၄၅ ဦးပါ တရုတ်နိုင်ငံသားစုစုပေါင်း ၃၁၃ ဦးနှင့် မြန်မာနိုင်ငံသား တရားခံ ၅၅၇ ဦး စုစုပေါင်းတရားခံဦးရေ ၈၇၀ တို့နှင့် **စာမျက်နှာ ၂၂ ကော်လံ ၁ ❖**


**MYAWADDY TRADING LIMITED**





ပို့ကုန် — လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် — စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ ဓာတ်မြေဩဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257